ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လကွယ် ကြာသပတေးနေ့။ Thursday, 25 May 2017 (၈၉၃၅)

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုပါ၏




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဖွင့်အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုစိတ်ဓာတ်၊ ဂုဏ်သိက္ခာရှိတဲ့အနာဂတ်ကို ရယူပိုင်စိုးမယ်ဆိုတဲ့ ယုံကြည်မှုတွေနဲ့ အားလုံးရင်ဆိုင်ကျော်လွှားသွားမယ်ဆိုရင် နိုင်ငံရဲ့အောင်မြင်မှုသာမက ကမ္ဘာ့အောင်မြင်မှုဖြစ်လာ

နေပြည်တော် မေ ၂၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်သားအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

NCA လက်မှတ်ရေးထိုးထားသည့် နိုင်ငံရေးပါတီများအပြင် NCA လက်မှတ်မရေးထိုးရသေးသည့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ၊ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSP/UWSA)၊ ရက္ခိုင့်တပ်မတော်(AA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်(NDAA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်(SSPP/SSA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော်(KIO/KIA)တို့မှ ကိုယ်စားလှယ်များ တက်ရောက်။

KBZ BANK
STRENGTH OF MYANMAR
သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)

Union Peace Conference - 21st Century Panglong (Second Session)

၂၄ - ၅ - ၂၀၁၇ နေပြည်တော်

Union Peace Conference - 21st Century Panglong - second session

ကြေးမုံ

## ပင်လုံ၏ ပေါင်းစည်းမှုစွမ်းအား

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး စတင်နေပြီ။ ပင်လုံသည် ပေါင်းစည်းမှုစွမ်းအားကို ဖော်ကျူးထားသည်။ ပထမပင်လုံ၏ပေါင်းစည်းမှုစွမ်းအားကြောင့် လွတ်လပ်သောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပေါ်ထွန်းခဲ့သည်။ ဒုတိယပင်လုံ၏ ပေါင်းစည်းတည်ဆောက်မှုစွမ်းအားဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မည်ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အစိုးရသစ်တာဝန်ယူပြီး ခြောက်လတစ်ကြိမ်ကျင်းပရန် စီစဉ်ခဲ့ရာ တစ်နှစ်တာကာလကျော်လွန်ပြီး ယခုဒုတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။ အားလုံးလက်ခံနိုင်သည့် နိုင်ငံရေးရလဒ်ပေါ်ထွက်လာရန် ဆောင်ရွက်မည်ဟု ထုတ်ဖော်ပြောကြားထားသည့် (၂၁)ရာစုပင်လုံတွင် မျှော်မှန်းထားသည့်ရလဒ်များမှာ ပေါင်းစည်းမှုစွမ်းအားများအပေါ်မူတည်၍ ပေါ်ထွက်လာပေလိမ့်မည်။

ပြည်တွင်းသာမက နိုင်ငံတကာကပါ စိတ်ဝင်တစားစောင့်ကြည့်နေသည့် (၂၁)ရာစုပင်လုံအစည်းအဝေးတွင် ရလဒ်ကောင်းများပေါ်ထွက်လာအောင် ပေါင်းစည်းမှုစွမ်းအားများကို ထုတ်ဖော်ပြသကြရမည်ဖြစ်သည်။ ဒုတိယအစည်းအဝေးတွင် ယခင်အစည်းအဝေးကဲ့သို့ပင် အစုအဖွဲ့ခုနစ်ဖွဲ့ဖြင့် ဆွေးနွေးနေသည်။ အစိုးရနှင့် လွှတ်တော်မှ ၇၅ ဦး၊ တပ်မတော်မှ ၁၅၀၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ၁၅၀၊ နိုင်ငံရေးပါတီမှ ၁၅၀၊ တိုင်းရင်းသားအစုအဖွဲ့မှ ၅၀ နှင့် ပါဝင်သင့်ပါဝင်ထိုက်သူမှ ၅၀ ဦးတို့ဖြင့် စုံစုံညီညီတက်ရောက်ကြသည်။

ထိုသို့ စုံစုံညီညီတက်ရောက်နိုင်ခြင်းသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မော်ကွန်းထိုးနိုင်မည့် အခွင့်ကောင်းတစ်ခုကို ရရှိလိုက်ခြင်းဖြစ်သည်။ တိုင်းပြည်အတွက် နှစ်ပေါင်းများစွာ မျှော်လင့်ချက်ဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးမှာ ယနေ့အချိန်အခါတွင် အကောင်းဆုံးဖြစ်နေသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စိတ်အလိုမကျတိုင်း ပဋိပက္ခဖြစ်နေမည်ဆိုလျှင် မည်သည့်အခါမျှ ငြိမ်းချမ်းနိုင်မည်မဟုတ်ချေ။

မတူကွဲပြားသော မိမိတို့အမြင်များကို ယခုလို အမြင်မတူသူများ တစုတဝေးတည်း ဆုံစည်းရသည့် ဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ကြကာ ဘုံရည်မှန်းချက်ကိုရောက်အောင် လျှောက်လှမ်းနိုင်မည်ဆိုပါက မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်သို့ မလွဲဧကန်ရောက်ရှိနိုင်မည်ဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေးခရီးမှာ မနီးသေးချေ။ ငြိမ်းချမ်းရေးနှင့်အလှမ်းဝေးနေသည်မှာ မိမိတို့၏ မတူကွဲပြားသောဆန္ဒများကြောင့်ဟုဆိုပါလျှင် ၎င်းခရီးကို ယခုအချိန်တွင် အနီးလေးဖန်တီးပေးနိုင်ပါလိမ့်မည်။

ယခုဖြစ်စဉ်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဖြစ်ရသည့်ဖြစ်စဉ်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများမှာ ရှေးနှစ်ပေါင်းများစွာကတည်းကပင် အမိမြန်မာနိုင်ငံအတွင်း အတူတကွနေထိုင်လာကြသူများဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် အထင်အမြင်လွဲမှားမှု၊ နားလည်မှုလွဲမှားမှု၊ ယုံကြည်ချက်ကွဲလွဲမှုများမှတစ်ဆင့် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါလျှင် ဦးစွာ လက်နက်ကိုင်ပဋိပက္ခများကို ရပ်ဆိုင်းထားရမည်သာဖြစ်သည်။ ယင်းအချက်ကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ငြိမ်းချမ်းရေးခရီးတစ်ဝက်ရောက်နိုင်ပေသည်။ NCA ဟူသည့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ကျန်ရှိသည့်အဖွဲ့အစည်းများ ဆက်လက်ရေးထိုးခြင်းကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာရယူနိုင်ပေသည်။

ယခု အကောင်အထည်ဖော်ဆောင်ရွက်နေသော NCA သဘောတူစာချုပ်ကို အားလုံးလက်ခံနိုင်သော အယူအဆပေါ်တွင်မူတည်၍ ချမှတ်ထားခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာရှိသည့် သဘောတူညီချက်၊ စိတ်ချယုံကြည်မှုရှိသော အာမခံချက်ရှိပြီးဖြစ်သည်။ ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရာတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ယုံကြည်မှုရှိရန် အလွန်အရေးကြီးပြီး ထိုယုံကြည်မှုသည်ပင် ငြိမ်းချမ်းရေးလုပ်ငန်း အောင်မြင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်သည်။

ယုံကြည်မှု၏ဆန့်ကျင်ဘက်မှာ သံသယဖြစ်ပြီး ထိုသံသယမှာ ငြိမ်းချမ်းရေးအတွက် ကြီးမားသောအနှောင့်အယှက်ဖြစ်သည်။ ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုလျှင် အရာအားလုံးကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းမည်ဆိုသည့်စိတ်ကိုမွေးမြူကာ သံသယဖျောက်ကြရမည်ဖြစ်သည်။ NCA သည် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ NCA တွင် အားလုံးအတွက် ယုံကြည်စိတ်ချနိုင်လောက်သည့် အာမခံချက်များပါရှိပြီးသားဖြစ်၍ ဆောင်ရွက်သင့်သည်များကို ရဲရဲရင့်ရင့်၊ ယုံယုံကြည်ကြည်လုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးခရီး ဖြောင့်ဖြူးစေရန် ဆန္ဒပြုလိုက်ပါသည်။ ။

## ပုပ္ပားကုန်းရပ်ကွက်သို့ ပြောင်းရွှေ့လာသည့်အိမ်ထောင်စုများအား အခြေခံစားကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၄**

နေပြည်တော် ဇေယျာသီရိမြို့နယ် လွဲကြီးကျေးရွာမှ ပုပ္ပားကုန်းရပ်ကွက်သို့ ပြောင်းရွှေ့နေရာချထားပေးသည့် အိမ်ခြေ ၅၁ အိမ်မှ လူဦးရေ ၂၃၉ ဦးတို့စားသောက်ရေး အဆင်ပြေစေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အခြေခံစားကုန်လေးမျိုး (ဆန်၊ ဆီ၊ ပဲ၊ ဆား)တို့အား ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါပုပ္ပားကုန်းရပ်ကွက် ယာယီမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်အမှာစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက ပြောင်းရွှေ့နေအိမ်များ ဆောက်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယနေ့အခမ်းအနားတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ပြောင်းရွှေ့အိမ်ခြေ ၅၁ အိမ်အတွက် တစ်အိမ်ထောင်လျှင် ဆန် တစ်အိတ်၊ ဆီ နှစ်ပိဿာ၊ ကုလားပဲ ငါးပိဿာ၊ ဆား နှစ်ပိဿာနှုန်းဖြင့် စုစုပေါင်း ဆန် ၅၁ အိတ်၊ ဆီ ၁၀၂ ပိဿာ၊ ကုလားပဲ ၂၅၅ ပိဿာ၊ အိမ်သုံးဆား ၁၀၂ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး 'လှိုင်'သောက်ရေသန့်စက်ရုံမှ ၂၀ လီတာဆံ့ ရေသန့်ဘူးကြီး ၅၄ ဘူးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ထောက်ပံ့ပစ္စည်းများကိုလည်း တစ်အိမ်ချင်း အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(၁၀၇)




## ၂၁ ရာစု ပင်လုံ

❖ တို့ညီနောင်ချင်း စစ်ခင်းတာ
စိတ်ဝမ်းကွဲလို့ပါ။
❖ သူတစ်လူ ငါတစ်မင်း
မှန်တယ် ငြင်း။
❖ ဆွေမျိုးရင်းချာ အာဃာဆုံး
နယ်ချဲ့ တပြုံးပြုံး။
❖ ဆုံးရှုံးခဲ့တဲ့ အသက်တွေ
မနည်းမနောပေ။
❖ သယံဇာတတွေ ပျက်ကာသုဉ်း
ဘေးလူ ဝမ်းမြောက်ပြုံး။
❖ လက်ရုံးအားကိုး ဉာဏ်မကူ
မာနတလူလူ။
❖ ဘယ်သူကောင်းလည်း ဒီစစ်ပွဲ
နစ်ဖက် ငရဲပဲ။
❖ မဆုံးဖြစ်ဆဲ စစ်ပွဲတွေ
ရပ်ကြပါတော့ပေ။
❖ တို့တစ်တွေ ညီအစ်ကိုများ
တွေ့ဆုံညှိနှိုင်းသွား။
❖ ဆွေးနွေးစားပွဲ တို့တွေထိုင်
မျက်လုံးချင်း ရင်ဆိုင်
လက်နက်မကိုင် ဆွေးနွေးကြ
ပင်လုံစိတ်ဓာတ်ဗျ။
အောင်ရမည်ခင်ဗျ အောင်မည်ဗျ။

**ဒေါက်တာအေးမင်း**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၄**

ရန်ကုန်(ရွှေဈေး) ၉၀၃၅၀၀ - ၉၀၃၅၀၀ မန္တလေး(ရွှေဈေး) ၉၀၃၅၀၀ - ၉၀၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၀/၇၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၄၀/၇၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၈/၆၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၅/၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၂၇. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၈. ၁၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၆၁၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၁၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၃၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၁၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၉. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၁. ၃၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**❂ ရွှေဖုံးမှ**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် ချင်းအမျိုးသားတပ်ဦး (CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)(KNU/KNLA )(PC)၊ ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော်(DKBA)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့မှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်မရေးထိုးရသေးသည့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ၊“ဝ” ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA)၊ ရက္ခိုင့်တပ်မတော်(AA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော်(KIO/KIA)တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်အမှာစကားကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ နိုင်ငံရေးပါတီများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေးတို့က အမှာစကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြေညီထပ်၌ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ အစိုးရနှင့် လွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ တပ်မတော်အရာရှိကြီးများနှင့်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်း CSO များမှ လေ့လာသူများနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ဖွင့်ပွဲသို့ တက်ရောက်လာကြသူများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား တွေ့ရစဉ်။**

# စည်းလုံးမှု၊ မျှဝေနားလည်မှု၊ ညီညွတ်မှုနဲ့ ပင်လုံစိတ်ဓာတ်ကို အခြေခံပြီး ဒီခရီးရှည်ကြီးမှာ ကြုံတွေ့လာရမယ့် စိန်ခေါ်မှုတွေကိုကျော်လွှားနိုင်ဖို့ ကြိုးပမ်း

နေပြည်တော် မေ ၂၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အဖွင့်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

လေးစားအပ်ပါသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို တက်ရောက်လာကြတဲ့ အထူးဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်ကြီးများ၊ လေ့လာသူများနဲ့ ဧည့်သည်တော်များရှင့်-

အားလုံးပဲ ငြိမ်းချမ်းမှု မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခု ကျွန်မရှေ့က ဒီအစည်းအဝေးခန်းမကြီးမှာ တွေ့မြင်နေရတာကတော့ ကျွန်မတို့နိုင်ငံရဲ့ ရှေ့အလားအလာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးအိပ်မက်တည်ဆောက်နိုင်မယ့် အခြေခံအုတ်မြစ်တွေ အတူရှိနေကြတာ ဖြစ်ပါတယ်။

ဒီညီလာခံကြီးမှာ ပါဝင်တက်ရောက်ကြသူအားလုံးအနေနဲ့ ပြည်သူပြည်သားတွေ နှစ်ပေါင်းများစွာ မျှော်မှန်းခဲ့တဲ့၊ တန်ဖိုးထားခဲ့တဲ့ အိပ်မက်တွေ လက်တွေ့ အမှန်တကယ် ဖြစ်ပေါ်လာအောင် ဖန်တီးဖော်ဆောင်ပေးဖို့ တာဝန်ရှိသလို၊ ဖန်တီးဖော်ဆောင်ပေးနိုင်ခဲ့တယ်ဆိုတဲ့ ဂုဏ်ဒြပ်တွေကိုလည်း ရယူခွင့်ရှိနေပြီ ဖြစ်ပါတယ်။ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုဟာ ကျွန်မတို့နိုင်ငံကို တိုးတက်ခိုင်မာပြီး သာယာဝပြောတဲ့ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုကြီး၊ ကျွန်မတို့အားလုံး ခိုလှုံဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ ပြည်ထောင်စုကြီး ဖြစ်လာစေမှာ ဖြစ်ပါတယ်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဖွင့်အမှာစကား ပြောကြားစဉ်။**

### အောင်မြင်မှုဖြစ်လာ

လာမယ့်ရက်များအတွင်းမှာ အကြိတ်အနယ်ဆွေးနွေးမှုတွေ၊ အမြင်ချင်းဖလှယ်မှုတွေ၊ အငြင်းအခုန်တွေနဲ့ ခက်ခက်ခဲခဲ ဆုံးဖြတ်ချက်တွေကို တွေ့မြင်ကြရတော့မှာ ဖြစ်ပါတယ်။ ဒီညီလာခံကြီးဟာ မျှော်လင့်ချက်တွေနဲ့ စိုးရိမ်ပူပန်မှုတွေကို ဖော်ထုတ်နိုင်မယ့် ဖိုရမ်တစ်ခု ဖြစ်ပါလိမ့်မယ်။ အဲဒီလို အနေအထားကနေ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးမယ့်၊ စိုးရိမ်ပူပန်မှုတွေကို ဖယ်ရှားပေးမယ့် နည်းလမ်းတွေ၊ ဖြေရှင်းချက်တွေ ရှာဖွေတွေ့ရှိလာမှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုတွေထဲမှာ အကြီးမားဆုံးတစ်ခုဖြစ်တဲ့ ဒီစိန်ခေါ်မှုကို ပြည်ထောင်စုစိတ်ဓာတ်၊ ဂုဏ်သိက္ခာရှိတဲ့အနာဂတ်ကို ရယူပိုင်စိုးနိုင်မယ်ဆိုတဲ့ ယုံကြည်မှုတွေနဲ့ ကျွန်မတို့အားလုံး ရင်ဆိုင်ကျော်လွှားသွားမယ်ဆိုရင် ကျွန်မတို့ရဲ့ အောင်မြင်မှုဟာ ကျွန်မတို့နိုင်ငံရဲ့ အောင်မြင်မှုသာမက ငြိမ်းချမ်းရေးကို တောင့်တနေကြတဲ့၊ ခိုက်ရန်ဖြစ်ပွားမှုတွေထက် သဟဇာတဖြစ်မှုကို တန်ဖိုးထားကြတဲ့၊ ရန်ဘက်ဖြစ်ခြင်းထက် မိတ်ဖက်ဖြစ်ခြင်းကို တန်ဖိုးထားတဲ့၊ ပျက်စီးယိုယွင်းမှုတွေထက် သာယာဝပြောမှုကို လိုလားကြတဲ့ ကမ္ဘာ့ပြည်သူအားလုံးအတွက် အောင်မြင်မှုဖြစ်လာမှာဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးညီလာခံကြီးဟာ အခုဆိုရင် နိုင်ငံအတွက်၊ ပြည်သူအတွက် အရေးကြီးလှတဲ့ ဖက်ဒရယ်ဆိုင်ရာအခြေခံမူတွေကို ဆွေးနွေးနိုင်တဲ့အဆင့်ကို ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ အနှစ်နှစ်အလလ မျှော်လင့်ခဲ့ကြတဲ့ သမိုင်းတွင်မယ့်အခါသမယ၊ နိုင်ငံရေးဆွေးနွေးမှုသမိုင်းသစ်ကို ကျွန်မတို့အားလုံးအတူတကွ စတင်ဖွင့်လှစ်ကြတော့မှာ ဖြစ်ပါတယ်။

ဒီကနေ့ညီလာခံဖွင့်ပွဲအခမ်းအနားမှာ ကျွန်မအနေနဲ့ ပြည်ထောင်စုတစ်ဝန်းက ပြည်သူတွေကို အသိပေးပြောကြားလိုတဲ့ အဓိကရည်မှန်းချက် (၃)ရပ် ရှိပါတယ်။

### အလင်းရောင်ပေးစွမ်း

ပထမဆုံးအချက်ကတော့ ကျွန်မတို့ ဦးတည်လျှောက်လှမ်းနေတဲ့ ပန်းတိုင်ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့သမိုင်းကြောင်းမှာ ရှည်ကြာလှပြီဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဖြေရှင်းချက်ဟာ အားလုံးသဘောတူ လက်ခံနိုင်တဲ့ ဖက်ဒရယ်စနစ်ဖြစ်တယ်ဆိုတာကို အားလုံးနီးပါး လက်ခံထားကြပြီဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာတွေရဲ့ ဖြေရှင်းချက်ဖြစ်တဲ့ **"ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်လာရေး"**ဟာ ကျွန်မတို့ရဲ့ ပန်းတိုင်ဖြစ်ပါတယ်။ ဒီပန်းတိုင်ကို အရောက်လှမ်းနိုင်မှာလားဆိုတာကတော့ ဒီကနေ့ ကျွန်မတို့အားလုံးရဲ့ လက်ဝယ်မှာရှိနေပါတယ်။ ဒီတာဝန်ဟာ ကျွန်မတို့အားလုံးရဲ့ ပခုံးထက်မှာ ကျရောက်နေပါပြီ။ ဒါကိုရှောင်လွှဲဖို့၊ ဒါကိုရှောင်ဖယ်ဖို့၊ ဒါကိုနောက်တွန့်ဖို့ ဘယ်သူကမှ ဆန္ဒရှိလိမ့်မယ်လို့ မထင်ပါဘူး။ ငြိမ်းချမ်းရေးအတွက် ကျွန်မတို့ ပေးဆပ်ရတဲ့ စွမ်းအားတွေ၊ ယုံကြည်မှုတွေ၊ အလေးအမြတ်ထားရှိမှုတွေက ဒီနိုင်ငံ၊ ဒီပြည်ထောင်စုနဲ့ ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူတွေကို အလင်းရောင် ပေးစွမ်းနိုင်ပါလိမ့်မယ်။ ဒီအလင်းရောင် မှိန်ဖျော့လာမလား၊ ဒီအလင်းရောင် ပိုမိုပြီး တောက်ပလာမလားဆိုတာက ကမ္ဘာကြီးမှာ မြန်မာနိုင်ငံရဲ့နေရာကို ပြသလာပါလိမ့်မယ်။

အခုညီလာခံကြီးမှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ အခြေခံမူတွေကို ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုပေးရတော့မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ပထမအစည်းအဝေး) ရပ်နားပြီးနောက် ခြောက်လအကြာမှာ အခြေခံမူတွေ ထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ပြောင်းပြီး ကြည့်မြင်ကြပါ။ (၂၀)ရာစုပင်လုံစာချုပ်နဲ့ လွတ်လပ်ရေးရရှိခဲ့ပြီးတဲ့နောက်မှာ ပြည်တွင်းစစ်မီးလျှံတွေ တဟုန်းဟုန်းတောက်လောင်ခဲ့ပါတယ်။ နှစ်ပေါင်း (၇၀)လောက် ကြာရှည်ခဲ့ပြီဖြစ်တဲ့ ပြည်တွင်းစစ် အဆိုးသံသရာမှာ ကျွန်မတို့နိုင်ငံရဲ့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တိုးတက်မှုတွေကို စတေးခဲ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်မတို့ တိုင်းရင်းသားပြည်သူတွေ၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လူမှု-စီးပွားနဲ့ စိတ်ဓာတ်အညွန့်ကျိုးခဲ့ရုံသာမက ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ကိုပါ တဖြည်းဖြည်းချင်း ပျက်သုဉ်းစေခဲ့ရပါတယ်။ ဆင်းရဲနွမ်းပါးမှုနဲ့ ပဋိပက္ခထောင်ချောက်က ဒီကနေ့အချိန်အထိ မလွတ်မြောက်နိုင်သေးတဲ့ ကျွန်မတို့နိုင်ငံဟာ ကျန်တဲ့နိုင်ငံတွေနဲ့ အလှမ်းမကွာရအောင် မနည်းအားထုတ် ကြိုးပမ်းနေရတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီကနေ့ ညီလာခံကြီးကတော့ ကျွန်မတို့ ပြည်သူတွေရဲ့ ခေတ်အဆက်ဆက် မျှော်လင့်ချက်တွေအတွက် အလင်းရောင်လေးတစ်စအဖြစ် ထွက်ပေါ်လာခဲ့ပါပြီ။ ဒီအလင်းရောင် မှိန်ပျပျလေး ထွက်ပေါ်လာဖို့ ကျွန်မတို့ ပြည်သူတွေ နှစ်ပေါင်း (၇၀)နီးပါး စောင့်ဆိုင်းခဲ့ရတာပါ။

### သဘောတူစာချုပ်

ဒုတိယအချက်ကတော့ **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို လက်မှတ်ရေးထိုးရေး** ဖြစ်ပါတယ်။ အခုလို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာအောင်၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ပေါ်ပေါက်လာအောင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) က တံခါးဖွင့်လှစ်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီတံခါးဖွင့်လှစ်နိုင်စေခဲ့တဲ့ NCA ဟာလည်း တိုင်းရင်းသားတွေနဲ့ ညှိနှိုင်းပြီး ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ သမိုင်းတစ်လျှောက်ပြန်ကြည့်ရင် အပစ်ရပ်သဘောတူစာချုပ်တွေ အသီးသီးချုပ်ဆိုခဲ့ကြပေမယ့် အပစ်ရပ်လုပ်ငန်းစဉ်ခိုင်မာရေး၊ အပစ်ရပ်ပြီးတဲ့နောက် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ် ဖြစ်မြောက်ရေးတို့အတွက် အာမခံချက်တွေ မရှိခဲ့ပါဘူး။ ဒီအာမခံချက် (၂)ရပ်ကို ရရှိစေဖို့ နှစ်ဦးနှစ်ဖက် ကတိကဝတ်ပြုကြမယ့် သဘောတူစာချုပ်တစ်ရပ် ရှိဖို့လိုတယ်ဆိုတဲ့ အယူအဆနဲ့ NCA ဆိုတာ ဖြစ်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ NCA ကို ဆွေးနွေးညှိနှိုင်းခဲ့စဉ်က ကျွန်မတို့ ပါဝင်ခဲ့ခြင်းမရှိခဲ့ပေမယ့် အစိုးရတစ်ရပ်ရဲ့ တာဝန်သိမှု၊ တာဝန်ယူမှုအပြည့်အဝနဲ့ လက်ခံရယူပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်နေတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအသီးသီးနဲ့ ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးတော့ ဒီလမ်းကြောင်းကို လျှောက်လှမ်းခဲ့ရတာဖြစ်ပါတယ်။

### ထာဝရငြိမ်းချမ်းမှု

နိုင်ငံတကာငြိမ်းချမ်းရေးဖြစ်စဉ်တွေနဲ့ ယှဉ်ကြည့်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့ NCA ဟာ အပစ်ရပ် လုပ်ငန်းစဉ်ခိုင်မာရေး၊ နိုင်ငံရေးဆွေးနွေး အာမခံချက်ရှိရေးနဲ့ လက်ခံနိုင်စရာကောင်းတဲ့ အဆင့်တစ်ဆင့်လို့ ဆိုနိုင်ပါတယ်။ ကျွန်မတို့ရဲ့ဦးတည်ချက်က အပစ်ရပ်အဆင့်မှာတင် ရပ်ဆိုင်းနေဖို့မဟုတ်ပါဘူး။ နိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် ထာဝရငြိမ်းချမ်းမှုရယူရေး ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ အပစ်ရပ်အဆင့်ကို ပုံစံအမျိုးမျိုးနဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမယ့် ဒီသဘောတူညီချက်တွေဟာ အခြေအနေအကြောင်းရင်းခံ အမျိုးမျိုးနဲ့ ပျက်ပြယ်သွားခဲ့ကြတာတွေအားလုံးအသိပဲ ဖြစ်ပါတယ်။ အပစ်ရပ်ညှိနှိုင်းမှုတွေက ဒဏ်ရာအနာတရတစ်ခုရဲ့ အပြင်ပန်းဒဏ်ချက်တွေ သက်သာစေရေး လုပ်ဆောင်ချက်နဲ့ တူညီပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေက အပြင်ပန်း မမြင်နိုင်တဲ့ ဒဏ်ရာဒဏ်ချက်တွေရဲ့ အဓိကအတွင်းဇာစ်မြစ်ကို ကုစားနိုင်ဖို့ပဲ ဖြစ်ပါတယ်။ NCA ဟာ လမ်းဆုံး မဟုတ်ပါဘူး။ NCA ကနေ နိုင်ငံရေးဆွေးနွေးပွဲတံခါးကို ဖွင့်လှစ်လိုက်တာ ဖြစ်ပါတယ်။ ဒီမှာကြုံတုန်း၊ လမ်းစဖြစ်တဲ့ NCA ဖြစ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

တတိယအချက်ကတော့ ကျွန်မတို့ လက်ခံကျင့်သုံးနေတဲ့ ညှိနှိုင်းဆောင်ရွက်ရေးမူ ဖြစ်ပါတယ်။ ကျွန်မတို့ဟာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကနေ လူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရ ဖြစ်ပါတယ်။ အမျိုးသားရင်ကြားစေ့ရေးကိုအခြေခံပြီး ကျွန်မတို့အနေနဲ့ နိုင်ငံတော်ရဲ့ရှေ့ခရီးအတွက် လျှောက်လှမ်းရာမှာ အားလုံးနဲ့ ညှိနှိုင်းဆွေးနွေးပြီးမှ ခြေလှမ်းတွေလှမ်းနေတာ ဖြစ်ပါတယ်။ ပေါ်ပင်အများကြိုက်မယ့်နည်းတွေရှာပြီး ဖိအားပေးတာမျိုး၊ နိုင်ငံရေးအရ အကျပ်ကိုင်တာမျိုး ကျွန်မတို့ လုပ်မှာမဟုတ်ပါဘူး။ အားလုံးနဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းပြီး အားလုံးလက်ခံနိုင်တဲ့ သဘောတူညီချက်တွေရရှိအောင် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ သဘောထားကွဲလွဲမှုတွေမှ ဘုံသဘောတူညီချက်တွေ ထွက်ပေါ်လာအောင် ညှိနှိုင်းဆွေးနွေးကြရာမှာ ယဉ်ကျေးတာဟာ ပျော့ညံ့တာ မဟုတ်ပါဘူး။ ညှိနှိုင်းတာဟာ အလျှော့ပေးတာ မဟုတ်ပါဘူး။ ရိုးသားတည်ကြည်မှုနဲ့ ယုံကြည်မှုကို အားလုံးကသတိတရား၊ အသိတရားနဲ့ ဆင်ခြင်ကျင့်သုံးကြဖို့ လိုအပ်ပါတယ်။ ဘယ်သူနဲ့မဆို စေ့စပ်ညှိနှိုင်းဆွေးနွေးဖို့ စိုးရိမ်စရာမလိုအပ်ပါဘူး။ ကွဲပြားမှုတွေပိုပြီး ကြီးမားလာစေနိုင်တဲ့ ပြဿနာတွေကို အာရုံစိုက်မနေကြဘဲ ကျွန်မတို့အချင်းချင်း ပေါင်းစည်းမှုတွေ ပိုပြီးခိုင်မာလာစေနိုင်တဲ့ အဆိုပြုချက်တွေကို ရှာဖွေဖော်ထုတ်ကြရမှာ ဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေဟာ နားလည်မှု၊ ရင်းနှီးမှုတွေကို တိုးပွားလာစေပြီး စာနာနားလည်မှု၊ မျှဝေခံစားမှုတွေကို ဖြစ်ပေါ်လာစေနိုင်ပါတယ်။ အဝေးကနေ စကားလုံးတွေ၊ ပြောကြားချက်တွေကို နားထောင် အနက်ကောက်ပြီး သုံးသပ်နေတာထက် မျက်နှာချင်းဆိုင်တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းကြတာက တူညီတဲ့ သဘောထားတွေကို ဖော်ထုတ်နိုင်စေမှာ ဖြစ်ပါတယ်။ အခုလို ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေကို ဖော်ထုတ်နိုင်အောင် ကျွန်မတို့အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေဟာ အချိန်ပေးပြီး စိတ်ရှည်လက်ရှည် ညှိနှိုင်းခဲ့ရတာ ဖြစ်ပါတယ်။

### တွေ့ဆုံဆွေးနွေးရေး

ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်တွေနည်းတူ ကျွန်မတို့ အစိုးရသစ်ရဲ့ ပထမတစ်နှစ်ကြာ သက်တမ်းအတွင်းမှာပဲ အနိမ့်၊ အမြင့်၊ အတက်၊ အကျ များစွာနဲ့ တွေ့ကြုံဖြတ်သန်းခဲ့ရပါတယ်။ ဒီကနေ့ ညီလာခံမှာတော့ ကျွန်မတို့အားလုံးရဲ့ ကြိုးစားအားထုတ်မှုတွေ အရာထင်လာခဲ့ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ၊ အစုအဖွဲ့အလိုက်တင်ပြချက်တွေကနေတက်လာတဲ့ စာတမ်းတွေကို အခြေခံပြီး အဆင့်ဆင့်ဆွေးနွေးခဲ့ပါတယ်။ နောက်ဆုံး UPDJC မှာ ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုခဲ့ရာမှာ အားလုံးလက်ခံနိုင်တဲ့ အခြေခံမူ (၄၁)ချက် ရရှိခဲ့ပါတယ်။ ရှေ့ကိုဆက်ပြီး ခရီးရှည်ကြီးတစ်ခုကို ကျွန်မတို့အားလုံးအတူတကွ လက်ချင်းယှက်ပြီး လျှောက်လှမ်းကြရဦးမှာပါ။ စည်းလုံးမှု၊ မျှဝေနားလည်မှု၊ ညီညွတ်မှုနဲ့ ပင်လုံစိတ်ဓာတ်ကိုအခြေခံပြီး ဒီခရီးရှည်ကြီးမှာ ကြုံတွေ့လာရမယ့် စိန်ခေါ်မှုတွေကိုကျော်လွှားနိုင်ဖို့ ကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးလည်း လက်ရှိ ၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး နိုင်ငံရေးဆွေးနွေးပွဲတွေဆောင်ရွက်ရာမှာ ဖက်ဒရယ်စနစ်ရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့မူတွေထွက်ပေါ်လာအောင် ဦးတည်ကြိုးပမ်းသွားဖို့ မျှော်မှန်းထားပါတယ်။ တစ်ချိန်တည်းမှာ NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ NCA Umbrella အောက်ရောက်ရှိလာအောင် တွေ့ဆုံဆွေးနွေးရေးတံခါးကိုဖွင့်ပြီး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယနေ့ ကျွန်မတို့အားလုံး ဒီမှာမျှော်လင့်ချက်များ၊ ရဲဘော်ရဲဘက်စိတ်များနဲ့စုဝေးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ကြသူများ၊ လမ်းကြမ်းကြီးတစ်လျှောက် ကျွန်မတို့နဲ့အတူရှိနေခဲ့ကြတဲ့ ပြည်သူပြည်သားများ၊ ကျွန်မတို့အပေါ်မှာ ကလျာဏမိတ္တ စိတ်ဓာတ်၊ နားလည်မှု၊ ယုံကြည်မှုတွေနဲ့ တွေ့ကြုံလာရတဲ့ အခက်အခဲတွေ ကျော်လွှားနိုင်အောင် တစိုက်မတ်မတ် ကူညီပေးခဲ့ကြတဲ့ မိတ်ဆွေများအားလုံးကို ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။ ဒီကျေးဇူးတွေကို အကောင်းဆုံးတုံ့ပြန်နိုင်မယ့် နည်းလမ်းကတော့ စစ်မှန်ပြီး ခိုင်မာတဲ့ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးဖို့ပဲ ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်မတို့အနေနဲ့ မဖြစ်ဖြစ်အောင် ကြိုးပမ်းအားထုတ်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ရပါတယ်။ ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်တွင်းငြိမ်းချမ်းရေးအတွက် အကောင်းဆုံးအချိန်ဟာ လက်ရှိပစ္စုပ္ပန်အချိန် ရတောင့်ရခဲအခွင့်အရေးဖြစ်

နေပြည်တော် မေ ၂၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြောကြားသည့် အဖွင့်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား။**

ကျွန်တော်တို့နိုင်ငံဟာ အယူအဆကွဲပြားမှုတွေ သဘောထားမညီမျှမှုတွေကြောင့် နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းစစ်ဖြစ်ပွားနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ပြည်တွင်းစစ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ရသူတွေ ဒုက္ခိတဘဝရောက်ရသူတွေ၊ အသက်ဆုံးရှုံးရသူတွေ များပြားလှပါတယ်။ ဘယ်ဘက်ကပဲ ထိခိုက်ဆုံးရှုံးကြသည်ဖြစ်ပါစေ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံသူ နိုင်ငံသားများပဲဖြစ်ကြပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး မရသေးသမျှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စတာတွေ ဆုံးရှုံးနေဦးမှာဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရှိပါက သက်ဆိုင်ရာဒေသတွင် တည်ငြိမ်မှုလည်း မဖြစ်နိုင်ပါ။ ဒေသတွင်း တည်ငြိမ်မှုမရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ကောင်းစွာဆောင်ရွက်နိုင်မှာမဟုတ်လို့ ကျွန်တော်မြင်မိပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး ပြည်တွင်းငြိမ်းချမ်းရေးကို အားထုတ်ကြိုးပမ်းနေခြင်းဟာ ပြောင်းလဲနေသောခေတ်ကာလအခြေအနေနှင့်အညီ နိုင်ငံရေးအခင်းအကျင်းတစ်ခုကို ဖန်တီးပေးခြင်း ဖြစ်ပါတယ်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းဖြင့် တိုင်းပြည်ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်ထားပြီး သူမနာကိုယ်မနာ ညီညွတ်မျှတစွာ ညှိနှိုင်းအဖြေရှာကြရန်ဖြစ်ပါတယ်။ နိုင်ငံရဲ့ပြဿနာများကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာကြတဲ့အခါ မျှတတဲ့သဘောထားကို အခြေခံကြပါက မှန်ကန်တဲ့အဖြေကို ရရှိကြမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ပြည်တွင်းစစ်ကြီး တာရှည်နေသမျှ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးတွေ ဆိတ်သုဉ်းနေဦးမှာကို ကျွန်တော်စိုးရိမ်မိပါတယ်။ ပြည်တွင်းစစ်ကြီးကြာနေသမျှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးဆိုတာ နှောင့်နှေးနေဦးမှာကို သတိပြုကြစေလိုပါတယ်။ ဒါကြောင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေးတို့ကို အမှန်တကယ်လိုလားကြပါက ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကျွန်တော်တို့အားလုံး မပြတ်သောသတိဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား။**

ကျွန်တော်တို့အားလုံးဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ မော်ကွန်းထိုးနိုင်မယ့် အခွင့်အရေးကောင်းတစ်ခုကို ကံကောင်းထောက်မစွာ ရရှိနေကြခြင်းဖြစ်ပါတယ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ပြည်တွင်းငြိမ်းချမ်းရေးအတွက် အကောင်းဆုံးအချိန်ဟာ အတိတ်ကာလမဟုတ်သလို အနာဂတ်ကာလလည်းမဟုတ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီအချိန်ဒီကာလ လက်ရှိ ပစ္စုပ္ပန်အချိန်ဟာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အကောင်းဆုံးအချိန်ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ပါတယ်။ ဒီလို ရတောင့်ရခဲ အခွင့်အရေးကြီးဟာ တစ်သက်မှာတစ်ခါပဲ ရတတ်တာမျိုးဖြစ်ပါတယ်။ ဒီအခွင့်အရေးကြီးကို ပစ္စုပ္ပန်နဲ့အနာဂတ်ရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားတွေအတွက် ငြိမ်းချမ်းရေးအခွင့်အလမ်းအဖြစ် ထုဆစ်ပုံဖော်ဖို့ တာဝန်ကိုယ်စီရှိကြတယ်လို့ ကျွန်တော်ခံယူထားပါတယ်။ နိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးကလည်း ငြိမ်းချမ်းရေးအလင်းရောင်ကို အာသာဆန္ဒပြင်းပြစွာ မျှော်လင့်လျက်ရှိကြပါတယ်။ နိုင်ငံတော်အတွက်လည်း ပြည်တွင်းငြိမ်းချမ်းရေးက မရှိမဖြစ် အထူးလိုအပ်ချက်ဖြစ်ပါတယ်။

တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မိမိတို့ရဲ့ စိတ်အလိုမကျတိုင်း၊ မိမိတို့ရဲ့ ဆန္ဒမပြည့်ဝတိုင်းသာ ပဋိပက္ခတွေဖြစ်နေကြမယ်၊ တိုက်ပွဲတွေ ရှိနေကြမယ်ဆိုရင် ငြိမ်းချမ်းရေးမရနိုင်သလို တိုင်းပြည်လည်း တည်ငြိမ်အေးချမ်းမှုဆိုတာ မဖြစ်နိုင်ပါ။ ယင်းအလိုမကျမှု၊ ဆန္ဒမပြည့်ဝမှုတို့ကို သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ သဘောထားကြီးခြင်းတို့ဖြင့်သာ အောင်မြင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။ အတိတ်ကဖြစ်ခဲ့တဲ့ ကိစ္စရပ်တွေအပေါ်မှာ အမုန်းတရားတွေ၊ အာဃာတတွေ ထားနေကြမယ်ဆိုရင်လည်း မည်သူမျှ၊ မည်သည့်အဖွဲ့အစည်းမျှ ငြိမ်းချမ်းသာယာတဲ့ဘဝကို ရရှိကြမှာမဟုတ်ပါ။ အမုန်းတရားတွေ၊ စစ်ပွဲတွေဆိုတာ ရည်ရွယ်ချက်တွေ ဘယ်လောက်ပဲကောင်းကောင်း ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်မှာမဟုတ်ပါ။ အလားတူ အမုန်းတရားတွေနဲ့ စစ်ပွဲတွေသာ ပြန်လည်ဖြစ်ပွားစေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း **မြတ်ဗုဒ္ဓက "ရန်ဟူသမျှ ရန်တုံ့ပြန်ခြင်းဖြင့် မငြိမ်းအေးနိုင်၊ ရန်ဟူသမျှ ရန်မတုံ့ပြန်မှသာ ငြိမ်းအေးနိုင်တယ်"** လို့ ဟောကြားညွှန်ပြခဲ့တာဟာ ကျွန်တော်တို့အားလုံးအတွက် မှတ်သားနာယူဖွယ်ရာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့အားလုံး အတူတကွ လက်တွဲပြီး ဆောင်ရွက်ကြတဲ့အခါ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ စိုးရိမ်ပူပန်မှုတွေ ရှိလာရင် ယုံကြည်မှုတွေရှိလာအောင်၊ အငြင်းပွားမှုတွေရှိနေတဲ့အခါ သဘောတူညီမှုတွေရလာအောင်၊ ပဋိပက္ခတွေဖြစ်နေတဲ့နေရာမှာ တည်ငြိမ်မှုတွေဖြစ်လာအောင်၊ ဝိုင်းဝန်းပံ့ပိုးကူညီကြိုးပမ်းကြရန်လည်း အထူးလိုအပ်လှပါတယ်။ တစ်ဖက်နှင့်တစ်ဖက် တရားသေဆုပ်ကိုင်ပြီး ဆွေးနွေးကြမယ့်အစား အပေးအယူဖြင့် စေ့စပ်ညှိနှိုင်းကြစေလိုပါတယ်။ ကျွန်တော်တို့တစ်တွေ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စုဝေးခြင်း၊ စည်းဝေးခြင်း၊ ဆွေးနွေးခြင်း စသည်ဖြင့် ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်ကြရင်းနဲ့ အားလုံးလိုချင်ကြတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးပန်းတိုင်ကို နီးကပ်လာတာ တွေ့မြင်ကြားသိရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

ရှေ့ဆက်ကြရမယ့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာလည်း သူမှားကိုယ်မှား ပြောမနေကြဘဲ သူမနာ ကိုယ်မနာ သင်ပုန်းချေရေးမှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းစွမ်းဆောင်နိုင်ကြမယ်လို့ မျှော်လင့်လျက်ရှိပါတယ်။ သူမနာ ကိုယ်မနာ မျှတသောသဘောထားဟာ နိုင်ငံတော်ရဲ့အကျိုးကို သယ်ပိုးခြင်းဖြစ်သလို နိုင်ငံသူ နိုင်ငံသားများရဲ့ဆန္ဒကိုလည်း ဖြည့်ဆည်းခြင်းဖြစ်ပါတယ်။ မိမိတို့ရဲ့ ဆွေးနွေးပွဲရလဒ်ဟာ မိမိတို့ရဲ့ရပ်တည်ချက်၊ မိမိတို့ရဲ့ ဆန္ဒကို ရယူကြရန်မဟုတ်ဘဲ နိုင်ငံတော်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးကြရန်သာဖြစ်ရပါမယ်။ မန်လည်ဆရာတော်ဘုရားကြီးရဲ့ **"မေတ္တာမဖက်၊ သစ္စာပျက်က၊ စစ်မက်လည်းများ၊ ပြည်ချောက်ချား၏၊ တိုင်းကားမသာ၊ ပြည်ကြီးနာလိမ့်"** ဆိုတဲ့ ဆုံးမဩဝါဒကို ကျွန်တော်တို့အားလုံး ထာဝစဉ်နာယူမှတ်သားကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။**

# ငြိမ်းချမ်းရေးရရှိဖို့ ဆောင်ရွက်ရာမှာ အဓိကအရေးကြီးဆုံးအရာက ယုံကြည်မှုတည်ဆောက်ခြင်းပဲဖြစ်

နေပြည်တော် မေ ၂၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး) ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းပြောကြားသည့် အဖွင့်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ယနေ့ ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ကြွရောက်လာကြသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး ဖြစ်မြောက်လာအောင် အားကြိုးမာန်တက်ဆောင်ရွက်ပေးပါသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံးကိုလည်း အထူးကျေးဇူးဥပကာရတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ ဒီအချိန်အခါမှာ ဒေသအသီးသီးမှ တိုင်းရင်းသားများနဲ့ လူထုလူတန်းစား အမျိုးမျိုးတို့ရဲ့ ငြိမ်းချမ်းရေးလိုလားတဲ့အသံတွေ၊ လုပ်ဆောင်ချက်တွေကို တွေ့မြင်ကြားသိနေရပါတယ်။ ဒါဟာ နိုင်ငံသူ နိုင်ငံသားအားလုံးက ငြိမ်းချမ်းရေးကို လိုလားနေကြကြောင်း ထင်ရှားစေတဲ့ အချက်ပဲဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ငြိမ်းချမ်းရေးမရရှိခဲ့လို့ နိုင်ငံသူ နိုင်ငံသား၊ အမျိုးသမီး၊ ကလေးသူငယ်များဟာ ဆုံးရှုံးနစ်နာမှုများ၊ ဆင်းရဲဒုက္ခရောက်ရမှုများနဲ့ တွေ့ကြုံခံစားခဲ့ကြရပါတယ်။ ငြိမ်းချမ်းရေးမရရှိတဲ့အတွက် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်မှုမရှိခဲ့လို့ မိမိတို့နိုင်ငံဟာ အရှေ့တောင်အာရှ နိုင်ငံများမှာ ထိပ်ဆုံးကနေ အောက်ဆုံးအထိ ရောက်ရှိနေတာကိုလည်း အားလုံး အသိပင်ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ကြွယ်ဝရေးအတွက် လိုအပ်တဲ့အရင်းအမြစ်များ အများအပြားရှိပါတယ်။ အဲဒီအရင်းအမြစ်များဟာလည်း တိုင်းရင်းသားဒေသတွေမှာ အများဆုံးရှိပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးမရရှိတော့ အဲဒီအရင်းအမြစ်တွေကို တန်ဖိုးရှိစွာအသုံးမချနိုင်ဘဲ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပါတယ်။ ငြိမ်းချမ်းရေးမရရှိတော့ ကိုယ့်နယ်မြေဒေသတွေ ဖွံ့ဖြိုးတိုးတက်အောင်မလုပ်နိုင်ဘဲ မိမိတို့ရဲ့ မိသားစုများပင် ဘယ်မှာနေရ၊ ဘယ်လိုစားရမယ်မှန်းမသိတဲ့ အခြေအနေတွေနဲ့ တွေ့ကြုံနေကြရပါတယ်။

မိမိတို့ရဲ့ နယ်မြေဒေသတွေ တိုးတက်ဖွံ့ဖြိုးမှ မိမိတို့ရဲ့ မြို့နယ်တွေ ဖွံ့ဖြိုးတိုးတက်မယ်။ မိမိတို့ရဲ့မြို့နယ်တွေ ဖွံ့ဖြိုးတိုးတက်မှ မိမိတို့ရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်မယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်မှ မိမိတို့ရဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာပဲဖြစ်တယ်။ ဒါ့ကြောင့်မို့လည်း နိုင်ငံသူ နိုင်ငံသားအားလုံးက ငြိမ်းချမ်းရေးကို အာသာငမ်းငမ်း လိုချင်တပ်မက်နေခြင်းပဲဖြစ်ပါတယ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ငြိမ်းချမ်းရေးရရှိဖို့ ဆောင်ရွက်ရာမှာ အဓိကအရေးကြီးဆုံးအရာက ယုံကြည်မှုတည်ဆောက်ခြင်းပဲ ဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတည်ဆောက်နိုင်မှသာ ကာလတာရှည် အမြစ်စွဲနေတဲ့ သံသယတွေ၊ အမုန်းတရားတွေ ကွယ်ပျောက်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို ရယူလိုတဲ့စိတ်ရှိပြီး ငြိမ်းချမ်းရေးရကိုရရမယ်လို့ ယုံယုံကြည်ကြည်နဲ့ သန္နိဋ္ဌာန်ချမှတ်နိုင်မယ်ဆိုရင် ရရှိရန်ခက်ခဲတဲ့ ငြိမ်းချမ်းရေးကို မလွဲမသွေရရှိမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိလာပြီဆိုရင် မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

အခု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်လာကြသော အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး အနေနဲ့ ငြိမ်းချမ်းရေးရရှိဖို့ အစည်းအဝေးကို တက်ရောက်ခဲ့ကြတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်"** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ပြည်သူတို့ရဲ့အသံကို နားထောင်ပြီး ပြည်သူတို့ရဲ့ ဆန္ဒနဲ့ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် အထူးအလေးထား ဆောင်ရွက်နေပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို တက်ရောက်လာကြသော အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်ကြီးများအနေဖြင့်လည်း နိုင်ငံသူ နိုင်ငံသားများ၏အသံကို နားထောင်ပြီး နိုင်ငံသူ နိုင်ငံသားများ လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကို မလွဲမသွေရရှိအောင် ဆောင်ရွက်ပေးမယ်လို့ ခိုင်မာတဲ့ သန္နိဋ္ဌာန်ချမှတ်ပေးကြပါ။ အတိတ်က အဖြစ်အပျက်များကို မေ့ပျောက်သင်ပုန်းချေပြီး နိုင်ငံသူနိုင်ငံသားများ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခခံစားနေရမှုများကို သင်ခန်းစာယူကာ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ပေးမယ်လို့ ခိုင်မာတဲ့ ယုံကြည်ချက်ထားပေးကြပါ။ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ် နိုင်ငံသူ နိုင်ငံသားများအတွက် အဖိုးအနဂ္ဃ ထိုက်တန်တဲ့ ငြိမ်းချမ်းရေးကိုရယူပြီး အမွေပေးခဲ့ကြပါ။ မိမိတို့ရဲ့ မြင့်မြတ်ကောင်းမွန်တဲ့သမိုင်း ရေးထိုးပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။

အခုအချိန်ဟာ ငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ဖို့ အကောင်းဆုံးအချိန်ပဲဖြစ်ပါတယ်။ အခုလို အချိန်ကောင်းမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို တက်ရောက်လာကြတဲ့ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအနေနဲ့ မိမိတို့ရဲ့ အတ္တမာန်မာနများ၊ သံသယ၊ အမုန်းတရားများကို ဖယ်ရှားပြီး တစ်ဦးနဲ့တစ်ဦး ယုံယုံကြည်ကြည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆွေးနွေးအဖြေရှာကာ နိုင်ငံသူ နိုင်ငံသားများအားလုံး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းပြီး သာယာဝပြော တိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် မဆုတ်မနစ် ကြိုးစားဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

# ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးဟာ တပ်မတော်ရဲ့ အလိုလားဆုံးဆန္ဒဖြစ်

နေပြည်တော် မေ ၂၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး) ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အဖွင့်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ဒီကနေ့ စတင်ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအကြိမ်) အစည်းအဝေးကို ယုံကြည်ချက်အပြည့်နဲ့ တက်ရောက်လာကြတဲ့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ပြည်ထောင်စုကြီးအတွင်း ရှေးနှစ်ပေါင်းများစွာကတည်းက တစ်စုတစ်စည်းတည်း အတူတကွနေထိုင်လာကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို အတူပေါင်းစည်းတည်ဆောက်ခဲ့ကြတဲ့ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြားမှာ နှစ်ပေါင်းများစွာဖြစ်ပွားခဲ့တဲ့ အထင်အမြင်လွဲမှားမှု၊ နားလည်မှု လွဲမှားမှုများနဲ့ အဲဒီလွဲမှားမှုများကနေ ဖြစ်ပေါ်လာတဲ့ လက်နက်ကိုင်ပဋိပက္ခများကို အပြီးတိုင်ဖယ်ထုတ်ပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုတွေကို ရယူနိုင်ဖို့ အဲဒီ တည်ငြိမ်အေးချမ်းမှုများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်တက်လှမ်းနိုင်ဖို့ ယခုညီလာခံကြီးကို ကျင်းပပြုလုပ်ရခြင်း ဖြစ်တယ်လို့ ယုံကြည်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ လုပ်ငန်းစဉ်တစ်ခု၊ တည်ဆောက်မှုတစ်ခုကို လုပ်ဆောင်ရာမှာ အခြေခံအုတ်မြစ် (Foundation)ဆိုတာ မရှိမဖြစ်လိုအပ်ပါတယ်။ အခြေခံအုတ်မြစ်ကောင်းမွန်မှ တောင့်တင်းခိုင်မာမှလည်း လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်များ၊ တည်ဆောက်မှုများဟာ တိုးတက်အောင်မြင်မှုရရှိနိုင်မှာ ဖြစ်ပါတယ်။ ယခု ညီလာခံကြီးကို တက်ရောက်လာကြသူများအနေနဲ့ ကျွန်တော်တို့နိုင်ငံအတွက် ပကတိလိုအပ်နေတဲ့ ငြိမ်းချမ်းရေးအုတ်မြစ်ကြီးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တနေတဲ့ လိုအင်ဆန္ဒကို ပြည့်ပြည့်ဝဝ ဖော်ဆောင် ဖြည့်ဆည်းပေးနိုင်ပါစေလို့လည်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

### ပြည်တွင်းငြိမ်းချမ်းရေး

ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေကို လေ့လာကြည့်တဲ့အခါ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိခြင်းဆိုတာကို အရေးကြီးတဲ့ အခြေခံအချက်တစ်ချက်အနေနဲ့ တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံလို လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ရင်ဆိုင်နေရတဲ့နိုင်ငံအတွက် တည်ငြိမ်အေးချမ်းဖို့ဆိုရင် လက်နက်ကိုင် ပဋိပက္ခတွေ မဖြစ်မနေ ချုပ်ငြိမ်းဖို့လိုအပ်ပါတယ်။ တစ်ဖက်ကကြည့်ရင်လည်း ကျွန်တော်တို့ အားလုံး တူညီတဲ့ဆန္ဒနဲ့ တက်ညီလက်ညီ လျှောက်လှမ်းနေကြတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေး တည်ဆောက်ရမှာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီခေတ်ကာလ ပထမ(၅)နှစ်သက်တမ်းမှာ ယခင်အစိုးရအနေနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှာ ငြိမ်းချမ်းရေး စတင်ဖိတ်ခေါ်ခဲ့ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာရမယ့် နိုင်ငံရေးပြဿနာအဖြစ်ခံယူပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြားမှာ ရက်ပေါင်းများစွာ၊ လပေါင်းများစွာနဲ့ ကာလကြာရှည်စွာ စိတ်ရှည်လက်ရှည် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာမှုများရဲ့ ရလဒ်အဖြစ် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ရှစ်ဖွဲ့နဲ့ သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ NCA ကို စတင်ဆွေးနွေးစဉ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၂၁ ဖွဲ့နဲ့ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့ကြတာဖြစ်ပြီး လက်မှတ်ရေးထိုးတော့မယ့်အချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် အဖွဲ့ ရှစ်ဖွဲ့နဲ့သာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် NCA မှာပါဝင်တဲ့ အကြောင်းအရာအချက်အလက်များဟာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ သဘောတူညီထားတဲ့အချက်များလို့ ဆိုရမှာဖြစ်ပါတယ်။

### အာမခံချက်ပေးထား

NCA ဟာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက စတင်အဆိုပြုခဲ့တဲ့ အယူအဆနှစ်ရပ်အပေါ် အခြေပြုပြီး ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ပထမအယူအဆကတော့ အစိုးရ၊ တပ်မတော်နဲ့ အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအကြားမှာ တစ်ဖွဲ့ချင်းနဲ့ လက်မှတ်ရေးထိုးထားတဲ့ သဘောတူညီချက်တွေသာရှိတဲ့အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေစတင်နိုင်ဖို့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အပစ်ရပ်သဘောတူညီချက်တစ်ခု ရှိသင့်တယ်ဆိုတဲ့ အယူအဆတစ်ခု ဖြစ်ပါတယ်။ ဒုတိယအယူအဆအနေနဲ့ ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြတဲ့ အပစ်ရပ်သဘောတူညီချက်တွေဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲတဲ့ အဆင့်မှာသာရှိပြီး အပစ်ရပ်ပြီးတဲ့နောက် သဘောတူညီချက်များကို စောင့်ကြည့်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်ဖို့အတွက် အာမခံချက်များ၊ သဘောတူညီမှုများ တိကျစွာမရှိသဖြင့် အပစ်ရပ်လုပ်ငန်းများ ပြန်လည်ပျက်ပြားခဲ့ရသည့် ဖြစ်စဉ်ဖြစ်ရပ်များကြောင့် ၎င်းအချက်အလက်များကို အချိန်ကာလသတ်မှတ်ချက်များနဲ့ တိတိကျကျ အကောင်အထည်ဖော်ရန် လိုအပ်မှုအယူအဆပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် NCA မှာ အဲဒီယူဆချက်တွေကို အပြည့်အဝ အာမခံချက်ပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြန်အလှန်ယုံကြည်မှုရှိဖို့



လွန်စွာ အရေးကြီးပြီး အဲဒီ "ယုံကြည်မှု"ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုအတွက် ကြီးမားတဲ့ တွန်းအားတစ်ရပ်လည်း ဖြစ်စေပါတယ်။ NCA မှာ အဲဒီယုံကြည်မှုတွေကို ဖော်ဆောင်နိုင်တဲ့ နိုင်ငံရေးအာမခံချက်၊ တိုင်းရင်းသားရေးအာမခံချက်၊ ဘာသာရေး အာမခံချက်၊ လုံခြုံရေးအရ အာမခံချက်တွေပါဝင်သလို ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ ဆွေးနွေးညှိနှိုင်း အဖြေရှာရေး လမ်းစဉ်ကိုလည်း ထင်ထင်ရှားရှား တွေ့မြင်ရမှာ ဖြစ်ပါတယ်။

### ယုံယုံကြည်ကြည်

**"ယုံကြည်မှု" ရဲ့ ဆန့်ကျင်ဘက်ကတော့ " စိုးရိမ်ပူပန်မှု"** ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာမှာ ကြီးမားတဲ့ဟန့်တား နှောင့်ယှက်မှုကိုလည်း ဖြစ်ပေါ်စေပါတယ်။ **NCA ဟာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကို လက်နက်ချခိုင်းတဲ့ စာချုပ်မဟုတ်ကြောင်းကိုလည်း ရှင်းလင်းစွာ ထပ်မံအသိပေးလို**ပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး NCA အခန်း(၁)မှာပါရှိတဲ့ အခြေခံမူတွေထဲမှာ လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ဖို့ ရှင်းလင်းစွာ ဖော်ပြထားရှိပါတယ်။ သို့သော်လည်း ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံတွေမှာ လက်နက်စွဲကိုင်ပြီး နိုင်ငံရေးအခွင့်အရေး တောင်းဆိုတာတွေကို ခွင့်မပြုတဲ့အတွက် **NCA မှာပါရှိတဲ့ နိုင်ငံရေးလမ်းပြမြေပုံနဲ့အညီ နိုင်ငံရေး ဆွေးနွေးမှုရလဒ်များကနေ တိုးတက်ဖြစ်ပေါ်လာတဲ့ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်အရ DDR, SSR လုပ်ငန်းများကိုတော့ ပြုလုပ်ကြရမှာဖြစ်**ပါတယ်။ ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုပြီး ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ ပါတီစုံ ဒီမိုကရေစီ လမ်းကြောင်းပေါ်မှာ ပါဝင်လျှောက်လှမ်းကြမယ်ဆိုရင် အရာအားလုံးကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ မည်သည့် ဒီမိုကရေစီနိုင်ငံမှာမဆို ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး နိုင်ငံရေးအရ ဆွေးနွေးမှုတွေနဲ့ ဆောင်ရွက်ခဲ့ကြတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် **NCA မှာပါရှိတဲ့ အာမခံချက်တွေကိုရယူပြီး လုပ်သင့်လုပ်ထိုက်တာတွေကို ယုံယုံကြည်ကြည် ရဲရဲရင့်ရင့်လုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးခရီး ဖြောင့်ဖြူးနိုင်မှာဖြစ်**ကြောင်း ပြောကြားလိုပါတယ်။

### မူဘောင်သုံးရပ်ချမှတ်

ဆက်လက်ပြီး နိုင်ငံတော်နဲ့ ပြည်သူအပေါ်ထားရှိတဲ့ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ရပ်တည်ချက်ကို အသိပေးပြောကြားလိုပါတယ်။ တပ်မတော်ဟာ နိုင်ငံရေးလုပ်နေတဲ့ အဖွဲ့အစည်းမဟုတ်ပါဘူး။ နိုင်ငံရေးဆိုတာ နိုင်ငံရေးပါတီတွေ၊ ပြည်သူကရွေးချယ်ပေးထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက လုပ်ဆောင်ကြမှာ ဖြစ်ပါတယ်။ **တပ်မတော်အနေနဲ့ကတော့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မူဘောင်သုံးရပ်ချမှတ်ပြီး နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေမှာ ဥပဒေနဲ့အညီ ပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်း ဖြစ်**ပါတယ်။ **တပ်မတော်ရဲ့ ငြိမ်းချမ်းရေးရပ်တည်ချက်က**တော့ ကျွန်တော်တို့နိုင်ငံရဲ့ **ငြိမ်းချမ်းရေးမဟာဗျူဟာဖြစ်တဲ့ NCA လမ်းကြောင်းပေါ်မှာ မသွေမဖည် ခိုင်ခိုင်မာမာရပ်တည် လုပ်ဆောင်သွားမှာဖြစ်**ပါတယ်။NCA လမ်းကြောင်းကို လျှောက်လှမ်းရာမှာလည်း တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူ(၆)ရပ်နဲ့အညီ ခိုင်မာစွာ ရပ်တည်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကပြုလုပ်ခဲ့တဲ့ NCA နှစ်ပတ်လည်နေ့ အခမ်းအနားမှာလည်း ကျွန်တော်ထည့်သွင်းပြောကြားခဲ့ပါတယ်။ **တပ်မတော်ရဲ့ငြိမ်းချမ်းရေးမူ(၆)ရပ်ဟာ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှု သမိုင်းတွေက ရရှိလာတဲ့ တပ်မတော်ရဲ့ "အသိတရား" ဖြစ်သလို လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် "အရှိတရား"ဖြစ်ကြောင်း ထပ်လောင်းပြောကြား**လိုပါတယ်။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဖြစ်စဉ်များချုပ်ငြိမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးဟာ တပ်မတော်ရဲ့ အလိုလားဆုံး ဆန္ဒလည်း ဖြစ်ပါတယ်။ NCA ရဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်ပါအတိုင်း ပါဝင်သင့်ပါဝင်ထိုက်တဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာရေးအတွက် ငြိမ်းချမ်းရေးတံခါး အမြဲဖွင့်ထားပြီး လက်ကမ်းကြိုဆိုလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ယနေ့ကြုံတွေ့နေရတဲ့ ကိစ္စတွေဟာ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စတစ်ခုတည်းသာမကဘဲ ပြည်ပက အကြမ်းဖက်ခြိမ်းခြောက်မှု အန္တရာယ်များရှိနေတာကို တွေ့နိုင်ပါတယ်။ ဒါ့ကြောင့် ပြည်တွင်းအဓိက အင်အားစုကြီးတွေဖြစ်တဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ကျစ်လျစ်ခိုင်မာတဲ့ စုစည်းညီညွတ်မှု၊ ရေပက်မဝင်နိုင်တဲ့ ချစ်ကြည်စည်းလုံးမှုများ အဓိကလိုအပ်နေချိန်လည်း ဖြစ်ပါတယ်။ နိုင်ငံတော်ကိုကာကွယ်ဖို့ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီအတွက် တပ်မတော်အပါအဝင် တိုင်းပြည်ကိုကာကွယ်နိုင်တဲ့ အင်အားတွေ တိုးပွားသည်ထက်တိုးပွားအောင် လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ တချို့တချို့သော လုပ်ဆောင်ချက်တွေဟာ တိုင်းပြည်ရဲ့ ကာကွယ်ရေး စွမ်းအားတွေကို ထိပါးယုတ်လျော့စေတာကိုလည်း တွေ့ရှိနေရပါတယ်။ **စည်းလုံးညီညွတ်မှုဟာ "အား"ကို တိုးပွားစေသလို စည်းလုံးညီညွတ်မှု ထိခိုက်ပျက်ပြားမှုများဟာလည်း စုစည်းခိုင်မာတဲ့ "အား"ကို ယုတ်လျော့စေမှာဖြစ်**ပါတယ်။ **တိုင်းပြည်ရဲ့ အင်အားဟာ ပြည်တွင်းမှာသာရှိ**တဲ့အတွက် ပြည်တွင်းမှာရှိတဲ့ အဖွဲ့အစည်းအားလုံးရဲ့ စုစည်းညီညွတ်သောအားကို တည်ဆောက်ရမှာဖြစ်ပါတယ်။ **တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းများသာမက နိုင်ငံတော်အစိုးရက ဖွဲ့စည်းဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းတွေမှာပါ တက်ကြွစွာ ပူးပေါင်းပါဝင်လုပ်ဆောင်လျက်ရှိ**ကြောင်း ထည့်သွင်းပြောကြားလိုပါတယ်။

### တစ်ဆင့်ပြီးတစ်ဆင့်

NCA ချုပ်ဆိုပြီးနောက်ပိုင်းမှာ NCA ရဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်များနဲ့ နိုင်ငံရေးလမ်းပြမြေပုံပါအတိုင်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ဖွဲ့စည်းခြင်းများကို ပြည်ထောင်စုအစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေနဲ့ စစ်ဘက်ဆိုင်ရာကျင့်ဝတ်တွေကို နှစ်ဖက်ပေါင်းစပ်ညှိနှိုင်းရေးဆွဲ ထုတ်ပြန်ခဲ့ပြီး လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့ ပါတီစုံဒီမိုကရေစီခေတ်မှာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိဖို့အတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေး စတင်ဖိတ်ခေါ်ခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့က ရေတွက်ရင် ယနေ့အထိ လပေါင်း ၆၉ လ၊ ရက်ပေါင်း ၂၀၀၀ ကျော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ပထမ (၅) နှစ်သက်တမ်းကာလ လွန်မြောက်ပြီး ယခု ဒုတိယ (၅) နှစ် သက်တမ်းကာလကို ဝင်ရောက်လာသည့်တိုင် ကျွန်တော်တို့တစ်တွေ အကြိမ်ကြိမ်အခါခါ တွေ့ဆုံဆွေးနွေးမှု၊ ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ခဲ့ပြီး NCA ပါအတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင် လုပ်ဆောင်တာတွေ၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ကိစ္စရပ်များ တိုးတက်လုပ်ဆောင်တာတွေကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါတယ်။

### ငြိမ်းချမ်းရေးရဲ့အသီးအပွင့်

NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ လက်နက်ကိုင်အဖွဲ့အစည်းများ နေထိုင်ရာဒေသတွေဟာ ယခင် ပဋိပက္ခဖြစ်ပွားရာ ဒေသတွေဖြစ်ပေမယ့် စာချုပ်လက်မှတ်ရေးထိုးပြီး နောက်ပိုင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်လာတာဟာ NCA ရဲ့ ထင်ရှားတဲ့ရလဒ်ဖြစ်ပါတယ်။ အဲဒီဒေသတွေမှာ ပစ်ခတ်တိုက်ခိုက်မှုတွေကို မရှိသလောက် ဖြစ်အောင် လျှော့ချနိုင်ခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့အချင်းချင်းသာမက ဒေသခံပြည်သူလူထုနဲ့ပါ သုံးဦးသုံးဖလှယ်ယုံကြည်မှု၊ နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒီတိုးတက်မှုရလဒ်ကို အရှိန်အဟုန်မပျက် တည်ဆောက်သွားဖို့ လိုအပ်သလို အခြားအဖွဲ့အစည်းများအပေါ် ပျံ့နှံ့သွားဖို့လည်း လိုအပ်ပါတယ်။ ဒီလိုဖြစ်နိုင်ဖို့ NCA မှာပါရှိတဲ့ ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များကို ဦးစားပေးအလေးထား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကြားကာလအတွင်း ဆောင်ရွက်ရမည့်အစီအစဉ်တွေမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနဲ့ မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကောင်အထည်ဖော်နေသည့် ကာလအတွင်း တည်ဆဲစည်းမျဉ်းဥပဒေများနဲ့အညီ ဒေသဆိုင်ရာအာဏာပိုင်များနဲ့ ညှိနှိုင်းလုပ်ဆောင်နိုင်ဖို့ တံခါးဖွင့်ပေးထားတာကို တွေ့နိုင်မှာဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲနေတဲ့ကာလ ပဋိပက္ခရပ်စဲနေတဲ့ဒေသတွေမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသဆိုင်ရာအာဏာပိုင်များနဲ့ ပူးပေါင်းပြီး တည်ဆဲ စည်းမျဉ်း၊ စည်းကမ်းဥပဒေတွေနဲ့အညီ ထိထိရောက်ရောက် လုပ်ဆောင်နိုင်မှ နယ်မြေခံလူထုဟာ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်ကို လက်တွေ့အကျိုးခံစားခွင့်ရပြီး

စာမျက်နှာ ၇ သို့

# သဘောတူညီမှုတွေဟာ ဖြစ်စဉ်မှာ မပါဝင်နိုင်သေးတဲ့ ညီနောင်တိုင်းရင်းသားတွေ ပါဝင်မှုကို အထောက်အကူဖြစ်ရန်လိုအပ်

နေပြည်တော်  မေ ၂၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး) ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ပြောကြားသည့် အဖွင့်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) အခမ်းအနားကိုတက်ရောက်လာကြတဲ့ နိုင်ငံတော်ခေါင်းဆောင်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်ခေါင်းဆောင်ကြီးများ၊ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ်နှင့်တကွ သံတမန်များ၊ နိုင်ငံအသီးသီးမှ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ကဏ္ဍ၊ အစုအဖွဲ့အသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်ကိုယ်စားလှယ်များကိုယ်စား မေတ္တာပို့ ဆန္ဒပြုအပ်ပါတယ်။

**လုပ်ငန်းစဉ်အောင်မြင်ရေး**


ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ယခင်အစိုးရလက်ထက်မှာကျင်းပခဲ့ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုရဲ့ အခြေခံအုတ်မြစ်ချနိုင်ခဲ့ပါတယ်။ လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ၏ အုပ်ချုပ်မှုသက်တမ်းအတွင်းမှာ အားလုံးပါဝင်၍ အားလုံးပိုင်ဆိုင်သော ငြိမ်းချမ်းရေးဖြစ်စဉ်ကို စတင်နိုင်ရန် ရည်ရွယ်ပြီး ဒုတိယအကြိမ် UPC ညီလာခံကို ကျင်းပခဲ့ပြီး ယခု တတိယအကြိမ်တွင် အားလုံးလက်ခံနိုင်သော နိုင်ငံရေးသဘောတူချက် အခြေခံမူဝါဒ ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်လို့ဆိုနိုင်ပါတယ်။

ဤအကြိမ်တွင် (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကျင်းပခြင်းသည် NCA ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်ရုံမျှမက နိုင်ငံရေးလိုအပ်ချက်လည်း ကြီးကြီးမားမားရှိနေပါတယ်။ ထို့အပြင် NCA သဘောတူစာချုပ်ပါ နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်းအချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းလည်းဖြစ်တဲ့အတွက် အရေးပါလှသည့် အဆင့်တစ်ဆင့်သို့ တက်လှမ်းရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီအဆင့်အထိရောက်အောင် အကြိမ်ပေါင်းများစွာ ညှိနှိုင်းမှု၊ စိတ်ရှည်သည်းခံမှုများဖြင့် အခက်အခဲတွေအတူတကွကျော်ဖြတ်ပြီးမှ မိမိတို့အကြားမှာနားလည်မှုများ ရယူတည်ဆောက်နိုင်ခြင်းကိုတော့ အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။ မိမိတို့အကြား နားလည်နေရုံမျှဖြင့် မပြည့်စုံပါ။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း နားလည်ကြရန် အထူးလိုအပ်ပါတယ်။ ဒါကြောင့် ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်က တိုင်းရင်းသားပြည်သူအားလုံးမျှော်လင့်နေတဲ့ ရလဒ်များပေါ်ထွက်နိုင်ရန် အထူးလိုအပ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ ချောမွေ့တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးဟာ ဒင်္ဂါးတစ်ပြားရဲ့ ခေါင်းနဲ့ ပန်းပဲဖြစ်လို့ပါပဲ။

**ယုံကြည်မှုကိုဖန်တီး**

ဒါကြောင့် ဒီငြိမ်းချမ်းရေးညီလာခံကနေ ထွက်လာတဲ့သဘောတူညီမှုများဟာ လက်ရှိနိုင်ငံရေးဆွေးနွေးပွဲအတွင်း အကောင်အထည်ဖော်နေကြတဲ့သူများ၊ သက်ဆိုင်ရာပါဝင်သူများအကြား ယုံကြည်မှုတည်ဆောက်ရေးကို ပိုမိုအားကောင်းစေရန် လိုအပ်ပါတယ်။ ထို့အပြင် ဖြစ်စဉ်မှာ မပါဝင်နိုင်သေးတဲ့ အခြားအဖွဲ့အစည်းတွေက ဖြစ်စဉ်အပေါ် ယုံကြည်မှုကိုဖန်တီးဖြစ်ပေါ်စေဖို့ ကျွန်တော်တို့ လိုလားပါတယ်။

ယခု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)က ထွက်ပေါ်လာသည့် ရလဒ်များဟာ ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်မယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုပြီး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံကောင်းများဖြစ်ရန် မျှော်လင့်ထားပါတယ်။ "ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ" ဆိုတဲ့ ဆိုရိုးစကားအတိုင်း



ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး

သက်ဆိုင်ရာ ပါဝင်သူအားလုံးကို နောက်ချန်မထားကြဘဲ ရှေ့ဆက်နိုင်ငံရေးခရီးစဉ်အတွင်း ယင်းတို့အဆင်သင့်ဖြစ်သည့်အချိန်တွင် ပါဝင်နိုင်ရန်အတွက် ထည့်သွင်းစဉ်းစားရပါမယ်။

**ရင်ကြားစေ့နိုင်ရေး**

ဒါကြောင့် အားလုံးအတွက် ရှင်းလင်းတဲ့ နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်၊ ဝိဝါဒမကွဲသော နားလည်မှုနှင့် ပြောင်းလဲတိုးတက်မှုအဆင့်၊ ကဏ္ဍများသည် ကွဲကွဲပြားပြားရှိရန်လိုအပ်ပါတယ်။ ယခုလတ်တလောအခြေအနေမှာ ရလဒ်ရရေး ဦးတည်သည့် ဆွေးနွေးညှိနှိုင်းမှုများနှင့် တင်းကျပ်လှသည့် အချိန်ကန့်သတ်မှုဘောင်အတွင်းတွင် သက်ဆိုင်ရာပါဝင်သူအားလုံး လျှောင်ပိတ်မိနေသလိုတော့ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တင်းတင်းကျပ်ကျပ် အချိန်ကန့်သတ်ထားလျက် ရလဒ်ရရေးကို ဦးတည်ခြင်းသည် မှန်ကန်မှုရှိ မရှိ၊ သို့မဟုတ် လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခုအတွင်း အကျေအလည်ညှိနှိုင်းဆွေးနွေးမှုက ထွက်ပေါ်လာသော သဘောတူညီချက်များသည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ဦးတည်လျက် အမျိုးသားပြန်လည်ရင်ကြားစေ့နိုင်ရေးမှာ ပိုမို၍ အရေးကြီးပါသလား ဟူသည်ကို သုံးသပ်ကြရန်လည်း လိုအပ်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲများကတစ်ဆင့် အခြေခံနိုင်ငံရေးပြဿနာကို ဖြေရှင်းရာမှာ ကျွန်တော်တို့နိုင်ငံအတွက် အခြေခံအုတ်မြစ် (၃)ရပ်ကို ချမှတ်ထားရန် လိုအပ်ကြောင်း ကျွန်တော်တို့အတွေ့အကြုံအရ သိမြင်နားလည်ထားပါတယ်။

ပထမဆုံးအချက်အနေဖြင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှာ Stakeholders တွေ ဖြစ်ကြတဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ Institution များ၊ ဆွေးနွေးဖက်များဖြစ်တဲ့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ၊ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များဟာ **ပါဝင်သင့်၊ ပါဝင်ထိုက်သူတွေအားလုံးဖြစ်ကြပါတယ်။ တစ်ပြေးညီ စံချိန်စံညွှန်းနဲ့ ကန့်သတ်ချက်မထားဘဲ စုံစုံညီညီပါဝင်နိုင်ရန်မှာ ဦးစားပေးလိုအပ်ချက်ဖြစ်ပါတယ်။** မတူကွဲပြားတဲ့ နောက်ခံသမိုင်း၊ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွေကြောင့် အချို့သော Stakeholders များအတွက် ချက်ချင်းပါဝင်လာနိုင်ရန်မှာ မဖြစ်နိုင်ပါ။ မှန်ကန်သင့်တော်တဲ့အခြေအနေတစ်စုံတစ်ခုကို ဖန်တီးကြရန် လိုအပ်နေပါတယ်။ အစိုးရနဲ့ တပ်မတော်သည် လက်ရှိနိုင်ငံ့အရေးတွင် ဦးဆောင်သူများဖြစ်ပါတယ်။ သို့သော် အနာဂတ်ဖက်ဒရယ်နိုင်ငံ တည်ဆောက်ရန်အတွက် Stakeholders များအားလုံးက တန်းတူရည်တူ အခြေခံဖြင့် ပါဝင်နိုင်ရန်မှာ မရှိမဖြစ်လိုအပ်ပါတယ်။

ဒုတိယအချက်အနေဖြင့် **လွှမ်းမိုးချုပ်ကိုင်မှုကင်းသည့် အခင်းအကျင်း**ကို ဖန်တီးထားရန်လိုအပ်ပါတယ်။ သို့မှသာ **အကျေအလည်ညှိနှိုင်းအဖြေရှာနိုင်ကြမည်ဖြစ်ပါတယ်။** ဆွေးနွေးဖက်တွေအားလုံးအတွက် လုံလောက်တဲ့ပြင်ဆင်မှု၊ သတင်းဖလှယ်မှု၊ အချိန်ယူဆွေးနွေးနိုင်မှုနဲ့ သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးအကြားမှာ စိတ်ကျေနပ်ဖွယ် ညှိနှိုင်းဆွေးနွေးမှုတွေမရှိခဲ့ပါလျှင် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးရရန် ခက်ခဲပါမယ်။ အမျိုးသားရင်ကြားစေ့ရေးမှာလည်း အလှမ်းဝေးနေပါမယ်။

**မီးမောင်းထိုးဖော်ပြ**

နောက်ဆုံး တတိယအချက်အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို လူမျိုးအလိုက်ဖြစ်စေ၊ နေရာအလိုက်ဖြစ်စေ၊ အကြောင်းအရာအလိုက်ဖြစ်စေ **တစ်နိုင်ငံလုံးမှာ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နိုင်ရန်** လိုအပ်ပါတယ်။ အကန့်အသတ်ဘောင်အတွင်းမှဖြစ်စေ၊ ပုံပြသဘောဖြင့်ဖြစ်စေ၊ အလျင်စလိုပြုလုပ်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အထောက်အကူမပြုသလို ပြဿနာကို ဖြေရှင်းနိုင်မယ်လို့ မထင်ပါ။

အဲဒီအခြေခံသုံးခုကို အကောင်အထည်ဖော်ရာမှာ **ရှင်းလင်းတဲ့လုပ်ငန်းစဉ်** အားလုံး တစ်ပြေးညီ နားလည်မှုများ မရှိမဖြစ်လိုအပ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ လုပ်ငန်းစဉ်(Process)အပိုင်းမှာ အားနည်းချက်တွေ ကြီးကြီးမားမားရှိနေမှုကို မီးမောင်းထိုးဖော်ပြလိုပါတယ်။

အနာဂတ်ဖက်ဒရယ်နိုင်ငံတည်ဆောက်မှုမှာအရေးကြီးတဲ့ Stakeholders တွေဖြစ်တဲ့ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကျန်ရှိနေသေးတယ်ဆိုတာကို သတိပေးလိုပါတယ်။ ကျွန်တော်တို့ NCA လက်မှတ်ထိုးထားသူတွေရဲ့ ပါဝင်မှုလောက်နဲ့ နိုင်ငံလွှမ်းခြုံပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ယခုညီလာခံက ထွက်ပေါ်လာမယ့် သဘောတူညီမှုတွေဟာ ဖြစ်စဉ်မှာ မပါဝင်နိုင်သေးတဲ့ ညီနောင်တိုင်းရင်းသားတွေ ပါဝင်မှုကို အထောက်အကူဖြစ်ရန်လိုအပ်ပါတယ်။ ဘုံလက်ခံလာသည့် မူနဲ့စံ တန်ဖိုးများ အုတ်မြစ်ချရန်လိုပါတယ်။ အားလုံးတစ်ပြေးညီထားခြင်းကို ပြန်လည်ဆန်းစစ်ရန် လိုပါတယ်။ အားလုံးလွှမ်းခြုံသည့်သဘောတူညီချက်များဖြင့် အောင်မြင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဖန်တီးကြပါဟု တိုက်တွန်းလိုပါတယ်။ ယင်းမှသာ ငြိမ်းချမ်းရေးအသီးအပွင့်များ ဖူးပွင့်နိုင်မည်ဖြစ်ပါတယ်။

**အနှစ်သာရတွေပြည့်ဝ**

နိဂုံးချုပ်အနေနဲ့ပြောရပါလျှင် NCA အကောင်အထည်ဖော်မှုက ထွက်ပေါ်လာမည့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ခြင်းသည်မည်သူမှမရှုံးသည့် (Win-Win) အခြေအနေကို ဖန်တီးဖြစ်ပေါ်စေပါမယ်။ မှန်ကန်တဲ့ပြုပြင်ပြောင်းလဲလိုစိတ်ဖြင့် အနာဂတ်မျိုးဆက်သစ်အတွက် ရည်စူးဦးတည်ကြလျက် စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုရဲ့ အခြေခံတွေဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၊ အတူတကွယှဉ်တွဲနေထိုင်ရန်အတွက် အနှစ်သာရတွေပြည့်ဝတဲ့ သဘောတူညီမှုတွေထွက်ပေါ်ရရှိရန် ညှိနှိုင်းဆွေးနွေးနိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

---

❑ စာမျက်နှာ ၆ မှ

ငြိမ်းချမ်းရေးအပေါ် ယုံကြည်မှုရှိလာမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အင်အားပဲဖြစ်ပါတယ်။ **ငြိမ်းချမ်းရေးကို တည်ဆောက်ချိန်ကာလမှာ ငြိမ်းချမ်းရေးထက်အရေးကြီးတာ ဘာမှမရှိပါဘူး။** ဒီအတွက် ဒီကြားကာလမှာ **နားလည်မှုလွဲမှားစေနိုင်တဲ့ ကိစ္စရပ်မျိုးတွေကို ရှေ့တန်းတင်ခြင်း၊ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးလုပ်ငန်းစဉ်အပေါ် ဝင်ရောက်စွက်ဖက်ခြင်း၊ ကျော်လွန်လုပ်ဆောင်ခြင်းစတဲ့ ကိစ္စရပ်တွေကိုလည်း စောင့်ထိန်းကြဖို့လို**အပ်ကြောင်း ပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်တဲ့နေရာမှာ **NCA စာချုပ်ပါ "နိုင်ငံရေးလမ်းပြမြေပုံ"ဟာ အခိုင်အမာ သဘောတူပြဋ္ဌာန်းထားပြီး တိကျစွာလျှောက်လှမ်းရမယ့် ပြည်ထောင်စုရဲ့ထွက်ရပ်လမ်းပဲဖြစ်**ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှ ကျန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စိတ်ချယုံကြည်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့သော် **လက်တွေ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရာနေရာမှာ NCA ပါ အခြေခံမူတွေ၊ လမ်းပြမြေပုံ အစီအစဉ်တွေကိုကျော်လွန်ပြီး ဆောင်ရွက်နေတာကို တွေ့ရ**ပါတယ်။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့ ပင်ကိုစိတ်၊ အဖွဲ့အစည်းအသီးသီးဟာလည်း ငြိမ်းချမ်းရေးကို တပ်မတော်လိုပဲ လိုလားနေမှာပဲဆိုတဲ့ ယုံကြည်နားလည်စိတ်၊ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဆိုးကျိုးကို မြေပြင်မှာလက်တွေ့ခံစားနေရတဲ့ နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒေသခံပြည်သူလူထုအပေါ် စာနာစိတ်တွေအပေါ် အလေးထားပြီး အဖွဲ့အစည်းအသီးသီးနဲ့ ပူးပေါင်းညှိနှိုင်းဆွေးနွေးအဖြေရှာခဲ့ပါတယ်။ ဒါကြောင့်လည်း (၁၀)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးမှာ ပဏာမသဘောတူညီချက်တွေကို ချမှတ်နိုင်ခဲ့ပါတယ်။ ယခုလို နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်ချက်တွေ၊ တိုင်းရင်းသားများရဲ့လိုလားမှုတွေကို သဘောတူညီချက်ရရှိခြင်းဟာ အဖွဲ့အစည်းအသီးသီးရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် တက်ကြွစွာပါဝင်မှု၊ စစ်မှန်တဲ့စေတနာထားမှုတို့ကြောင့်ဖြစ်ကြောင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့တွေဟာ ပုထုဇဉ်လူသားများဖြစ်လို့ လိုအင်ဆန္ဒတွေ အသီးသီးရှိနေကြမှာဖြစ်ပါတယ်။ **မိမိဆန္ဒတွေကို ရှေ့တန်းမတင်ဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ပကတိလိုအပ်ချက်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ရာသက်ပန်စောင့်ထိန်းလိုစိတ်၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မြဲမြဲနဲ့ ရာသက်ပန်စောင့်ထိန်းလိုစိတ်များကို အခြေခံလုပ်ဆောင်သွားဖို့ လိုအပ်**ကြောင်း ပြောကြားလိုပါတယ်။

အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကြရာမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်ဆိုပြီး NCA မှာ သဘောတူညီခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒါဟာ **NCA လမ်းကြောင်း**ရဲ့ ပန်းတိုင်ပဲဖြစ်ပြီး တိုင်းရင်းသားများ ယနေ့တောင်းဆိုနေတဲ့ အချက်အားလုံးအတွက် ခြုံငုံမိပြီးဖြစ်တယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။ ဒါကို **လျစ်လျူရှုပြီး အခြားလမ်းကြောင်း၊ နောက်ထပ်လမ်းကြောင်း၊ ဒုတိယလမ်းစဉ်ဆိုတဲ့ အခေါ်အဝေါ်တွေ သုံးစွဲလုပ်ဆောင်နေခြင်းဟာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို မလိုလားခြင်းသာဖြစ်ပါတယ်။ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းစဉ်က သွေဖည်ပြီး လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်ရေးလမ်းစဉ်၊ လက်နက်စွဲကိုင်ပြီး အာဏာရယူရေး လမ်းစဉ်နဲ့ ပြည်ထောင်စုမှ ခွဲထွက်ရေးလမ်းစဉ်တို့ကိုသာ ဦးတည်နေကြောင်း ယူဆရမှာဖြစ်**ပါတယ်။ ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ တင်သွင်းခဲ့တဲ့ စာတမ်း ၇၂ စောင်ကို လေ့လာတဲ့အခါမှာ **အချို့တိုင်းရင်းသားအဖွဲ့များရဲ့ ဆွေးနွေးချက်၊ တင်ပြချက်၊ လုပ်ဆောင်ချက်နဲ့ အခြေခံအယူအဆတွေဟာ** ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ ဖက်ဒရယ်ကို ကျော်လွန်ပြီး **အလွန်အကျွံတောင်းဆိုမှုတွေ ဖြစ်နေတာကိုလည်း သတိပြုမိခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ချက်မျိုးတွေဟာ ဒီမိုကရေစီအရေးနဲ့ ငြိမ်းချမ်းရေးအပေါ် မျှော်လင့်ချက်ကြီးမားစွာထားရှိနေတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ဆန္ဒနဲ့ အကျိုးစီးပွားကို ဆန့်ကျင်နေခြင်းသာဖြစ်**ပါတယ်။ တပ်မတော်ဟာ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးနေရတဲ့ အဖွဲ့အစည်းဖြစ်တာနဲ့အညီ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားကို ဆန့်ကျင်ဖျက်ဆီးနေတဲ့ လုပ်ရပ်တွေနဲ့ အဖွဲ့အစည်းတွေအပေါ် မိမိတို့ရဲ့တာဝန်နဲ့အညီ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးမဟာဗျူဟာဖြစ်တဲ့ NCA နဲ့ တပ်မတော်ရဲ့ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်တို့အပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်လျက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံပြီး နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

# လက်မှတ်မထိုးရသေးသော အဖွဲ့များအနေနဲ့လည်း ပြည်သူလူထုဘက်ကို မျက်နှာမူပြီး အမြန်ဆုံးလက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံရေးပါတီများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေးပြောကြားသည့် အဖွင့်အမှာစကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို တက်ရောက်လာကြတဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံ၍ နိုင်ငံတော်အကျိုးသယ်ပိုးနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ဒီအခမ်းအနားမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြုလျက် စကားပြောကြားခွင့်ရတဲ့အတွက်လည်း အထူးပင်ဝမ်းသာဂုဏ်ယူပါကြောင်း ဂါရဝပြု တင်ပြအပ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဟာ (တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်) NCA ရဲ့ အကျိုးရလဒ်တစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၆) ဖွဲ့ကို ကိုယ်စားပြုတဲ့ NCCT နဲ့ အစိုးရကို ကိုယ်စားပြုတဲ့ UPWC တို့ ဆွေးနွေးမှုအကြိမ် (၃၀) ခန့်ကို အချိန် (၁၇) လကြာပြုလုပ်ခဲ့ပြီး ၂၀၁၅ မတ်လ ၃၁ ရက်မှာ NCA Single Text (မူကြမ်း) ကို နိုင်ငံတော်သမ္မတရှေ့မှောက်မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ NCA (မူချော) ကိုအဆင့်ဆင့် ဆက်လက်ညှိနှိုင်းပြီး ၂၀၁၅ ဩဂုတ်လ ၇ ရက်မှာ သဘောတူနိုင်ခဲ့သဖြင့် ၂၀၁၅ အောက်တိုဘာ ၁၅ ရက်မှာ နေပြည်တော် MICC-2 ခန်းမမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့မှ ခေါင်းဆောင်များနဲ့ ပြည်တွင်းပြည်ပ သက်သေများ၏ရှေ့မှောက်မှာ လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်ပါတယ်။ "ကျွန်ုပ်နဲ့ စကားပြောချင်တယ်ဆိုရင် တဲထဲကို ဝင်လာနိုင်ပါတယ်။ ဒါပေမယ့် သင့်ရဲ့ဓားတွေကိုတော့ တဲပြင်မှာထားခဲ့ပါ" ဆိုတဲ့စကားဥပမာလိုပါပဲ ငြိမ်းချမ်းရေးစကားပြောကြမယ်ဆိုရင်တော့ တိုက်ရင်းခိုက်ရင်းပြောဖို့ရာ သဘာဝမကျတဲ့အတွက် နှစ်ဖက်တိုက်ခိုက်မှုများ ဦးစွာရပ်ဆိုင်းလိုက်ဖို့ဟာ မလွဲမသွေ လုပ်ရမယ့် လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် NCA ကို လေးစားလိုက်နာပြီး ပြည်တွင်းငြိမ်းချမ်းရေးကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ပါတယ်။

ဒီနေရာမှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်း Ceasefire ကို လက်နက်ဖြုတ်သိမ်းခြင်း DisArm၊ လက်နက်ချ အညံ့ခံခြင်း Surrender နဲ့ ကွဲကွဲပြားပြား ရှုမြင်နားလည်စေချင်ပါတယ်။ အဓိပ္ပာယ်ရော အနှစ်သာရပါ မြန်မာလိုရော အင်္ဂလိပ်လိုပါ လုံးဝကွဲပြားခြားနားပါတယ်။ စားပွဲဝိုင်းမှာ ပြောဆိုဆွေးနွေးမှုကို ပစ်ခတ်တိုက်ခိုက်မှုတွေနဲ့ ကျော်လွန်ဖိအားပေးရာမရောက်အောင် နှစ်ဦးနှစ်ဖက် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်မယ့် လမ်းကြောင်းတစ်ခုကို ချမှတ်ထားခြင်းသာ ဖြစ်ပါတယ်။ အကယ်၍အောက်ခြေမှာ နားလည်မှုလွဲတာတွေ၊ သတင်းဖလှယ်မှု မပြည့်စုံတာတွေကြောင့် တိုက်ခိုက်မှုများ ရှိခဲ့လျှင်သော်မှ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) က စောင့်ကြည့်၊ ကြားနာ၊ ဖြေရှင်းပေးနိုင်မယ့် အလွန်ကောင်းမွန်ပြည့်စုံတဲ့ ယန္တရားစနစ်ကြီး ရှိနေပြီဖြစ်လို့ သဘောတူထားပြီးသား NCA ကို လေးစားလိုက်နာကြပြီး ပြည်တွင်းငြိမ်းချမ်းရေးကို ဆက်လက်အကောင်အထည်ဖော်ကြစေလိုပါတယ်။ NCA လမ်းကြောင်းမှဖယ်ခွာပြီး မိမိအဖွဲ့အစည်းရဲ့ဆန္ဒကိုသာ ရှေ့တန်းတင်ဆောင်ရွက်ကြမယ်ဆိုရင်တော့ ပြည်သူတွေလိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးဟာ အလှမ်းဝေးနေဦးမှာ ဖြစ်ပါတယ်။

**ညီလာခံကိုယ်စားလှယ်များခင်ဗျား -**

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိ MICC-2 တွင် ၅ ရက်ကြာ ကျင်းပခဲ့ပြီး ကဏ္ဍကြီး (၅) ခုကို အစုအဖွဲ့ (၇) ဖွဲ့က ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြပါတယ်။ အဓိကကျတဲ့ ဆွေးနွေးချက်များကိုထုတ်နုတ်ပြီး စာတမ်းတစ်စောင်ကို UPDJC ဒုဥက္ကဋ္ဌ (၃) ဦးမှ နိုင်ငံတော် ဒုသမ္မတထံ လွှဲပြောင်းပေးခဲ့ပါတယ်။ ဆွေးနွေးအကြံပြုချက်များသာဖြစ်ပြီး ဆုံးဖြတ်ချက်များမဟုတ်ပါ။ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုတော့ (၂၁) ရာစုပင်လုံဆိုတဲ့ ဝိသေသနဲ့အတူ ၂၀၁၆ ဩဂုတ်လ ၃၁ မှ စက်တင်ဘာလ ၂ ရက်အထိ ပြုလုပ်ခဲ့တဲ့အခါမှာ ကဏ္ဍအလိုက်ဆွေးနွေးခြင်းမဟုတ်ဘဲ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အခြားဖိတ်ကြားသင့်သည့် အဖွဲ့များမှ မိမိတို့သဘောထားအမြင်များကို တင်ပြခဲ့ကြပါတယ်။ မိမိတို့သဘောထားအမြင်များကို လွတ်လပ်စွာတင်ပြခွင့်ပြုတဲ့အခါ နိုင်ငံတော်အမည်ပြောင်းလဲရေးအပါအဝင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် အလှည့်ကျဆောင်ရွက်ခွင့်၊ ပြည်နယ်သစ်တောင်းဆိုမှုများ၊ ခွဲထွက်ခွင့်ပါသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်စသည့် စည်းလုံးညီညွတ်မှုနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ တောင်းဆိုမှုများ၊ NCA စာချုပ်ပါ ဒို့တာဝန်အရေး (၃) ပါးကို ရှေးရှုသော ဆွေးနွေးမှုများအစား ထိခိုက်ပျက်ပြယ်စေသော ဆွေးနွေးမှုများပေါ်ပေါက်လာခဲ့တဲ့အတွက် ကြားရမြင်ရတဲ့ ပြည်သူလူထုတစ်ရပ်လုံးဟာ ငြိမ်းချမ်းရေးအတွက်နဲ့ ပြည်ထောင်စုနောင်ရေးအတွက် ရတက်မအေးဖြစ်ခဲ့ရပါတယ်။ ဒီနေရာမှာ အရေး(၃)ပါးနဲ့ ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြလိုတာက ဒို့တာဝန်အရေး (၃)ပါးဆိုပြီး တပ်မတော်အစိုးရလက်ထက်ကစလို့ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိဖြစ်အောင် အမျိုးသားအကျိုးစီးပွားအတွက် ဖော်ထုတ်ကာကွယ်စောင့်ရှောက်လာခဲ့တဲ့အတွက် မလိုသူများက တပ်မတော်ရဲ့ ဝါဒဖြန့် ဆောင်ပုဒ်၊ နဝတ၊ နယကအစိုးရများရဲ့ ဝါဒဖြန့်ဆောင်ပုဒ်အဖြစ် တံဆိပ်ကပ် ပုံဖျက်ခဲ့ကြပါတယ်။ ဒါပေမယ့် ပုဂ္ဂိုလ်စွဲ၊ အဖွဲ့အစည်းစွဲများကို ဘေးဖယ်ပြီး အစွဲကင်းကင်း၊ အမြင်ရှင်းရှင်းနဲ့ ကြည့်မယ်ဆိုရင်တော့ ဒီအရေးကိစ္စ (၃) ချက်ဟာ ပြည်ထောင်စုကြီးရဲ့သစ္စာတရား အမှန်ဖြစ်ကြောင်း သိသာထင်ရှားပါတယ်။ အသင်ဟာ အသင့်တိုင်းပြည်ကြီးကို တစ်စစီ အပြိုအကွဲခံမှာလား။ ဒီတိုင်းပြည်ထဲမှာ အတူနေနေကြတဲ့သူတွေအချင်းချင်း အမြစ်ပြတ်၊ လက်စတုံးချေမှုန်းဖို့လုပ်မှာလား၊ သင့်တိုင်းပြည်ရဲ့ တိုင်းသူပြည်သားအားလုံး ပိုင်ဆိုင်တဲ့ အသက်ဝိညာဉ်အချုပ်အခြာအာဏာကို မျိုးမတူဇာတ်ခြားတဲ့ တိုင်းတစ်ပါးသားလက်ထဲ အပ်ချင်သလားလို့ မေးခွန်းတစ်ခုချင်းနဲ့ ဆန်းစစ်ကြည့်လိုက်ရင် ပြည်ထောင်စုကို သစ္စာခံသူလား၊ ပြည်ထောင်စုကြီးအားရှိဖို့ လိုလားသူလား၊ အားနည်းပျက်သုဉ်းမယ့်လမ်းကြောင်းကို လိုက်လိုသူလားဆိုတာ ပေါ်လွင်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအရေးသုံးပါးဟာ ပုဂ္ဂိုလ်၊ တစ်စုံတစ်ယောက်၊ အဖွဲ့အစည်းတစ်ရပ်ရဲ့ ဝါဒဖြန့်ယန္တရား လက်ကိုင်ဆောင်ပုဒ်မဟုတ်ဘဲ ဘယ်အစိုးရတက်တက်၊ ဘယ်သူပဲခေါင်းဆောင်လုပ်လုပ် ပြည်ထောင်စုကြီးနှင့်ပြည်ထောင်စုသားများအတွက် အမြဲအကျိုးပြုနေမယ့် လက်ကိုင်ပြုကိုပြုနေရမယ့် ထာဝရသစ္စာတရားများဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ယခုကျင်းပပြုလုပ်တဲ့တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအကြိမ်)မှာတော့ ကဏ္ဍကြီး (၅) ခုမှာ UPDJC မှ အတည်ပြုထားတဲ့အချက်များကို ဆွေးနွေးကြပြီး ယခုညီလာခံမှ ဆုံးဖြတ်ချက်များအနေနဲ့ ထွက်ပေါ်လာမှာဖြစ်တဲ့အတွက် တိုင်းရင်းသားတွေတောင်းဆိုနေကြတဲ့ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအိပ်မက်တွေ စတင်အကောင်အထည်ပေါ်လာတော့မှာ ဖြစ်လို့ တည်ဆောက်ဆဲ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးဟာလည်း ရုပ်လုံးပေါ်လာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီများကိုယ်စား မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အထူးပင်ဝမ်းသာအားရ ဖြစ်မိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်မထိုးရသေးသော အဖွဲ့များအနေနဲ့လည်း ပြည်သူလူထုဘက်ကို မျက်နှာမူပြီး အမြန်ဆုံးလက်မှတ်ရေးထိုးကြဖို့ ရှေ့က ညီနောင်များ အချိန်ယူညှိနှိုင်း ဖောက်လုပ်ထားသောလမ်းကြောင်းပေါ်မှာ ဆက်လက်လျှောက်လှမ်းနိုင်ကြဖို့ တိုက်တွန်းလိုပါတယ်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေး။

**ညီလာခံကိုယ်စားလှယ်များခင်ဗျား -**

ယခုအခမ်းအနားပြီးတာနဲ့ အစုအဖွဲ့အမျိုးမျိုး၊ လူမျိုးအသီးသီးနဲ့ တောင်ပေါ်မြေပြန့်ဒေသအနှံ့ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များဟာ ကဏ္ဍအလိုက် မိမိတို့အမြင်၊ အယူအဆနဲ့လိုလားချက်များကို ညှိနှိုင်းဆွေးနွေးကြပါတော့မယ်။ တန်းတူညီမျှမှုအခြေခံနဲ့ ဆွေးနွေးညှိနှိုင်းရမှာ ဖြစ်တဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် အနိုင်ကိုင်၊ အမိန့်ပေးပုံစံနဲ့ အလုပ်မဖြစ်ခဲ့တာလည်း သမိုင်းသက်သေဖြစ်နေပါပြီ။ တကယ်တော့ မိမိတို့ ဖြစ်ချင်တာနဲ့ လက်တွေ့ဖြစ်နေတာတွေ ကြားထဲမှာ 'ဖြစ်သင့်တာ၊ ဖြစ်နိုင်တာ' ရှိနေတဲ့အတွက် အဲဒါကို ဆွေးနွေးဖက်များက စိတ်ရှည်သည်းခံပြီး ပညာဉာဏ်ပြည့်ဝစွာနဲ့ ရှာဖွေပေးကြဖို့ ပန်ကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) တစ်ဆင့်ပေါ်ထွက်လာတဲ့ "ဖက်ဒရယ်စနစ်မှာ အခြေခံရမယ့် မူများ" ထဲက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနဲ့ ပတ်သက်၍ တင်ပြရလျှင် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အခေါင်အချုပ်ဖြစ်တဲ့အတွက် ပြည်နယ်၊ တိုင်းဒေသကြီးများရဲ့အခြေခံဥပဒေဟာ ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့တော့ ညီညွတ်ဖို့ လိုပါတယ်။ ကွဲလွဲခွင့်၊ ကျော်လွန်ခွင့်မရှိပါ။ ပြည်ထောင်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ခြင်းမရှိစေရပါဘူး။ ဖက်ဒရယ်အစိတ်အပိုင်း Unit များ၏ သီးသန့်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးသား၊ ပြဋ္ဌာန်း၊ ကျင့်သုံးခွင့်ကို ခွင့်ပြုတဲ့ USA, Australia, Germany နဲ့ Switzerland နိုင်ငံများမှာရှိတဲ့ ပြည်နယ်များ၊ Lander၊ များ Canton များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ယင်းတို့၏ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲခွင့်မရှိပါ။ အမေရိကန်နိုင်ငံရှိ ပြည်နယ် ၅၀ ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည်လည်း The Constitution of the United States of America နှင့်အညီသာ ဖြစ်ရပါတယ်။ ဒါကြောင့် ရေးဆွဲပေါ်ပေါက်လာမယ့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက ဖွဲ့စည်းပုံအခြေခံဥပဒေများဟာ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီသာလျှင် ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးမှု၊ ဥပဒေကိုလေးစားလိုက်နာမှု၊ ဥပဒေနှင့်အညီဖြစ်မှုတို့ကို အုပ်ချုပ်သူ လူတန်းစားရော၊ အုပ်ချုပ်ခံပြည်သူများကြားမှာပါ အလေးအနက်ထားတတ်တဲ့ အလေ့အကျင့် နည်းပါးနေသေးတယ်လို့ လက်တွေ့ဖြစ်ရပ်များက သက်သေပြနေတဲ့အတွက် ပြည်ထောင်စုအကျိုးကို ရှေးရှုပြီး ယခုလို တင်ပြရခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်တင်ပြချင်တာကတော့ ယနေ့အစည်းအဝေးအပါအဝင် ဒီညီလာခံကြီးတစ်ခုလုံးရဲ့ အန္တိမရည်မှန်းချက်ဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ အချင်းချင်းသွေးကွဲ၊ ဆန့်ကျင်တိုက်ခိုက်မှုများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ရေးသာ ဖြစ်တယ်လို့ ကျွန်တော်အလေးအနက်ယုံကြည်ပါတယ်။ စုစည်းညီညွတ်မှုနဲ့ ပြည်ထောင်စုအားကို တည်ဆောက်ဖို့ စိုင်းပြင်းနေကြတဲ့အချိန်မှာ ခွဲထွက်ဖို့ကိစ္စဟာ စဉ်းစားရန်ပင်မသင့်တဲ့ အကြောင်းအရာတစ်ရပ်လို့ ထင်ပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်မှာ ခွဲထွက်ခွင့်အခြေခံဥပဒေမှာကို ထည့်သွင်းခဲ့တာ ဆိုဗီယက်ယူနီယံနဲ့ ၁၉၄၇ အခြေခံဥပဒေအရ ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတဲ့ နိုင်ငံ (၂) ခုမှာပဲ ရှိခဲ့တယ်လို့ မှတ်သားဖူးပါတယ်။ လက်တွေ့ဖြစ်ရပ်မှာလည်းပဲ ဆိုဗီယက်ယူနီယံဟာ တစ်စစီ၊ တစ်နိုင်ငံချင်းစီ ပြိုကွဲသွားခဲ့ရပြီး ပြည်ထောင်စုမြန်မာနိုင်ငံဟာလည်း တတိယအကြိမ်ရေးဆွဲအတည်ပြုထားတဲ့ အခြေခံဥပဒေပြဋ္ဌာန်းအသက်ဝင်နေသည့်တိုင် ပျက်ပြယ်ပြီးဖြစ်တဲ့ ၁၉၄၇ အခြေခံဥပဒေပေါင်းမှပြဋ္ဌာန်းချက်ကို ကိုင်စွဲတောင်းဆိုနေသည်များ ရှိနေသည်မှာလည်း ပြည်ထောင်စုခိုင်မာအားကောင်းရေးအတွက် သတိပြုစဉ်းစားရမယ့် အချက်တစ်ရပ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ပြည်ထောင်စုရှေ့ရေးကို စဉ်းစားကြတဲ့အခါမှာ ညီလာခံကိုယ်စားလှယ်ကြီးများအပါအဝင် ကျွန်တော်တို့ မမွေးမီကတည်းက တည်ရှိနေတဲ့ နိုင်ငံရဲ့ ပထဝီအနေအထားနဲ့ ဒီအပေါ်မှာ တည်မှီပြီး ဆက်စပ်ဖြစ်ပေါ်လာတဲ့ ပထဝီနိုင်ငံရေးအနေအထားတွေကို မလွဲမသွေ ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ လူဦးရေအများဆုံးနဲ့ စစ်အင်အား၊ စီးပွားရေးအင်အားအပြင် နည်းပညာအင်အားပါ အဆမတန်သာလွန်တဲ့ နိုင်ငံကြီးနှစ်ခုကြားထဲမှာ တည်ရှိနေပြီး တစ်ဖက်မှာ လူဦးရေပေါက်ကွဲနေတဲ့ နိုင်ငံ၊ တစ်ဖက်မှာမိမိနိုင်ငံကို Greater လို့ရှေ့ကခံပြီး ပိုမိုကျယ်ပြန့်အင်အားကြီးထွားအောင် ချဲ့ထွင်လိုသော နိုင်ငံများအကြားမှာ လက်တွေ့တည်ရှိနေတာဖြစ်ပါတယ်။ အဲဒီပထဝီနိုင်ငံရေး ပေးထားချက်များအရ လက်ငင်းရင်ဆိုင်နေရတဲ့ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုတွေကို ဒီနေ့မပြိုမပျက် ရှိနေတဲ့ ပြည်ထောင်စုကြီးအနေနဲ့တောင် အတော်ကြံ့ကြံ့ခံ ရင်ဆိုင်နေရတာဖြစ်တော့ ပြည်ထောင်စုအင်အားလျော့မယ့်အရေးထက် အင်အားကောင်းဖို့အရေးကိုသာ ဦးတည်ချက်ထား၊ ဦးစားပေးဆောင်ရွက်သင့်တယ်လို့ အဖြေထွက်ပါတယ်။

နိုင်ငံအနှံ့ တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်မှုကို ကြည့်ရင်လည်း နောက်ဆုံးကောက်ယူရရှိထားတဲ့ စာရင်းများအရ ကချင်ပြည်နယ်မှာ လူမျိုးပေါင်း (၁၀၀) ကျော်၊ ကယားပြည်နယ် သေးသေးကျဉ်းကျဉ်းထဲမှာ (၈၆)မျိုး၊ ရှမ်းပြည်နယ်မှာ လူမျိုးပေါင်း (၁၀၀) ကျော် လက်ရှိစာရင်းပေါက်နေထိုင်နေကြပါတယ်။ ဘယ်လူမျိုးထိခွဲ၊ ဘယ်လူမျိုးအထိ တွဲဖို့ဆိုတာ အဖြေထုတ်ဖို့ တော်တော်ခက်တဲ့ ကိစ္စပါ။ Domino Effect ဆိုတာ ကမ္ဘာ့နိုင်ငံရေးသမိုင်းမှာ ထင်ထင်ရှားရှား ဥပမာတွေ ရှိထားပြီးသားပါ။ မြန်မာမှုပြုရင်တော့ တစ်ယောက်ကစတစ်ရာဖြစ်နိုင်တာမို့ အထူးသတိထားကြဖို့ အလေးအနက်ပန်ကြားလိုပါတယ်။ ဒီကနေ့ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင် တိုက်ခိုက်မှုတွေအားလုံးဟာ သာမန်ပြည်သူတွေထင်ထားသလို တန်းတူညီမျှမရှိမှု၊ ခွဲခြားဖိနှိပ်မှု၊ ဖက်ဒရယ်ဖြစ်ခြင်း မဖြစ်ခြင်းဆိုတဲ့ ဖွဲ့စည်းမှုပုံစံ ပြဿနာမျှသာမဟုတ်ဘဲ နောက်ကွယ်မှာ အလွန်ရှုပ်ထွေးတဲ့ ပထဝီနိုင်ငံရေးဆိုင်ရာ အချက်အလက်တွေ အနီးကရော၊ အဝေးကရော နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်မှုတွေရှိနေတာကိုလည်း ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။ ရှုပ်ထွေးလှတဲ့ နောက်ခံအကြောင်းတရားတွေ၊ ရိုးရိုးရှင်းရှင်းမဟုတ်တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ ရှိခဲ့၊ ရှိဆဲဖြစ်တာကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အချိန်ဇယားသတ်မှတ်ပြီး ဘယ်နှနှစ်အတွင်း ပြီးရမယ်၊ သူ့လက်ထက်မှာပြီးအောင်လုပ်မယ်၊ ကိုယ့်လက်ထက်မှာပြီးအောင်လုပ်မယ်ဆိုတဲ့ တင်ကြိုတွေးတော ပိုင်းဖြတ်မှုများဟာလည်း စိတ်ကူးယဉ်ဆန်ပြီး လုပ်ငန်းစဉ်ရဲ့ ခက်ခဲနက်နဲမှု၊ နှလုံးရည်နဲ့ ဉာဏ်ပညာအမြော်အမြင်လိုအပ်မှု၊ စိတ်ရှည်သည်းခံနိုင်စွမ်း၊ ဈေးစပ်ညှိနှိုင်းခြင်းဘာသာရပ်ကျွမ်းကျင်မှု၊ စာနာနားလည်တတ်မှုစတဲ့ ကျွမ်းကျင်လိမ္မာမှုများနဲ့ ဆောင်ရွက်ကြရမှာဖြစ်တဲ့အတွက် အချိန်အကန့်အသတ်ဟာ အဓိကမကျဘဲ ပြည်ထောင်စုကိုချစ်ခင်စည်းလုံးမှုကို အလေးထား တန်ဖိုးထားမှု၊ ပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာကိုအသက်ဝိညာဉ်သဖွယ် ခင်တွယ်တန်ဖိုးထားမှုများ လူတိုင်းကိုယ်စီမှာ ရှိကြမှသာလျှင်ဈေးစပ်ညှိနှိုင်းမှုများ ချောမွေ့အောင်မြင်လိမ့်မယ်လို့ တင်ပြလိုပါတယ်။ ဒါကြောင့်ပြည်ထောင်စုနဲ့ ပြည်ထောင်စုသားအားလုံးရဲ့ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ဈေးစပ်ညှိနှိုင်းပွဲကို တက်ရောက်လာသူတိုင်းရဲ့ရင်မှာ အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ သန္နိဋ္ဌာန်စိတ်ခိုင်ခိုင်မြဲမြဲ စွဲကိုင်ထားမှသာ ပြည်ထောင်စုသားအားလုံး တမ်းတမ်းတတ အလိုရှိနေကြတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကြီး ဖြစ်ထွန်းပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးပန်းခင်းကြီးဖြစ်ပေါ်လာမှသာ ဒီမိုကရေစီ အသီးအပွင့်များလည်း ဖူးပွင့်ဝေဆာလာမှာ ဖြစ်ပါကြောင်း အလေးအနက်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ချစ်ကြပါအသင်းအုပ်ချုပ်သူ ဦးမင်းကိုနိုင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**✻ ငြိမ်းချမ်းရေးမှ**

ထို့နောက် ငြိမ်းချမ်းရေးဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ အမုန်းများ ရပ်အသင်းနှင့် ချစ်ကြပါအသင်းတို့ယှဉ်ပြိုင်ကြရာ တစ်ဖက် တစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ ဘောလုံးအားကစားသမားများကိုယ်စား ချစ်ကြပါအသင်း အုပ်ချုပ်သူ ဦးမင်းကိုနိုင်၊ တေးဂီတအနုပညာရှင်များကိုယ်စား ဂီတမှူး ဥက္ကာဦးသာ၊ ငြိမ်းချမ်းရေးဘောလုံးပြိုင်ပွဲဖြစ်မြောက်ရန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ပြိုင်ပွဲဖြစ်မြောက်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည့် ရွှေသံလွင်မီဒီယာကုမ္ပဏီ ဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကို ကြိုဆို ထောက်ခံခြင်းအထိမ်းအမှတ် ငြိမ်းချမ်းရေးဘောလုံးပြိုင်ပွဲဖြစ်မြောက်ရေး တွင် ပါဝင်အားပေးကူညီခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများအား ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးဘောလုံးပြိုင်ပွဲဝင် အသင်းများဖြစ်ကြသည့် ထာဝရအသင်းနှင့် ငြိမ်းချမ်းရေးအသင်း၊ ကညာပျိုအသင်းနှင့် ပျော်တော်ဆက် အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ဂုဏ်ပြုညစာစားပွဲကျင်းပ



**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) သို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တည်ခင်းဧည့်ခံ သည့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ည ၇ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ တပ်မတော် အရာရှိကြီးများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်သားအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ပျဉ်းမနားမြို့ရှိ အနေးယာဉ်လုပ်သားများအား တစ်ဦးလျှင် ကျပ်တစ်သိန်းစီလှူဒါန်း

**နေပြည်တော် မေ ၂၄**

"စိုးလျှပ်စစ်ဖောင်ဒေးရှင်ဥက္ကဋ္ဌ ဦးစိုးတင့်က နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ အနေးယာဉ်လုပ်သား ဆိုက်ကားသမားများကို ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဆိုက်ကား တစ်စီးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လှူဒါန်း ခဲ့ကြောင်း သိရသည်။

"အလှူရှင်ဦးစိုးတင့်က ကျွန်တော်တို့ ဆိုက်ကား သမားတွေကို မကြာခဏ လှူဒါန်းပေးပါတယ်။ အဲလို လှူလို့ရတဲ့ငွေကို ဆိုက်ကားပြင်တဲ့သူကပြင် အိမ်ပြင်ရမယ့်သူတွေကလည်း အိမ်ပြင်ပေါ့ဗျာ။ ဝမ်းသာမိတာတစ်ခုက မနက်ဖြန်ဆို ကျောင်း အပ်ရတော့မယ်။ ဒါကြောင့် ကလေးတွေအတွက် အတော်ကံကောင်းသွားတယ်။ ကျောင်းနဲ့ ပတ်သက်တဲ့ပစ္စည်းတွေ ဝယ်လို့အဆင်ပြေသွား တယ်ဗျာ။ ဘဘဦးစိုးတင့်ကို အလွန်ကျေးဇူးတင် ပါတယ်"ဟု အနေးယာဉ်လုပ်သားတစ်ဦးက ပြောသည်။

အဆိုပါ လှူဒါန်းမှုတွင် ပျဉ်းမနားမြို့နယ် အတွင်းရှိ ဆိုက်ကားစီးရေ ၈၀၀ အတွက် တစ်စီးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်းရှစ်ရာအား လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

# နည်းပညာတတ်ကျွမ်းသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် ဝိုင်းဝန်းကြိုးစားကြရမည်

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန အမှတ်(၂)စက်မှု သင်တန်း ကျောင်းအခြေအနေနှင့် စက်မှုပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားမှုအခြေအနေများကို မေ ၂၂ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့သည်။

ထို့နောက် ကျောင်းအစည်းအဝေးခန်းမ၌ စက်မှုပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် သင်တန်းကျောင်းအုပ် ဦးကျော်စွာဦးတို့က စက်မှုဝန်ကြီးဌာနက ဖွင့်လှစ်ပို့ချနေသော ပညာရပ်ဆိုင်ရာသင်တန်းကျောင်းများနှင့် ယင်းကျောင်းများမှ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်မှု၊ အလုပ်အကိုင်ရရှိမှု၊ နိုင်ငံတကာနှင့်ချိတ်ဆက်၍ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဘာသာရပ်ဆိုင်ရာများ၊ သင်ကြားမှုနည်းစနစ် ဆိုင်ရာများ၊ သင်တန်းကျောင်းပေါ်ပေါက်လာပုံ သမိုင်းကြောင်း ဆိုင်ရာများ၊ သင်တန်းသားအရေအတွက်နှင့် ဖွင့်လှစ်ပို့ချနေသော သင်တန်းအမျိုးအစားများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ဘဏ္ဍာ ရေးဆိုင်ရာများ၊ ဆောင်ရွက်နေဆဲနှင့် ဆက်လက်ဆောင်ရွက်သွား မည့် လုပ်ငန်းစဉ်ဆိုင်ရာများကို ပရိုဂျက်တာနှင့်တကွ ရှင်းလင်းတင်ပြ ကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးချုပ်က သင်တန်းကျောင်း များ၏ သင်ရိုးညွှန်းတမ်းများကို အာဆီယံစံနှုန်းများနှင့်အညီ အဆင့်မီဖြစ်စေရန် မျှော်မှန်းရေးဆွဲပို့ချသွားရမည်ဖြစ်ကြောင်း၊ AEC( ASEAN Economic Community) ဖြစ်လာချိန်တွင် ပြည်တွင်း ကျွမ်းကျင်လုပ်သားနှင့် ပညာရှင်များစွာ လိုအပ်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စက်မှုဇုန်များ ဖွံ့ဖြိုးသော်လည်း Mechanical နှင့်ပတ်သက်၍ ဖွံ့ဖြိုးရန် လိုအပ်နေသေးကြောင်း၊ ပုဂ္ဂလိကစက်ရုံများနှင့် လုပ်ငန်းလိုအပ်ချက်များကိုလေ့လာ၍ ယင်း နှင့်ကိုက်ညီသော ကျွမ်းကျင်ဝန်ထမ်းများကို စနစ်တကျ မွေးထုတ် ပေးကြရန် လိုအပ်ကြောင်း၊ ဆက်လက်ဖွင့်လှစ်ရန်လျာထားသည့် Auto Mobile Training ကိုလည်း မဖြစ်မနေ ဖွင့်လှစ်ဆောင်ရွက် သွားစေလိုကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာတတ်ကျွမ်းသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း အကြံပြု တိုက်တွန်းခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းကျောင်းတွင် စက်မှုပညာရပ်များအား လက်တွေ့သင်ကြားဆောင်ရွက်နေကြ သော Foundry, electrical fitter, Conventional machine too operator CNC Work shop များနှင့် စွမ်းရည်ပြခန်းများကို လိုက်လံကြည့်ရှုပြီး သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့သည်။

အမှတ်(၂) စက်မှုသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားနေ သော ပုံမှန်သင်တန်းသည် သင်တန်းကာလ တစ်နှစ်ဖြစ်ပြီး တစ်ပတ် လျှင် ငါးရက်ဖြင့် တစ်ရက်လျှင် ရှစ်နာရီပို့ချခြင်းဖြစ်ကြောင်း၊ အခြေခံ ပညာအထက်တန်း သင်ယူပြီးမြောက်သော အသက်(၁၇)နှစ်မှ (၂၅) နှစ်အတွင်းရှိသည့် လျှောက်ထားသူများအား အရည်အချင်း စစ်ဆေး ၍ ရွေးချယ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ယင်းသို့ ပုံမှန်သင်တန်း များအပြင် ကာလတို သင်တန်းများဖြစ်သော အခြေခံလျှပ်စစ်ပညာ သင်တန်း၊ အခြေခံဂဟေဆက်သင်တန်း၊ စိုက်ပျိုးရေးသုံး အင်ဂျင်ငယ် များနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းများ ကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းအားလုံးမှ သင်တန်းသားသင်တန်းသူ ရာနှုန်းပြည့်နီးပါး အလုပ်အကိုင်အခွင့် အလမ်းရရှိကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်အစိုးရ၏ အထူးသံတမန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၄**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးသံတမန် H.E. Mr. Yohei SASAKAWA အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့်နယ်မြေများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



○

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးသံတမန် H.E. Mr. Yohei SASAKAWA အား လက်ခံတွေ့ဆုံစဉ်။**

○

# ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ အရေးကြီးဆုံးအချက်က အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား အပြန်အလှန်ယုံကြည်မှုဖြစ်

**တွေ့ဆုံမေးမြန်း- ကျော်ထိုက်စိုး၊**
**ဓာတ်ပုံ-သုတ**

နေပြည်တော် မေ ၂၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)၏ ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ MICC-2 ၌ စတင်ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့်ဌာနေကိုယ်စားလှယ်တို့အား ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ၎င်းတို့၏အမြင်နှင့်မျှော်မှန်းချက်များကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။**



**Mr. Daniel Zohar Zonshine**
**မြန်မာနိုင်ငံဆိုင်ရာအစ္စရေးနိုင်ငံသံအမတ်ကြီး**



**Mr. Andrew Patrick**
**မြန်မာနိုင်ငံဆိုင်ရာဗြိတိန်နိုင်ငံသံအမတ်ကြီး**



**Dr. Stephan Paul Jost**
**WHO Representative to Myanmar**



**Mr. JarmoKuuttila**
**မြန်မာနိုင်ငံဆိုင်ရာဖင်လန်သံရုံး သံရုံးတာဝန်ခံ**

**Mr. Daniel Zohar Zonshine**
**(မြန်မာနိုင်ငံဆိုင်ရာအစ္စရေးနိုင်ငံသံအမတ်ကြီး)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) က မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးဖြစ်စဉ် ရှေ့ဆက်လုပ်ဆောင်ဖို့ အလွန်အရေးပါတဲ့ တွေ့ဆုံမှုဖြစ်ပါတယ်။ အစည်းအဝေးဆိုတာထက် လူနည်းစုတိုင်းရင်းသားတွေရဲ့ အိပ်မက်တွေအမှန်တကယ်ဖြစ်လာဖို့ ထုတ်ဖော်ပြောကြားခွင့်ရှိတဲ့ တွေ့ဆုံမှုလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်လုပ်ဆောင်ရာမှာ အရေးကြီးဆုံးအချက်ကတော့ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား အပြန်အလှန်ယုံကြည်မှုလို့ ကျွန်တော်ထင်ပါတယ်။ အပြန်အလှန်ယုံကြည်မှုနဲ့ စားပွဲဝိုင်းမှာဆွေးနွေးတာက ငြိမ်းချမ်းရေးရရှိဖို့နဲ့ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ ပိုမိုမြန်ဆန်ထိရောက်မယ်လို့ထင်ပါတယ်။ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရာမှာ အရေးကြီးဆုံးအချက်ကတော့ အပြန်အလှန်နားလည်မှုပေးခြင်းနဲ့ ဘယ်သူကဘာကိုလိုချင်တယ်၊ ဘယ်သူကဘာလိုအပ်တယ်ဆိုတာ သံသယကင်းကင်းနဲ့ သိရှိဖို့ ကြိုးစားပေးခြင်းပါ။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အစ္စရေးအစိုးရကလိုအပ်တဲ့နယ်ပယ်တွေမှာ တက်တက်ကြွကြွနဲ့ ပံ့ပိုးကူညီမှုတွေပေးခဲ့ပါတယ်။ လက်ရှိအစိုးရအဖွဲ့ ဦးစားပေးလုပ်ဆောင်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုရရှိမယ်လို့ အကြွင်းမဲ့ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဦးဆောင်အကောင်အထည်ဖော်နေတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထာဝရငြိမ်းချမ်းရေး ရရှိဖို့ နှစ်ပေါင်းများစွာတိုက်ပွဲဝင်ခဲ့တဲ့ အတွေ့အကြုံတွေရှိပါတယ်။ သူ့မှာ နိုင်ငံကို ဦးဆောင်နိုင်တဲ့စွမ်းရည်ရှိပါတယ်။

**Mr. Andrew Patrick**
**(မြန်မာနိုင်ငံဆိုင်ရာဗြိတိန်နိုင်ငံသံအမတ်ကြီး)**

ဒီပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံက အလွန်ကိုအရေးကြီးတဲ့ အစည်းအဝေးတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ လူနည်းစုတိုင်းရင်းသားအုပ်စုတွေက ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထောက်ခံကြောင်းပြသတဲ့အနေနဲ့ နေပြည်တော်ကိုလာပြီး အစည်းအဝေးကို တက်ရောက်နေကြတာပါ။ အစိုးရအနေနဲ့လည်း ဒီညီလာခံအတွက် အကောင်းဆုံးပြင်ဆင်ထားတာကို တွေ့ရပါတယ်။ ဒီညီလာခံကို တက်ရောက်နေသူအားလုံးက တိုင်းပြည်အနာဂတ်အတွက် အခြေခံကျတဲ့ စည်းမျဉ်းတွေကို ဆွေးနွေးကြမယ်လို့ ကျွန်တော်ထင်ပါတယ်။ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရာမှာ အရေးကြီးဆုံးအချက်ကတော့ တိုင်းပြည်မှာ နှစ်ပေါင်းများစွာ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေအကြားမှာ အပြန်အလှန်ယုံကြည်မှုမတည်ဆောက်နိုင်ခဲ့လို့ ဖြစ်ပါတယ်။ ဒီပင်လုံငြိမ်းချမ်းရေးညီလာခံမျိုး ကျင်းပပေးခြင်းကလည်း အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား ယုံကြည်မှုတည်ဆောက်ပေးခြင်းပါပဲ။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးရရှိဖို့ အချိန်ဘယ်လောက်ကြာမလဲဆိုတာကတော့ ကျွန်တော်လည်းမသိပါဘူး။ အခြားတိုင်းပြည်တွေမှာတော့ ငြိမ်းချမ်းရေးရရှိဖို့ အချိန်များစွာကြာပါတယ်။ မြန်မာနိုင်ငံက ပဋိပက္ခတွေကိုရပ်တန့်ဖို့ နှစ် (၅၀)၊ ဒါမှမဟုတ် နှစ်(၆၀)လည်းကြာချင်ကြာပါမယ်။ ကျွန်တော် သေချာပေါက်ပြောနိုင်တာကတော့ ငြိမ်းချမ်းရေးရရှိဖို့ ဆယ်စုနှစ်နဲ့ချီပြီး အချိန်ကြာမြင့်နိုင်ပါတယ်။ အရေးကြီးတဲ့အချက်ကတော့ တိုင်းပြည်မှာငြိမ်းချမ်းရေးရရှိဖို့ တိုက်ခိုက်မှုတွေ အဆုံးသတ်နိုင်အောင် ကြိုးစားခြင်းဖြစ်ပါတယ်။

**Dr. Stephan Paul Jost**
**(WHO Representative to Myanmar)**

ဒီနေ့စတင်ကျင်းပတဲ့ ဒီအခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ နှစ်(၇၀)နီးပါး ပြည်တွင်းပဋိပက္ခတွေကို ရပ်တန့်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေတက်တက်ကြွကြွ ဆွေးနွေးနေတာမြင်တွေ့ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ငြိမ်းချမ်းရေးမရရှိဘဲနဲ့တော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မှာ မဟုတ်ပါဘူး။ ဒီလိုညီလာခံက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရေးပါတယ်လို့ ထင်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ အချိန်ဘယ်လောက်ကြာမလဲဆိုတာကတော့ မြန်မာပြည်သူတွေအပေါ်မှာပဲ မူတည်ပါတယ်။ အမြင်မတူညီတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းဆီကို ရောက်အောင်ဖိတ်ပြီး ငြိမ်းချမ်းရေးကိစ္စဆွေးနွေးခြင်းဟာ အစိုးရက မဖြစ်မနေလုပ်ဆောင်ရမယ့် လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံခြားသားတစ်ယောက်အနေနဲ့ ကျွန်တော့်အမြင်ကိုပြောရရင် အစိုးရအနေနဲ့ ငြိမ်းချမ်းရေး လုပ်ဆောင်ရာမှာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပေးအယူလုပ်ကောင်းလုပ်ရပါမယ်။ မြန်မာနိုင်ငံမှာ အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ အဓိကစိန်ခေါ်မှုအခက်အခဲတွေကတော့ ယုံကြည်မှုတည်ဆောက်ရာမှာ အပြန်အလှန်နားလည်မှုမရှိခြင်းဖြစ်ပါတယ်။ မတူညီတဲ့ အဖွဲ့အစည်းတွေအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်မှသာ ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ အပြန်အလှန်နားလည်မှုရှိခြင်း၊ ယုံကြည်ခြင်းက အစိုးရနဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ အခြေခံအကျဆုံးအချက်တွေပဲ ဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရအဖွဲ့က တပ်မတော်နဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်သမ္မတဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်သူအားလုံးက တိုင်းပြည်အတွက်၊ ပြည်သူတွေအတွက် မတူညီတဲ့အဖွဲ့အစည်းတွေအကြား ယုံကြည်မှုတည်ဆောက်ပေးမယ်လို့ မျှော်လင့်ပါတယ်။

**Mr. JarmoKuuttila**
**(မြန်မာနိုင်ငံဆိုင်ရာဖင်လန်သံရုံး သံရုံးတာဝန်ခံ)**

အမျိုးအစားမတူတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကသူတို့ရဲ့ ခံယူချက်နဲ့ ဒီငြိမ်းချမ်းရေးညီလာခံကိုတက်ရောက်တာဖြစ်တဲ့အတွက် အခက်အခဲ၊ အတားအဆီးတွေကတော့ အနည်းနဲ့အများရှိနေမှာဖြစ်ပါတယ်။ သို့သော်လည်း သူတို့ကိုယ်တိုင်က ဒီဆွေးနွေးပွဲကို စိတ်ပါလက်ပါလာရောက်ကြတဲ့အတွက် အပြုသဘောဆောင်တဲ့ လက္ခဏာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ဖို့ကတော့ အချိန်ဘယ်လောက်ကြာမယ်ဆိုတာ ပြောရခက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလက်ရှိအစိုးရကတိုင်းရင်းသားအားလုံးကို တစုတစည်းတည်းဖြစ်အောင် စုစည်းပေးနိုင်တာကိုတွေ့ရပါတယ်။ ဒါကလည်းအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ရှေ့ခြေလှမ်းတစ်လှမ်းပဲဖြစ်ပါတယ်။ ဖင်လန်အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ နည်းလမ်းနှစ်ခုကနေ အကူအညီပေးနေပါတယ်။ နည်းလမ်းတစ်ခုကတော့ ငွေကြေးထောက်ပံ့မှုအပိုင်းဖြစ်ပါတယ်။ အခုဆိုရင် ဖင်လန်အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ငြိမ်းချမ်းရေးရန်ပုံငွေနှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ပံ့ပိုးကူညီနေပါတယ်။ဒုတိယနည်းလမ်းကတော့ ဖင်လန်နိုင်ငံက Euro-Burma Office ကိုပံ့ပိုးကူညီပေးနေပါတယ်။အနာဂတ်မှာလည်းရှေ့ဆက်ကူညီပေးဖို့ ရှိပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ဆောင်ရာမှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အခက်အခဲတွေအများကြီးရှိနေပါတယ်။ လက်ရှိလက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ တပ်မတော်ကိုပံ့ပိုးကူညီဖို့လိုအပ်သလို လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားအဖွဲ့တွေကိုလည်း လက်မှတ်ရေးထိုးချင်လာအောင် စည်းရုံးသိမ်းသွင်းဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍပိုမိုကျယ်ပြန့်လာဖို့ လိုအပ်ပါတယ်။ အမျိုးသမီးအရေအတွက် များလာတာနဲ့အမျှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ အထောက်အကူဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး) ပထမနေ့ စုံညီ ညီလာခံအစည်းအဝေး ကျင်းပ




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး) ပထမနေ့ စုံညီ ညီလာခံအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ပထမနေ့ စုံညီ ညီလာခံ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)(MICC–2)၌ စတင်ကျင်းပသည်။

အစည်းအဝေး၌ သဘာပတိများအဖြစ် ဒေါက်တာတင်မျိုးဝင်း ဦးဆောင်၍ ဦးညဏ်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ခိုင်စိုးနိုင်အောင်၊ ဦးစောတင်ဝင်းတို့က ဆောင်ရွက်ကြပြီး သဘာပတိ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဦးမျိုးဝင်း၊ ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးနိုင်ငံလင်း၊ ခွန်မြင့်ထွန်း၊ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် တာလှဖေတို့က ညီလာခံကျင်းပမည့်ပုံစံရှင်းလင်းတင်ပြခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ လုပ်ငန်းအစီရင်ခံစာ တင်သွင်းခြင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍဆိုင်ရာအခြေခံမူဝါဒများ တင်သွင်းခြင်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာမူဝါဒများ တင်သွင်းခြင်း၊ လုံခြုံရေးကဏ္ဍဆိုင်ရာ အစီရင်ခံစာတင်ပြခြင်းနှင့် ညီလာခံတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ တင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး သဘာပတိအဖွဲ့ဝင် ဦးညဏ်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး ပထမနေ့ စုံညီညီလာခံအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ အစုအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၊ တပ်မတော်သားအစုအဖွဲ့၊ အစိုးရကိုယ်စားလှယ်များအစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့တို့က သက်ဆိုင်ရာ အစုအဖွဲ့အလိုက် ညီလာခံတွင် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ညီလာခံပထမနေ့ဆောင်ရွက်ခဲ့မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ရှင်းလင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး တက်ရောက်သူအချို့၏ စကားသံများ

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး ပထမနေ့ကို နေပြည်တော်ရှိ MICC-2 တွင် မေ ၂၄ ရက်က ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးမှ ထွက်ပေါ်လာသည့် ရလဒ်များသည် ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုပြီး အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံကောင်းများဖြစ်လာရန် မျှော်လင့်ထားကြသည်။ တက်ရောက်လာသူအချို့၏ သဘောထားအမြင်များ၊ အယူအဆများ၊ မှတ်ချက်များကို ဖော်ပြလိုက်ပါသည်-**

**ဦးဆမ်ဆောင်းကား**
**'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ**

NCA လက်မှတ်ထိုးတာ၊ မထိုးတာနဲ့ ပတ်သက်ပြီး နှစ်ဖက်ခေါင်းဆောင်တွေ ပြေလည်အောင်ညှိနှိုင်းပြီး တရားဝင်တဲ့ အစည်းအဝေးတစ်ခု လုပ်ရင် ပိုကောင်းမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိုအဖွဲ့ချန်၊ ဒီအဖွဲ့ချန်ဆိုလို့ရှိရင် စစ်မှန်တဲ့ ငြိမ်းချမ်းရေးရမှာ မဟုတ်ပါဘူးလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာခေါင်းဆောင်တွေ သေချာညှိနှိုင်းပြီး ဘောင်ဝင်အောင် ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာကို ဆောင်ရွက်သွားရင် အဆင်ပြေမယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့က ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဦးတည်တဲ့အခါ အခုပုံစံက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်အတွင်းထဲမှာ ဆွေးနွေးရတာတို့၊ NCA လက်မှတ်ထိုးမှ ဆွေးနွေးရတာတို့က ကျွန်တော့်အမြင်ရတော့ သိပ်မလွတ်လပ်ဘူးလို့ထင်ပါတယ်။ ကျွန်တော်ဖြစ်စေချင်တာက လွတ်လွတ်လပ်လပ်တိုင်ပင် ညှိနှိုင်းပြီး အဖြေရှာရင် ပိုကောင်းမယ်လို့ ယူဆပါတယ်။

**ဦးဇော်ဌေး**
**ညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

ဒီညီလာခံကို တက်ရောက်တဲ့ သက်ဆိုင်ရာအစုအဖွဲ့ခေါင်းဆောင်တွေ၊ အစိုးရအစုအဖွဲ့ ခေါင်းဆောင်ဆိုရင် ဒေါက်တာတင်မျိုးဝင်း၊ တပ်မတော်ဆိုရင် တပ်မတော်ဘက် အစုအဖွဲ့ရှိမယ်။ လွှတ်တော်အစုအဖွဲ့ရှိမယ်။ နိုင်ငံရေးပါတီအစုအဖွဲ့ခေါင်းဆောင်တွေ သဘောတူလက်မှတ်ရေးထိုးကြမယ်။ လက်မှတ်ထိုးတဲ့ သဘောတူစာချုပ်တစ်ခု ဖြစ်လာမယ်။ ဒီစာချုပ်က ကျွန်တော်တို့ပြောနေတဲ့ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းဖြစ်လာမယ်။ ညီလာခံတစ်ခုပြီးတိုင်း ပြီးတိုင်း ရရှိလာတဲ့ သဘောတူညီချက်တွေကို ကျွန်တော်တို့က လက်မှတ်ရေးထိုး စာချုပ်ချုပ်မယ်။ ဒီစာချုပ်တွေ ပေါင်းပြီး ပြည်ထောင်စုစာချုပ်ကြီး ဖြစ်လာမယ်။ ဆိုလိုတာက ကျွန်တော်တို့ (၂၁)ရာစု ပင်လုံညီလာခံရဲ့ သဘောတူစာချုပ်နောက်ဆုံးကျရင် ဖြစ်လာမယ်။

**ဦးမင်းဦး**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**ပဲခူးတိုင်းဒေသကြီး**
**မဲဆန္ဒနယ် အမှတ်(၆)**

ဒီနေ့မှာ ဘုံသဘောတူညီချက် ၄၁ ချက် ရထားပြီးပြီလို့ သိရပါတယ်။ ဒီအပေါ်မှာ အမြင်မတူတာတွေ၊ တစ်ယောက်နဲ့ တစ်ယောက်နားလည်မှုတွေ၊ အပြန်အလှန်လေးစားမှုတွေ၊ သူ့သဘော၊ ကိုယ့်သဘော၊ သဘောတူခြင်း၊ မတူခြင်းတွေ၊ သူ့အမြင်၊ ကိုယ့်အမြင်တွေကို ငြိမ်းချမ်းရေးစားပွဲဝိုင်းမှာ ဆွေးနွေးခြင်းအားဖြင့် ငြိမ်းချမ်းရေးအတွက် ပိုပြီးတော့ အာမခံချက်ပေးနိုင်မယ့် သဘောတူညီမှုတွေ၊ ဆုံးဖြတ်ချက်တွေ ဒီညီလာခံကနေပြီးတော့ ရလာနိုင်လိမ့်မယ်လို့ မျှော်လင့်သလို NCA လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ အဖွဲ့တွေကလည်း နောင်တစ်ချိန်မှာ ပါဝင်လာလိမ့်မယ်လို့ မျှော်လင့်တယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ နိုင်ငံသူနိုင်ငံသားတွေရဲ့ လေးပုံသုံးပုံလောက်ပါလာပြီဆိုရင် ကျန်တဲ့တစ်ပုံလည်း ပါဝင်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာကတော့ စိတ်ရှည်မှု၊ သည်းခံမှုတွေနဲ့ သွားရမှာဖြစ်တယ်။ ကမ္ဘာနဲ့အဝှမ်းဖြစ်ပွားခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီးတောင်မှ လက်နက်နဲ့ ငြိမ်းခဲ့ရတာ မဟုတ်ဘူး။ ညှိနှိုင်းဆွေးနွေးရင်းနဲ့ပဲ ငြိမ်းချမ်းရေးကိုယူခဲ့ကြတာ။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးရရှိနိုင်မယ့် အခြေခံရလဒ်ကောင်းတွေ ထပ်ပြီးပေါ်ထွက်လာလိမ့်မယ်။ လက်မှတ်မထိုးဘဲ ကျန်နေခဲ့တဲ့ အစုအဖွဲ့တွေလည်း ပါဝင်ပူးပေါင်းလာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။

**ဒေါက်တာစိုင်းကျော်ဦး**
**ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ဗဟိုကော်မတီဝင်**

ဒီကနေ့ ပြောသွားတာတွေက မှတ်သားလောက်တဲ့အချက်တွေ အများကြီးပါပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အားလုံး လိုလားတောင့်တတဲ့ လိုလားချက်တွေရဖို့အတွက် ဒီညီလာခံကနေပြီးတော့ ချက်ချင်းကြီး အဖြေတော့ မထွက်နိုင်သေးဘူး။ ရလဒ်ကောင်းတစ်ခုရဖို့အတွက်ဆိုရင် အချိန်တော့ယူရလိမ့်မယ်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ပါဝင်လာမှပဲ အဆင်ပြေမယ်။ အဲလိုမှမဟုတ်ရင် ပြီးဆုံးမှာမဟုတ်ပါဘူး။ အဲဒါဟာ အဓိကအချက်ပါပဲ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်ကတော့ တစ်ဆင့်ပြီး တစ်ဆင့်သွားရမယ်။ စိတ်ရှည်ရမယ်၊ သည်းခံရမယ်။ ဒီကနေ့တက်လာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေထဲက အဖွဲ့ငါးဖွဲ့လောက်တော့ NCA လက်မှတ်ထိုးနိုင်လိမ့်လို့ကြားပါတယ်။

**ဦးခွန်ဥက္ကာ**
**PNLO ဦးဆောင်နာယက**

ကဏ္ဍငါးရပ်မှာ ဒေသအလိုက်၊ လူမျိုးအလိုက်လုပ်ထားတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေရှိတယ်။ ဆွေးနွေးပွဲတွေကရလဒ်တွေကို ပေါင်းလိုက်တော့ ၄၁ ချက် ထွက်လာတယ်။ ကဏ္ဍငါးခုက ၄၁ ချက်ကို ဆွေးနွေးမယ်။ ဖြစ်နိုင်ရင်အတည်ပြုမယ်။ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လုံခြုံရေးကဏ္ဍတို့မှာ နည်းနည်းစီနဲ့ နိုင်ငံရေးကဏ္ဍမှာ ၇၈ ချက်ဖြစ်ပါတယ်။

UNFC က အဖွဲ့ဝင် အဖွဲ့ကတော့ နှစ်ဖွဲ့ရှိတယ်။ နှစ်ဖွဲ့ လာတက်တယ်။ ဒီတစ်ခါတော့ မြောက်ပိုင်းတပ်ပေါင်းစုဆိုင်းဘုတ်နဲ့လာတာပါ။ UNFC ဆိုင်းဘုတ်နဲ့ ကျန်ခဲ့တဲ့အဖွဲ့လေးဖွဲ့ကတော့ လာတာမတွေ့ရဘူး။ UNFC မလာဖြစ်တာကတော့ သူတို့တင်ထားတဲ့ ရှစ်ချက် မရသေးလို့ဆိုပြီးကြားတယ်။ တကယ်တော့ ရှစ်ချက်နဲ့မဆိုင်ဘူး။ ရှစ်ချက်ရရင်လက်မှတ်ထိုးတာ။ လက်မှတ်လာထိုးခိုင်းတာ မဟုတ်ဘူး။ အထူးဖိတ်ကြားသူအဖြစ်နဲ့ လာတက်ခိုင်းတာပါ။ လက်မှတ်ထိုးဖို့ အဖွဲ့အသစ်ကတော့ မရှိသေးပါဘူး။ လက်မှတ်ထိုးရေး၊ မထိုးရေးက ဒီနေရာမှာ စကားပြောမှာမဟုတ်ဘူး။ သဘောတူညီချက်တွေကလည်း NCA နဲ့အညီ ဖြစ်လာတာပါ။ စာချုပ်မှာ ကတိကဝတ် အတူပြုလိုက်ရင်တော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ နောက်ထပ်ဆွေးနွေးပွဲတွေ ဆက်ပါလို့ရတယ်။ မူလ NCA ထဲမှာတော့ ထဲထဲဝင်ဝင်ပါလာဖို့လိုတယ်။ NCA ဆိုတာကတော့ တံတားတစ်စင်းပါပဲ။ အဲဒီတံတားကို ဖြတ်ပြီးတော့မှ ဖက်ဒရယ်ပြည်ထောင်စုအဆင့်ကို ရောက်သွားမှာပါ။

**ဒေါ်စောမြရာဇာလင်း**
**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ**
**ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့**
**ဒုတိယခေါင်းဆောင်**

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဟာ တိုင်းရင်းသားတစ်ရပ်လုံးမျှော်မှန်းနေတဲ့ မျှော်မှန်းချက်ဖြစ်တယ်။ ဆူကြံနိမ့်မြင့်မရှိအနေအထားနဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာဖို့အတွက်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းဖို့ အင်မတန်အရေးကြီးပါတယ်။ ထိုနည်းဎင်း ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ ဆန့်ကျင်ကွဲလွဲမှုမရှိတဲ့ ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံတွေကို ရေးဆွဲရမှာဖြစ်တယ်။ ကိုယ့်ရဲ့အစိုးရကို ကိုယ်ကိုယ်တိုင်က ရွေးချယ်တင်မြှောက်ဖို့ လိုအပ်တယ်။ အဲဒါကြောင့် ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေးကို ဒီညီလာခံမှာ ဆွေးနွေးသွားမှာပါ။ အုပ်စုလိုက် ဆွေးနွေးတဲ့နေရာတွေရှိတယ်။ ကဏ္ဍအလိုက်ဆွေးနွေးတဲ့နေရာတွေရှိတယ်။ ကျွန်မတို့မျှော်မှန်းထားတဲ့ ဖက်ဒရယ်ပြည်ထောင်စုဟာဆိုရင် အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဥပဒေပြုခွင့်အာဏာတွေ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ခွင့်တွေ ကျွန်မတို့မှာရှိရမယ်။ ဒါဟာ ကျွန်မတို့ရဲ့ အဓိကရည်မှန်းချက်တွေဖြစ်ပါတယ်။


ဦးဆမ်ဆောင်းကား


ဦးဇော်ဌေး


ဦးခွန်ဥက္ကာ


ဒေါ်စောမြရာဇာလင်း

**အောင်မင်းစိုး၊ နိုင်လင်းကြည်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး အဖွဲ့ဝင်များသတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မေ ၂၄**

ယနေ့ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး ပထမနေ့ အပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)အတွင်းရေးမှူး အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးစိုင်းကျော်ညွန့်၊ ဦးလှမောင်ရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)နှင့် ဦးဇော်ဌေးတို့သည် အစည်းအဝေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်တွင်း ပြည်ပမီဒီယာများအား သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)က တိုင်းဒေသကြီးနှင့်ပြည်နယ် နေရာခြောက်ခုတွင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသည့် စာတမ်းများအား လုပ်ငန်းကော်မတီအသီးသီးမှ မတ်လတွင် စုစည်းခဲ့ကြောင်း၊ ကဏ္ဍ ငါးခုအတွက် ရရှိလာသည့် စာတမ်းများအားUPDJC အတွင်းရေးမှူးအဖွဲ့တွင် ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ အဆိုပါ အချက်အလက်များအား ဒုတိယအကြိမ်(၂၁)ရာစုပင်လုံ ဒုတိယနေ့အစည်းအဝေးမှစတင်၍ ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် ဆွေးနွေးရရှိသည့် အကြောင်းအရာများကိုUPDJC အတွင်းရေးမှူးအဖွဲ့မှ ပြန်လည်မှတ်တမ်းယူ၍ ညီလာခံနောက်ဆုံးနေ့တွင် အတည်ပြုနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မေ ၁၂ ရက်က ပြုလုပ်သည့် UPDJC အစည်းအဝေး ဆုံးဖြတ်ချက်တွင်နိုင်ငံရေးကဏ္ဍတွင် ခေါင်းစဉ်ကြီးခြောက်ခုမှ အချက်ပေါင်း၂၁ ချက်၊စီးပွားရေးကဏ္ဍ ခေါင်းစဉ်ကြီးခုနစ်ခု၌ အချက်ပေါင်း ၁၀ ချက်၊ လူမှုရေးကဏ္ဍ၌ အချက်ပေါင်း လေးချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၌ အချက်ပေါင်း ခြောက်ချက် စုစုပေါင်း ၄၁ ချက်ကို သဘောတူညီမှု ရရှိခဲ့ပြီးအဆိုပါ အချက်များနှင့် လုံခြုံရေးကဏ္ဍတို့ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် စုစည်းချက်ရယူ၍ အတည်ပြုမည်ဖြစ်သည်။

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ဒီညီလာခံမှာ ပြီးခဲ့တဲ့ ညီလာခံတွေနဲ့မတူဘဲ အဆိုပြုလွှာတွေ တင်သွင်းနိုင်တယ်။ အထူးသဖြင့်နိုင်ငံရေးကဏ္ဍကနေဆိုရင် အခြေခံမူခြောက်ခုမှာပါတဲ့ အချက်အလက်တွေ တင်သွင်းနိုင်တယ်။ အဲ့ဒါတွေကလည်း ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေ နှစ်ပေါင်းများစွာ နိုင်ငံရေးအရရော စစ်ရေးအရပါ တောင်းဆိုခဲ့တဲ့ တောင်းဆိုချက်အားလုံးကို အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲနဲ့ UPDJC အစည်းအဝေးမှာ စုစည်းပြီးတော့ သဘောတူညီချက်တွေ ရနိုင်အောင် တင်သွင်းပါတယ်။အခုတင်သွင်းချက်တွေဟာ ဒီညီလာခံမှာသဘောတူညီချက် တစ်စုံတရာ ရနိုင်မယ်ဆိုရင် အင်မတန် တန်ဖိုးရှိပြီး အရေးကြီးတဲ့မှတ်တိုင်ဖြစ်ပါလိမ့်မယ်။ သဘောတူညီချက်တွေရလာရင် ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ ကျွန်တော်တို့ ဆက်လက် ညှိနှိုင်းရမှာဖြစ်ပါတယ်"ဟုညီလာခံတွင်ဆောင်ရွက်သွားမည့်အရာများအတွက် ပြောကြားသည်။

ယင်းနောက် ပြည်တွင်းပြည်ပသတင်းမီဒီယာများက မြောက်ပိုင်းအဖွဲ့ခုနစ်ဖွဲ့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်း ပြင်ပမှသွားမည့်သဘောထား၊ ညီလာခံတက်ရောက်ခြင်းမရှိသည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် NCA လမ်းကြောင်းတွင် ဆက်လက်ပါဝင်နိုင်မည့် အခြေအနေ၊ ယခင်အစိုးရနှင့် တပ်မတော်တို့က ဖိတ်ကြားခြင်း မပြုသည့် AA၊ TNLA နှင့် MNDAA တို့ ညီလာခံသို့ ပါဝင်လာသည့်အကြောင်းနှင့် အဆိုပါအဖွဲ့ သုံးဖွဲ့အပေါ် သဘောထားတို့ကိုမေးမြန်းကြသည်။

ဦးဇော်ဌေးကUNFC နှင့်ပတ်သက်၍ " UNFC က ဖွဲ့ထားတဲ့ DPN နဲ့ အလွတ်သဘောရော၊ တရားဝင်ရော အကြိမ်ကြိမ်တွေ့ဆုံထားတယ်။ မူဘောင်ရေးဆွဲတော့လည်းပါတယ်။ တစ်ဖက်မှာလည်းသဘောတူထားတာရှိတယ်။ UNFC နဲ့က မူလလမ်းကြောင်းက မူဘောင်မှာပါမယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) လုပ်ငန်းစဉ်မှာပါမယ်။ တစ်ချိန်တည်းမှာပဲ NCA လက်မှတ်ထိုးဖို့ တောင်းဆိုချက် ကိုးချက်ကိုညှိနှိုင်းမယ်ဆိုတဲ့ လမ်းကြောင်းပါ။ ကျွန်တော်တို့က ဒီအတိုင်းဆက်လက်ဆွေးနွေးမယ်။ တံခါးဖွင့်ထားပါတယ်"ဟုဖြေကြားသည်။

မြောက်ပိုင်းအဖွဲ့သွားချင်သည့် လမ်းကြောင်းနှင့် NCA စာချုပ် သဘောထားကွဲလွဲနေမှုကို ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)က "ကျွန်တော်တို့အနေနဲ့ NCA အတိုင်းသွားမယ်။ NCA ပြင်ပလမ်းကြောင်းမရှိပါဘူး။ မြောက်ပိုင်းအဖွဲ့တွေအတွက် UPDJC ကတော့ ကြားဝင်ဆွေးနွေးလို့မရဘူး။ ငြိမ်းချမ်းရေးကော်မရှင် (P.C) ကတော့ ကြားဝင်ညှိနှိုင်းနိုင်တယ်။ ဒါကိုအပေါ်ကလူကြီးတွေ ဆုံးဖြတ်ပါလိမ့်မယ်"ဟု ဖြေကြားသည်။

ဦးဇော်ဌေးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသည့် ညီလာခံအဖွင့်မိန့်ခွန်းတွင် NCA ၏ထီးရိပ်ကိုတိုးချဲ့၍ NCA ကိုပိုမိုကျယ်ပြန့်အောင် အစိုးရကလုပ်ဆောင်မည်ဟု ပါဝင်ကြောင်းနှင့် လက်မှတ်မထိုးထားသည့် တိုင်းရင်းသားအဖွဲ့များပါလာစေရန် ငြိမ်းချမ်းရေးတံခါးဖွင့်ပြီး ဆက်လက်လုပ်ဆောင်မည်ဟုပြောထားကြောင်း ဖြေကြားခဲ့သည်။

မြောက်ပိုင်းအဖွဲ့များဖြစ်သည့် TNLA ၊ AA၊ MNDAA အပေါ် ဦးဇော်ဌေးက "ကျွန်တော်တို့ နိုင်ငံဟာ အချုပ်အခြာအာဏာရှိတယ်။ ဒါသည် ပြည်တွင်းဆွေးနွေးပွဲဖြစ်တယ်ဆိုတဲ့ ပုံစံနဲ့ သွားပါတယ်။ တရုတ်နိုင်ငံက ကြားဝင်ပြီးအကျိုးဆောင်တာရှိတယ်။ မြောက်ပိုင်းအဖွဲ့တွေနဲ့ တရုတ်က ပထဝီနိုင်ငံရေးအရ ဆက်စပ်နေတယ်။ ကျွန်တော်တို့က အထူးဖိတ်ကြားသူအနေနဲ့ဖိတ်တယ်။ ပထမဖိတ်တာမြောက်ပိုင်း သုံးဖွဲ့မပါဘူး။ UNFC မှာပါတဲ့ နှစ်ဖွဲ့ကို ကျွန်တော်တို့ ဖိတ်တယ်။ နောက် UWSA "ဝ" နဲ့ NDAA(မိုင်းလား) ကိုဖိတ်တယ်။ တစ်ဖွဲ့ချင်းဖိတ်တဲ့အခါ ကျန်တဲ့ အဖွဲ့တွေ မြောက်ပိုင်းသုံးဖွဲ့ကလည်း အလားတူတက်ချင်တယ်လို့ ကမ်းလှမ်းချက်ရတယ်။ ဒါကိုအစိုးရနဲ့ တပ်မတော်က ပြန်လည်ညှိနှိုင်းပြီးဖိတ်လိုက်တယ်။ ဖိတ်တဲ့အခါမှာလည်း UPDJC အတွင်းရေးမှူးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့ ဖိတ်တာပါ"ဟုဖြေကြားသည်။

စိုင်းကျော်ညွန့်က ယခုညီလာခံသည် NCA အရ ဖြစ်ပေါ်လာကြောင်း၊ အခုကဲ့သို့ မြောက်ပိုင်းအဖွဲ့များလာရောက်ခြင်းသည် တိုးတက်မှု အတိုင်းအတာတစ်ခုဖြစ်ပြီးNCA နှင့် အဝေးကြီးမဟုတ်ဟု ယူဆကြောင်း မြောက်ပိုင်းအဖွဲ့များညီလာခံတက်ရောက်လာခြင်းအပေါ် မှတ်ချက်ပြု ဖြေကြားခဲ့သည်။ **သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**



---

**❖ ကျောဖုံးမှ**

(၂၁)ရာစုပင်လုံနဲ့ပတ်သက်ပြီး နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်ဆိုတာ ဒီနေ့မနက်မှသိရတာပါ။ ပုဒ်မနှစ်ခုနဲ့ ပြစ်ဒဏ် နှစ်နှစ် ချခံရတာပါ၊ ၁၅ လခွဲလောက်အကျဉ်းထောင်ထဲမှာနေခဲ့ရတယ်။ ပြစ်ဒဏ် အပြည့်နေရမယ်ဆိုရင် ကိုးလနီးပါးလောက်ကျန်ပါသေးတယ်။ စနစ်တွေက ပြောင်းသွားပြီဆိုတော့ ထောင်ထဲမှာ အရင်လိုကြမ်းကြမ်းတမ်းတမ်းမရှိတော့ပါဘူး။ အကျဉ်းသား၊ အချုပ်သားတွေကို ကောင်းကောင်းမွန်မွန်ထားပါတယ်။ အခုလိုလွတ်မြောက်လာတဲ့အတွက် ဝမ်းသာပါတယ်။ နိုင်ငံတော်သမ္မတကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း (၂၁) ရာစုပင်လုံကို ထောက်ခံပါတယ်"ဟု အင်းစိန်(ဗဟို) အကျဉ်းထောင်မှ လွတ်မြောက်လာသည့် ဦးလှဖုန်းက မီဒီယာများကို ပြောသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကြိုဆိုတဲ့အနေနဲ့ အကျဉ်းသားတွေကိုလွှတ်ပေးတာ ကြိုဆိုပါတယ်။ ငြိမ်းချမ်းရေး အရွေ့တွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး အရွေ့တွေအတွက် တွန်းအားဖြစ်စေမယ့် လွှတ်ပေးခြင်းမျိုးကို မြင်ချင်၊ တွေ့ချင်ပါတယ်။ လွှတ်လိုက်တဲ့ အထဲမှာ တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကို ဖျက်ဆီးမယ့်သူတွေပါလာရင်တော့ အစိုးရမှာတာဝန်ရှိပါတယ်"ဟု အင်းစိန်(ဗဟို) အကျဉ်းထောင်ရှေ့တွင် ပြန်လည် လွတ်မြောက်လာမည့်သူများကို လာရောက်ကြိုဆိုနေသူ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးဆောင်ကော်မတီဝင် ဦးထွန်းကြည်က သူ၏ အမြင်ကိုပြောသည်။

လွတ်ငြိမ်းချမ်းသာခွင့်ပေးရာတွင် နိုင်ငံတော်အစိုးရအပေါ် အကြည်ညိုပျက်စေမှု၊ ယုံကြည်အပ်နှံဖောက်ဖျက်မှုများဖြင့် တရားစွဲခံထားရပြီး တောင်ငူထောင်တွင် ထောင်ဒဏ် ၁၃ နှစ် ချမှတ်ခံထားရသော သာသနာရေးဝန်ကြီးဟောင်း ဦးဆန်းဆင့် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မေ ၂၄ရက် နံနက် ၈နာရီခွဲက တောင်ငူထောင်မှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်ဘယ်သူ့မှ အာဃာတမထားပါဘူး။ တပ်မတော်မှာ နှစ်ပေါင်း ၄၀ ကျော် ပြစ်မှုကင်းကင်းနဲ့ နေလာခဲ့တာ။ကျွန်တော်က နယ်ဘက်တာဝန်ထမ်းဆောင်တဲ့အခါ ဒီပြဿနာတွေကို ဒီလိုဖြေရှင်းရမှာ ဖြစ်တဲ့အတွက်ကြောင့် ဘယ်သူ့ကိုမှ အငြိုးမထားပါဘူး။ ကျွန်တော် အခုလောလောဆယ် ကျန်းမာရေးဂရုစိုက်နေရတယ်။ အမြဲမေတ္တာပို့ဆုတောင်းနေရတယ်။ မေတ္တာတရားတွေကြောင့် ရဟန်းရှင်လူပြည်သူအပေါင်းနဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ တပ်မတော်ကအရာရှိတွေကိုလည်း ကျေးဇူးတင်တဲ့အကြောင်းလေးပြောချင်ပါတယ်။ အတိုင်းတာတစ်ခုထိ ပြန်လည်တည်ဆောက်ပြီးရင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟု သာသနာရေးဝန်ကြီးဟောင်း ဦးဆန်းဆင့်က သတင်းထောက်များကိုက ပြောကြားသည်။

**သထုံအကျဉ်းထောင်မှ အကျဉ်းသားသုံးဦး လွတ်မြောက်**

မွန်ပြည်နယ် သထုံမြို့ရှိ သထုံအကျဉ်းထောင်မှ နိုင်ငံသားအကျဉ်းသား သုံးဦးအား မေ ၂၄ ရက် နံနက် ၈ နာရီခွဲခန့်က လွှတ်ပေးခဲ့ကြောင်း သိရသည်။

"ဒီက လွှတ်တာက နိုင်ငံသားအကျဉ်းသား သုံးဦးပါတယ်။ အရင်ကဆိုရင် ပြစ်ဒဏ်ကျန်ကာလကို နောက်ပြစ်မှုတစ်စုံတစ်ရာထပ်ကျူးလွန်ရင် အဲဒါကိုပါပေါင်းပြီး ခံရမယ်ဆိုတာမျိုး ရှိတယ်။ ခုလွှတ်တဲ့သူတွေကတော့ အဲ့ဒါမျိုးမရှိဘူး။ အရှင်းလွှတ်တာပေါ့။ ကျင့်ထုံးပုဒ်မ(၄၁၀) ပုဒ်မခွဲ(၁)အရ ခြွင်းချက်မရှိ လွှတ်ပေးတာပါ"ဟု သထုံအကျဉ်းထောင်မှ တာဝန်ခံထောင်မှူး ဦးနိုင်ဝင်းက ပြောသည်။

**သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၂၅ဦး လွတ်မြောက်**

နိုင်ငံတော်သမ္မတရုံး၏ ကျင့် ၄၀၁(၁)အရ လွတ်ငြိမ်းသက်သာဖြင့် သံတွဲအကျဉ်းထောင်မှ လွတ်မြောက်သူ နိုင်ငံခြားသား အကျဉ်းသား ကိုးဦး ၊ နိုင်ငံသားအကျဉ်းသား ၁၆ ဦး စုစုပေါင်း၂၅ ဦးကို မေ ၂၄ ရက်နံနက် ၉ နာရီခွဲက



**တောင်ငူအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူ ဦးဆန်းဆင့်။**

ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုးနှင့် သံတွဲအကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ဆုံးမသြဝါဒစကားပြောကြားပြီး အကျဉ်းသားများအား အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

အဆိုပါအကျဉ်းသားများမှ နိုင်ငံသားအကျဉ်းသား ၁၆ ဦးအား ၎င်းတို့၏နေရပ်သို့ ပြန်လည်ရောက်ရှိရေးအတွက် လိုအပ်သောကူညီပံ့ပိုးမှုများဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံခြားသား အကျဉ်းသား ကိုးဦးအား သံတွဲမြို့နယ်လဝကမှ ယာယီစောင့်ရှောက်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သံတွဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

**မန္တလေးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများ လွှတ်ပေး**

မန္တလေး အကျဉ်းထောင်မှ လွတ်မြောက်သွားသော အကျဉ်းသား ၄၅ ဦးအနက် နိုင်ငံခြားသား သုံးဦးအား မန္တလေး အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးထင်အောင်ထံ လွှဲပြောင်းပေးခဲ့ပြီး ချမ်းအေးသာစံမြို့နယ်တရားရုံး၏ အမှုအမှတ် ၄၅၉/၁၇၊ ငြိမ်း/စီ-၁၉၊ အမှုအမှတ် ၅၇/၁၇ ကျင့် ၄၈၈ ပြစ်ဒဏ် (၄) လကျခံပြီး လွတ်မြောက်သော အကျဉ်းသား နှင်းအောင်(၂၀)နှစ်(ဘ)ဦးအောင်ကြီး ပတ္တမြားရပ်ကွက် စစ်ကိုင်းမြို့နေသူအား စဉ့်ကိုင်မြို့မ ရဲစခန်းမှ ငြိမ်း/စီ-၁၉ ဖြင့် နောက်အမှုရင်ဆိုင်ရန်အတွက် စဉ့်ကိုင်မြို့မ ရဲစခန်းမှ ဒုရဲမှူးဦးလွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြစ်ကြီးနားအကျဉ်းထောင်တွင်မှ လွတ်မြောက်သူ သုံးဦးနှင့် ဗန်းမော်အကျဉ်းထောင်တွင် နိုင်ငံခြားသားနှစ်ဦး၊ နိုင်ငံသားတစ်ဦး စုစုပေါင်းခြောက်ဦး လွတ်မြောက်လာကြောင်း သိရသည်။

နိုင်ငံတော်သမ္မတရုံးမှ အမိန့်အမှတ် ၈/၂၀၁၇ ဖြင့် နိုင်ငံသား အကျဉ်းသား ၁၈၆ ဦးနှင့် အမိန့်အမှတ် ၉/၂၀၁၇ ဖြင့် နိုင်ငံခြားသားအကျဉ်းသား ၇၃ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်ကြောင်း မေ ၂၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားပြီး နိုင်ငံသားအကျဉ်းသားများအား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်၏အကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်နိုင်စေရေးအတွက် လည်းကောင်း၊ လူမှုရေးအရ ငဲ့ညှာသောအားဖြင့်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ လွတ်ငြိမ်းခွင့်ပြု လိုက်ကြောင်း နိုင်ငံခြားသားအကျဉ်းသားများအား (၂၁)ရာစု ပင်လုံကို ကြိုဆိုသော အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က) အရ လွတ်ငြိမ်းခွင့်ပြုကြာ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း ယင်းထုတ်ပြန်ချက်များထဲတွင် ဖော်ပြထားသည်။

**(ကြေးမုံ)**

# မန်ချက်စတာမြို့ ဂီတဖျော်ဖြေပွဲ ဗုံးဖောက်ခွဲခဲ့သူသည် မကြာသေးမီက လစ်ဗျားနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း ဗြိတိန်ပြည်ထဲရေးဝန်ကြီးဆို

**မန်ချက်စတာ မေ ၂၄**
ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့ ဂီတဖျော်ဖြေပွဲတစ်ခုတွင် ဗုံးဖောက်ခွဲခဲ့သူသည် မကြာသေးမီက လစ်ဗျားနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း ဗြိတိန်နိုင်ငံပြည်ထဲရေးဝန်ကြီးက မီဒီယာသို့ ယနေ့ ပြောကြားခဲ့သည်။

အဆိုပါဗုံးဖောက်ခွဲသူသည် အသက်(၂၂)နှစ်ရှိသူ ဆယ်လ်မန်အာဘီဒီဖြစ်ပြီး ၎င်း၏မိဘများမှာ လစ်ဗျားနိုင်ငံသားများဖြစ်ကြသည်။ သူသည် လစ်ဗျားနိုင်ငံတွင် မွေးဖွားခဲ့ပြီး မန်ချက်စတာမြို့တွင် ကြီးပြင်းခဲ့သူဖြစ်သည်။ မေ ၂၂ ရက်က ဂီတဖျော်ဖြေပွဲတစ်ခုတွင် ၎င်းကိုယ်ကို အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် လူ ၂၂ ဦးသေဆုံးခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ဗုံးဖောက်ခွဲသူသည် အာဘီဒီဆိုသူဖြစ်ကြောင်း စုံစမ်းစစ်ဆေးမှုဌာန၏ ပြောကြားချက်ကို ကိုးကားပြီး ပြည်ထဲရေးဝန်ကြီး အမ်ဘာက ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယခုဗုံးပေါက်ကွဲမှုသည် ရှေးယခင်က ပေါက်ကွဲခဲ့သော ဗုံးအမျိုးအစားများနှင့် တူညီမှုမရှိကြောင်းနှင့် ယင်းဗုံးအမျိုးအစားကို ပေါက်ကွဲစေရန် ကျွမ်းကျင်မှုအများအပြား လိုအပ်သည့်အတွက် အာဘီဒီအနေဖြင့် အဆိုပါဗုံးခွဲမှုတွင် ပါဝင်ပတ်သက်နိုင်ဖွယ်ရှိကြောင်း ဘီဘီစီသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ဗုံးပေါက်ကွဲရန် စီစဉ်ထားမှုမှာ သာမန်ဖြစ်ရိုးဖြစ်စဉ်မျိုးမဟုတ်ဘဲ ထူးခြားသည့်အတွက် အာဘီဒီတစ်ဦးတည်း စီစဉ်ဆောင်ရွက်ခဲ့ခြင်းမဖြစ်နိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးက ဆိုသည်။ မေ ၂၄ ရက် နံနက်ပိုင်းတွင် ဒေသန္တရအာဏာပိုင်များက ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး သင်္ကာမကင်းဖြစ်သူ နောက်ထပ်သုံးဦးအား ထပ်မံဖမ်းဆီးခဲ့သည်။

မေ ၂၂ ရက် ဗုံးကွဲမှုဖြစ်ပွားပြီးနောက် ဗြိတိန်နိုင်ငံသည် ၁၀ နှစ်အတွင်း အကြမ်းဖက်လုပ်ရပ်ခြိမ်းခြောက်မှုအဆင့်အမြင့်ဆုံးအနေအထားသို့ ရောက်ရှိနေကြောင်း သိရသည်။ ထိုသို့ ရောက်ရှိနေခြင်းသည် ယာယီသာဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်လှန့်ထားသော်လည်း ပြည်သူများအနေဖြင့် နေ့စဉ်လုပ်ငန်းများကို ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် မန်ချက်စတာမြို့နေပြည်သူများ အထိတ်တလန့် ဖြစ်သွားခဲ့သည်။ အခင်းဖြစ်ပွားသည့်နေရာ အနီးရှိ ဘုတာရုံတစ်ရုံတွင် လက်နက်ကိုင်လုံခြုံရေးအရာရှိများက ကင်းလှည့်လျက်ရှိသည်။


ဗုံးဖောက်ခွဲသူ ဆယ်လ်မန်အာဘီဒီ

**အင်န်အိတ်ချ်ကေ။**



# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်

**မနီလာ မေ ၂၄**
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာရာဝီမြို့၌ စစ်သွေးကြွများနှင့် အစိုးရတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် သမ္မတ ရိုဒရီဂိုဒူတာတေးက မင်ဒါနာအိုမွန်း၌ စစ်အုပ်ချုပ်ရေးအမိန့်(မာရှယ်လော) ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

မာရာဝီမြို့၏ ရပ်ကွက်အများအပြားကို ထိန်းချုပ်ထားခဲ့သော စစ်သွေးကြွများမှာ အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်မှုရှိသူများဖြစ်ကြပြီး ၎င်းတို့ကို အစိုးရတပ်ဖွဲ့က ချေမှုန်းတိုက်ခိုက်လျက်ရှိသည်။

စစ်သွေးကြွများသည် မာရာဝီမြို့ရှိ အဆောက်အအုံများကို မီးရှို့ခဲ့ကြပြီး ကက်သလစ်ဘုန်းတော်ကြီးတစ်ပါးနှင့် ခရစ်ယာန်ဘာသာဝင်များကို ဓားစာခံများအဖြစ် ဖမ်းဆီးထားခဲ့သည်။

မွတ်စလင်အများစု နေထိုင်ရာ မာရာဝီမြို့ရှိ မော်တေးအမည်ရှိ စစ်သွေးကြွအုပ်စု၏အဖွဲ့ဝင်များ ပုန်းအောင်းနေထိုင်ရာ နေရာတစ်နေရာကို အစိုးရတပ်ဖွဲ့က စီးနင်းရာမှ တိုက်ပွဲများဖြစ်ပွားခဲ့သည်။

**ရိုက်တာ။**

❐

# ဘတ်ဂျက်ငွေစာရင်း တည်ငြိမ်မှုရှိရန် ရည်ရွယ်လျက် အမေရိကန်အစိုးရ အသုံးစရိတ်ဖြတ်တောက်လျှော့ချမည်

**ဝါရှင်တန် မေ ၂၄**
အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့သည် ဖက်ဒရယ်အစိုးရအဖွဲ့၏ ဘတ်ဂျက်ငွေစာရင်းတည်ငြိမ်မှုရှိရန် ရည်ရွယ်လျက် လာမည့် ၁၀ နှစ်တာကာလတွင် အစိုးရအဖွဲ့၏ အသုံးစရိတ်ကို ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံ ဖြတ်တောက်လျှော့ချမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်သည့် ရုံးတွင်းမှတ်စုစာလွှာစာတမ်းကို ကိုးကားလျက်သတင်းဌာနများက မေ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်)အစီအစဉ်သစ်အရ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီပေးရေးစရိတ်စကများ၊ အာဟာရထောက်ပံ့ပေးရေးဆိုင်ရာ အစီအစဉ်အတွက် ကျခံပေးသော စရိတ်စကများ၊ မသန်စွမ်းသူများအား ထောက်ပံ့ပေးသည့် လူမှုဖူလုံရေး အကျိုးခံစားခွင့်များအတွက် ကျခံပေးသော စရိတ်စကများနှင့်ပတ်သက်၍ သိသိသာသာလျှော့ချဖြတ်တောက်ရန် ဖော်ပြထားသည်။

ဆင်းရဲနွမ်းပါးသူပြည်သူများ၊ နာမကျန်းသူများနှင့် ကျေးလက်ဒေသများ၌ နေထိုင်သူပြည်သူများအား ဗဟိုအစိုးရအဖွဲ့က အထောက်အပံ့ပေးမှုများကို ဖြတ်တောက်လျှော့ချခြင်းသည် အရွယ်အစား ပိုမိုသေးငယ်သော ဖက်ဒရယ်အစိုးရအဖွဲ့ ဖွဲ့စည်းရေးဟူသော ကွန်ဆာဗေးတစ်များ၏ တောင်းဆိုချက်ကို ထင်ဟပ်လျက်ရှိကြောင်း၊ သို့ရာတွင် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲ၌ ထရန့်အား မဲပေးခဲ့ကြသော ဖော်ပြပါ လူပုဂ္ဂိုလ်များကိုယ်တိုင် ပစ်မှတ်ထားခံရခြင်းဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

ကျေးလက်ဒေသများ၌ နေထိုင်သော ဆင်းရဲနွမ်းပါးသူ ပြည်သူများအား အကူအညီပေးနေသည့် အစီအစဉ်များ၌ ငွေကြေးဖြတ်တောက်လျှော့ချမှုပြုလုပ်ရန် သမ္မတထရန့်က မေ ၂၃ ရက်တွင် ကွန်ဂရက်လွှတ်တော်သို့ တင်သွင်းသော ဘတ်ဂျက်အသုံးစရိတ် အစီအစဉ်တွင် ဖော်ပြထားကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**


# တရုတ်ရေနက်ငုပ်ယာဉ် "ကျောက်လောင်း" မာရီယာနာသမုဒ္ဒရာချောက်တွင်း ငုပ်လျှိုး

**ပေကျင်း မေ ၂၄**
တရုတ်နိုင်ငံမှ လူလိုက်ပါနိုင်သော ရေနက်ငုပ်ယာဉ် 'ကျောက်လောင်း'သည် မေ ၂၃ ရက်တွင် ကမ္ဘာပေါ်၌ အနက်ရှိုင်းဆုံးသမုဒ္ဒရာချောက်အဖြစ် ထင်ရှားသည့် မာရီယာနာချောက်အတွင်းသို့ သက်ဆင်းငုပ်လျှိုးခဲ့ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဆင်ဟွာသတင်းဌာနမှ သတင်းထောက် လွေ့ရှီပင်းသည် အဆိုပါရေနက်ငုပ်ယာဉ်တွင် လိုက်ပါသည့် သိပ္ပံပညာရှင်များနှင့်အတူ ပင်လယ်ရေမျက်နှာပြင်အောက် ၄၈၁၁ မီတာအနက်အထိ လိုက်ပါငုပ်လျှိုးခဲ့သည်။

ရေနက်ငုပ်ယာဉ် သမုဒ္ဒရာချောက်အတွင်း စတင်ငုပ်လျှိုးမှုကို မေ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၉ မိနစ်တွင် စတင်ခဲ့ပြီး သုံးနာရီနီးပါးအကြာတွင် အနက် ၄၈၁၁ မီတာသို့ရောက်ရှိခဲ့ကြောင်း၊ ရေနက်ငုပ်ယာဉ်ပေါ်ပါ သိပ္ပံပညာရှင်များက ဖော်ပြပါအနက်တွင် သုံးနာရီကျော်ကြာမျှ စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ စူးစမ်းလေ့လာမှုအတွင်း ပင်လယ်သခွားသီးတစ်လုံး၊ ရေမြှုပ်သတ္တဝါတစ်ကောင်နှင့် ကြယ်ငါးနှစ်ကောင် အပါအဝင် အဏ္ဏဝါဘဝနှင့် သက်ဆိုင်နေသောအရာများ၊ ရေအောက်ကျောက်သားများ နမူနာနှင့် ရေအောက်ဇီဝသက်ရှိ နမူနာများကို စုဆောင်းယူခဲ့ပြီး ပင်လယ်ကြမ်းပြင်ကိုလည်း ဓာတ်ပုံများ ရိုက်ယူနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်ရေနက်ငုပ်ယာဉ်ကျောက်လောင်းသည် ခရီးစဉ်တစ်ခုလုံးအရ သမုဒ္ဒရာရေအောက်တွင် ရှစ်နာရီနှင့် မိနစ် ၅၀ ကြာငုပ်လျှိုးခဲ့ပြီး ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရေမျက်နှာပြင်အထက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ တရုတ်ရေနက်ငုပ်ယာဉ်တစ်စင်းသည် ၂၀၁၂ ခုနှစ် ဇွန်လအတွင်းက မာရီယာနာချောက်အတွင်း အနက် ၇၀၆၂ မီတာအထိ ငုပ်လျှိုးခဲ့ဖူးသည်။ **ဆင်ဟွာ။**



# အမေရိကန်၏ ဒုံးခွင်းဒုံးစနစ်များ အဆင့်မြှင့်တင်မည်

**ဝါရှင်တန် မေ ၂၄**
အမေရိကန်နိုင်ငံ အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုကဲ့သို့သော ဒုံးကျည်လွှတ်တင်ခြိမ်းခြောက်မှုအန္တရာယ်မှ ကင်းလွတ်စေရေးအတွက် ၎င်း၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပိုမိုအဆင့်မြှင့်တင်မည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့ကြောင်း သိရသည်။

မေ ၂၄ ရက်တွင် ကျင်းပသည့် အောက်တိုဘာလတွင် စတင်မည့် လာမည့်နှစ် ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးစရိတ်သုံးစွဲငွေ တောင်းခံမှုဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် အထက်ပါကိစ္စရပ်နှင့် ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနက ယခုနှစ် ကာကွယ်ရေးအသုံးစရိတ်အတွက် ၇ ဒသမ ၉ ဘီလီယံဒေါ်လာကို တိုးမြှင့်တောင်းခံမည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏ ဒုံးခွင်းဒုံးစနစ်အတွက် အဆင့်မြင့်နည်းပညာများ တီထွင်ဖန်တီးရာတွင် အသုံးပြုမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့်ဝန်ဆောင်မှုခွန်(Goods and Services Tax)စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်း မိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှု နှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

**(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀% |
| ၄။ | မလေးရှား | ၆% |
| ၅။ | ဖိလစ်ပိုင် | ၁၂% |
| ၆။ | စင်ကာပူ | ၇% |
| ၇။ | ထိုင်း | ၇% |
| ၈။ | ဗီယက်နမ် | ၁၀% |

**(ကမ္ဘာ့နိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇% |
| ၂။ | ပြင်သစ် | ၂၀% |
| ၃။ | ဂျာမနီ | ၁၉% |
| ၄။ | ဒိန်းမတ် | ၂၅% |
| ၅။ | အိန္ဒိယ | ၅-၁၅% |
| ၆။ | ဂျပန် | ၈% |
| ၇။ | နယူးဇီလန် | ၁၅% |
| ၈။ | နော်ဝေ | ၂၅% |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှု နှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့်ဝန်ဆောင်မှုခွန်(Goods and Services Tax) ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅. ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www.pwc.comနှင့် www.world wide-tax.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## ယာဉ်မောင်း-၅(လစာနှုန်းကျပ်-၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀)
## ရာထူး(၁၅)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော်သတင်းစာတိုက်နှင့် ကိုယ်ပွားသတင်းစာတိုက်များရှိ သတင်းစာပို့ မော်တော်ယာဉ်များနှင့်ရုံးလုပ်ငန်းသုံး မော်တော်ယာဉ်များ မောင်းနှင်ရန် ယာဉ်မောင်း-၅၊ (လစာနှုန်းကျပ်-၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀)ရာထူး(၁၅)နေရာအတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(ခ) ၃၁-၅-၂၀၁၇ရက်တွင် အသက်(၃၀)နှစ်ထက်မကြီးသူ အမျိုးသားများဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက်မကြီးသူဖြစ်ရမည်။
(ဂ) မှတ်ပုံတင်ထားသည့် မည်သည့်ယာဉ်ကိုမဆို မောင်းနှင်ခွင့်ရှိသည့် ယာဉ်မောင်း (င)လိုင်စင်ရှိရမည်။
(ဃ) ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၃)နှစ်ရှိရမည်။
(င) ပညာအရည်အချင်း အနည်းဆုံးအလယ်တန်းအောင်မြင်ရမည်။
(စ) လုပ်သက်တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရမည်။
(ဇ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးနေ့သက္ကရာဇ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်း၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်တို့ကို ဖော်ပြရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
(က) တစ်လအတွင်းရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ (နောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့ထံမှ ၃၁-၅-၂၀၁၇ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက် မူရင်း(ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်)
(ဂ) ဝန်ထမ်းမဟုတ်လျှင် ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်စာ
(င) ယာဉ်မောင်း(င)လိုင်စင်မိတ္တူ

၄။ လျှောက်လွှာများကို ဦးဆောင်ညွှန်ကြားရေးမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရုံးအမှတ်(၇)၊ နေပြည်တော်သို့လိပ်မူ၍ ၃၀-၆-၂၀၁၇ရက် နောက်ဆုံးထားပေးပို့ရမည်။

၅။ ယာဉ်မောင်း-၅ရာထူးသို့ လျှောက်ထားသူများအား လက်တွေ့လုပ်ငန်းကျွမ်းကျင်မှု စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်ပါသည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၁၂၂၃၊ ၄၁၂၀၂၈တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ အမှတ်(၇)၊ အခြေခံ ပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသူ မနှင်းအိလှိုင်၏ဖခင်အမည်မှန်မှာ ဦးမောင်ဝင်းလှိုင်[၁၄/ပတန(နိုင်)၁၆၁၉၅၃] ဖြစ်ပါသည်။

အသုံးမလို
ဝိုလျှံ Aircon;
များဝယ်သည်။
09 440 655 502

မြို့ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## ဒဂုံတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်အစီအစဉ်ဖြင့် အောက်ဖော်ပြပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။သင်တန်းအမည် - ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ်ဘွဲ့လွန်ဒီပလိုမာသင်တန်း (Post Graduate Diploma in Geographic Information System PGDGIS)
၂။ သင်တန်းဝင်ခွင့်အရည်အချင်း - သင်တန်းတက်ရောက်လိုသူများသည် အနည်းဆုံးတက္ကသိုလ် တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
၃။ သင်တန်းကာလ/အချိန် - (၁) ၂၀၁၇-ခုနှစ်၊ ဇွန်လမှ ၂၀၁၈ခုနှစ်၊ မတ်လအထိ(၉)လသင်တန်း
(၂)စနေနေ့ နံနက် ၈း၃၀ မှ ညနေ ၃း၃၀ နာရီထိ
တနင်္ဂနွေနေ့ နံနက်၈း၃၀ မှ မွန်းလွဲ ၁၂း၃၀ နာရီထိ
၄။ သင်တန်းဖွင့်မည့်ရက် - သင်တန်းကို ၂၅-၆-၂၀၁၇ ရက်မှစ၍ ဖွင့်လှစ်ပါမည်။
၅။ သင်တန်းလက်ခံမည့်ရက် -သင်တန်းကို ၁၂-၆-၂၀၁၇ရက်မှစ၍ လက်ခံပါမည်။
၆။ သင်ကြားမည့်ဌာန - ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်
၇။ဆက်သွယ်ရန်လိပ်စာ - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်နှင့်အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဒဂုံတက္ကသိုလ်၊ ပထဝီဝင်ဌာန ဖုန်း-၅၈၅၀၁၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သင်တန်းကြီးကြပ်ရေးကော်မတီ**
**ဒဂုံတက္ကသိုလ်**

## Three Friends Construction Co.,Ltd.မှ M Royal Groups Co.,Ltd.(M Concrete)သို့
## ပေးသွင်းရန် ကျန်ရှိနေသော ကွန်ကရစ်ဖိုး ငွေများပေးသွင်းရန် အသိပေးကြေညာခြင်း ကြော်ငြာအားပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်၊ ကမ်းနားလမ်း၊ အမှတ်(၅၇-၅၉)တွင်တည်ရှိသော M Royal Groups Co.,Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

M Royal Groups Co.,Ltdမှ ရရန်ရှိသော ကွန်ကရစ်ဖိုးကျန်ငွေများ ပေးသွင်းပါရန်အတွက် ၂၁-၅-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃၀)တွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

ကြော်ငြာပါရှိပြီးနောက် Three Friends Construction Co.,Ltdမှ ပေးသွင်းရန်ရှိသော ငွေကျပ်၅၅၉၇၇၀၀၀ိ/-(ကျပ်ငါးရာငါးဆယ့်ကိုးသိန်းခုနစ်သောင်းခုနစ်ထောင်တိတိ)ကို M Royal Groups Co,.Ltd.သို့ ၂၄-၅-၂၀၁၇ ရက်တွင် တစ်လုံးတစ်ခဲတည်းအပြေအကျေပေးသွင်းခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ M Royal Groups Co.,Ltd.မှထည့်သွင်းကြော်ငြာခဲ့သော အထက်ပါသတင်းစာကြော်ငြာအား ခြွင်းချက်မရှိပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာလွင် LL.B** — **ဦးတင်မောင်ဝင်း B.A(Law).,LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၂၉၄၅)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၆)**
**တိုက်(၁၀/၁၂)၊ အခန်း B-5၊ ပထမထပ်၊ ၃၅လမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက (၇) သတ္တမတန်း (E) တွင် တက်ရောက်သင်ကြားမည့် မဆုသဉ္ဇာကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်ဖြစ်ပါကြောင်း။ **ဦးအောင်ကြည်**

## အမည်ပြောင်း

ရန်ကုန်မြို့၊အထက(၁)မင်္ဂလာဒုံ၊ နဝမတန်း (B) မှ မအိချိုဇင်အား မနွယ်မြတ်သာကီဟု ပြောင်းလဲခေါ်ယူရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၃၂)၊ မြေကွက်တည်နေရာအမှတ်(၃၂)၊ သုမင်္ဂလာလမ်း၊ ၄-ရပ်ကွက်၊ ကေတုမာလာရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်လှသင်းတင် (အီးအမ်ဂျီအိုင်-၀၃၇၅၄၈) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဒေါ်လှသင်းတင် (မိခင်) ကွယ်လွန်ပြီး ဦးဖိုးခွေး (ဖခင်) ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းရီ[၁၂/ဥကတ(နိုင်)၀၃၇၀၁၈]၊ ဒေါ်ထားရွှေ[၁၂/ဥကတ(နိုင်)၀၃၇၃၇၈]တို့ကသာ သားသမီးများတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး၊ ကျမ်းကျိန်သူအရာရှိ ဦးမြင့်ကျော်၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ-၃၉၁၈/(၉-၁၂-၂၀၁၆) နှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းစစ်ဆေးရာ ဧရိယာ (၂၄၀၀) စတုရန်းပေရှိပြီး နှစ်ထပ်အုတ်ညှပ်အိမ်တွင် လျှောက်ထားသူများကိုယ်တိုင် နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## Alsation (German Shepherd)

၄၅ ရက်သား ခွေးပေါက်လေးများ ရောင်းရန်ရှိသည်။

**ဖုန်း-၀၉-၅၄၀၂၄၁၃**
၇၇၀၊ ဦးငွေကိုင်လမ်း၊ (၄၁)ရပ်ကွက်၊ မ/ဒဂုံ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် အောက်ပါဖြည့်စွက်လုပ်ငန်း စီမံကိန်းများအတွက် အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
(က) ဝန်ထမ်းအိမ်ရာများနှင့် တက္ကသိုလ်ဧရိယာ အုတ်တံတိုင်း ကာရံခြင်း။
မြေဝင် ၃ပေ×မြေပေါ် ၇ ပေ (၆၆၃၃ပေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၅-၂၀၁၇ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၈-၆-၂၀၁၇ ရက်၊ မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်ဖြစ်ပါသည်။

၄။ တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များသိရှိလိုပါက (၆၄၅၇၄၄၊ ၆၄၅၇၅၃၊ ၆၄၅၇၄၆) သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်**
**ရန်ကုန်**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမက(၁၇)၊ စတုတ္ထတန်း(ခ)အောင်မှ မောင်မင်းမင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဝင်း[၁၂/မရက(နိုင်)၀၄၉၇၄၆] ဖြစ်ပါသည်။

မီး သတိပြု

## တိုက်ခန်းငှားမည်

(၂၆)လမ်း(အောက်)၊ ပန်းဘဲတန်း၊ အပေါ်ဆုံးထပ်၊ Hall Type (ထပ်ခိုး+မြင့်မိုရ်ထပ်)ပါ၊ Air Con (၃)လုံး၊ မီတာ(၂)လုံး ပြင်ဆင်ပြီး၊ (၃ သိန်းခွဲ)

**ဖုန်း-၀၉၅၀၁၂၇၄၃**

## ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည် ပွဲစားမလို

- ရန်ကင်း၊ ဘောက်ထော်၊ ပြည်သာယာ (၈၅×၉၅) ပေ အကျယ်ရှိ မြေ၊ (ဂရန်) ဈေးနှုန်း-၁၃၅၀၀ သိန်း
- ကမာရွတ်၊ ဓမ္မစေတီလမ်းမအနီး (၇၅×၈၀)ပေ အကျယ်ရှိ မြေ၊ မြေပိုင်၊ (အုတ်ခတ်) ဈေးနှုန်း-၁၂၀၀၀ သိန်း
- ဗဟန်း၊ ဗိုလ်ချုပ်ပြတိုက်အနီး (၅၀၀၀) စတုရန်းပေ အကျယ်ရှိမြေပိုင်မြေ ဈေးနှုန်း -၇၅၀၀ သိန်း
- မြောက်ဒဂုံ၊ ရွှေပင်လုံအိမ်ရာ (၈၀×၈၅)ပေ အကျယ်ရှိ မြေ၊ ပါမစ်ဈေးနှုန်း-၃၂၀၀ သိန်း
- မ/ဥက္ကလာ၊ သုဓမ္မာလမ်းမပေါ်(၂၀×၆၀)ပေ အကျယ်ရှိမြေ၊ (ဂရန်)၊ လုပ်ငန်းကောင်း ဈေးနှုန်း-၂၃၅၀ သိန်း
- ဒဂုံ၊ နဝဒေးကွန်ဒို (၁၂၅၀) စတုရန်းပေ အကျယ်ရှိ MBR-1, BR-1, AC-2, ဒဂုံ(၁)နီး ဈေးနှုန်း-၁၅၀၀ သိန်း

ဖုန်း-၀၉-၅၀၈၀၀၇၃၊ ၀၉-၄၅၃၃၆၇၈၆၃၊ ၀၉-၄၄၂၇၀၀၈၂၈

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း

## ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**
**(၁၃၇၉ ခုနှစ်၊ လ ရက်)**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **ပြည်ထောင်စုလွှတ်တော်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဂ) **ပြည်သူ့လွှတ်တော်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်ကို ဆိုသည်။

(ဃ) **အမျိုးသားလွှတ်တော်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော အမျိုးသားလွှတ်တော်ကို ဆိုသည်။

(င) **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(စ) **လွှတ်တော်**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ကို ဆိုသည်။

(ဇ) **နာယက**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို ဆိုသည်။

(ဈ) **ဒုတိယနာယက**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအဖြစ် တာဝန်ထမ်းဆောင်သော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကို ဆိုသည်။

(ည) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(ဋ) **အဖွဲ့ဝင်**ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ အဖွဲ့ဝင်အသီးသီးကို ဆိုသည်။

(ဌ) **လွှတ်တော်ရုံး** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့ကို ဆိုသည်။

(ဍ) **ရုံးအဖွဲ့မှူး** ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ရုံးအဖွဲ့မှူးကို ဆိုသည်။

(ဎ) အစည်းအဝေးဆိုသည်မှာ လွှတ်တော်အဖွဲ့အစည်းအဝေးကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး အရည်အသွေးတိုးတက်မြင့်မားရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့အကြုံဖလှယ်ရေးနှင့် စွမ်းရည်တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာဥပဒေပြုအဖွဲ့အစည်းများ၊ ရည်ရွယ်ချက်တူညီသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာလွှတ်တော်များအဖွဲ့နှင့် အာဆီယံလွှတ်တော်များ ညီလာခံအပါအဝင် နိုင်ငံတကာနှင့်ဒေသတွင်း လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရန်။

**အခန်း (၃)**

**လွှတ်တော်အဖွဲ့ ဖွဲ့စည်းခြင်း၊ သက်တမ်းနှင့်အစည်းအဝေးကျင်းပခြင်း**

**ဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စုလွှတ်တော်သည် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ဃ) | ဥက္ကဋ္ဌများ<br>တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် | အဖွဲ့ဝင်များ |
| (င) | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | အတွင်းရေးမှူး |

၅။ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် လွှတ်တော်အဖွဲ့၏ ရုံးအဖွဲ့မှူးဖြစ်သည်။

**သက်တမ်း**

၆။ လွှတ်တော်အဖွဲ့၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

**အစည်းအဝေးကျင်းပခြင်း**

၇။ (က) အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပရမည်။

(ခ) ဥက္ကဋ္ဌက အထူးအစည်းအဝေးကျင်းပရန် လိုအပ်သည်ဟု ယူဆလျှင်ဖြစ်စေ၊ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်က အစည်းအဝေးကျင်းပရန် တင်ပြလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌက အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

(ဂ) အစည်းအဝေးကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့ရက်၊ အချိန်နှင့် နေရာတွင် ကျင်းပရမည်။

(ဃ) အစည်းအဝေးသို့ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(င) အကယ်၍ အစည်းအဝေးအထမမြောက်လျှင် ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ၏ တင်ပြချက်များနှင့် အကြံပြုချက်များကို စာဖြင့်ပေးပို့ရန် တောင်းယူနိုင်သည်။

(စ) အဖွဲ့ဝင်ဖြစ်သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင်အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက မိမိကိုယ်စား ဒုတိယဥက္ကဋ္ဌအား တက်ရောက်စေနိုင်သည်။

(ဆ) ရုံးအဖွဲ့မှူးသည် လွှတ်တော်အဖွဲ့ အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

**အခန်း (၄)**

**လွှတ်တော်အဖွဲ့၏ လုပ်ငန်းတာဝန်များ**

၈။ လွှတ်တော်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ဥပဒေပြုခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း၊

(ဂ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ ဆက်နွှယ်အကျုံးဝင်သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း၊

(ဃ) လွှတ်တော်အဖွဲ့၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက် ဆွေးနွေးဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပသင်တန်းများ စေလွှတ်ခြင်း၊

(င) လွှတ်တော်အဖွဲ့၏ လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(စ) လွှတ်တော်အဖွဲ့နှင့် နိုင်ငံတကာလွှတ်တော်များအဖွဲ့၊ အာဆီယံလွှတ်တော်များ ညီလာခံအပါအဝင် နိုင်ငံတကာနှင့်ဒေသတွင်း လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများအကြား ဆက်ဆံဆက်သွယ်ရေးကိစ္စများကို ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များ၊ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ပြည်သူများသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဆ) လွှတ်တော်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို နိုင်ငံတကာလွှတ်တော်များသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဇ) အများပြည်သူစိတ်ဝင်စားမှုရှိသော ပြည်တွင်းပြည်ပပြဿနာများကို စဉ်းစား သုံးသပ်ရေးနှင့် ယင်းပြဿနာများအပေါ် လွှတ်တော်အသီးသီး၏ အမြင်ကို ထုတ်ဖော်ခြင်း၊

(ဈ) အစည်းအဝေးဆုံးဖြတ်ချက်အရ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

၉။ လွှတ်တော်အဖွဲ့၏ အတွင်းရေးမှူးသည်-

(က) အစည်းအဝေးများ ကျင်းပရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်အဖွဲ့၏ဆောင်ရွက်မှုကို အစည်းအဝေးတွင် တင်ပြရမည်။

(ဂ) လွှတ်တော်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ပြုစုပြီး အစည်းအဝေးတွင် တင်ပြရမည်။

(ဃ) ဥက္ကဋ္ဌက ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

**အခန်း (၅)**

**အဖွဲ့ဝင်များ၏ တာဝန်နှင့် အခွင့်အရေးများ**

၁၀။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၁။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးကြောင်းကို လွှတ်တော်အဖွဲ့သို့ ပြန်လည်အစီရင်ခံရမည်။

၁၂။ အဖွဲ့ဝင်အသီးသီးသည် အစည်းအဝေးတွင် လွှတ်တော်အလိုက် တွေ့ကြုံရသော လုပ်ငန်းဆိုင်ရာအခက်အခဲများကို ဆွေးနွေးညှိနှိုင်းရန် တင်ပြခွင့်ရှိသည်။

၁၃။ အဖွဲ့ဝင်အသီးသီးသည် လွှတ်တော်အဖွဲ့က ထုတ်ပြန်သော သတင်းအချက်အလက်များကို သိခွင့်ရှိသည်။

၁၄။ အဖွဲ့ဝင်များသည် လွှတ်တော်အဖွဲ့၏ရည်ရွယ်ချက်နှင့်သက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးတင်ပြခွင့်ရှိသည်။

**အခန်း (၆)**

**အထွေထွေ**

၁၅။ လွှတ်တော်အဖွဲ့ အတွင်းရေးမှူးသည် လွှတ်တော်အဖွဲ့၏ ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်တွင် တင်ပြရမည့်အပြင် သက်ဆိုင်ရာလွှတ်တော်များသို့လည်း ပေးပို့ရမည်။

၁၆။ ပုဒ်မ ၁၅ အရ ပေးပို့သောအစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်ပြရမည်။

၁၇။ လွှတ်တော်အဖွဲ့၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ခံဆောင်ရွက်ရမည်။

၁၈။ လွှတ်တော်အဖွဲ့၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုလွှတ်တော်ရုံး ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

## ဖျာပုံ၌မြစိမ်းရောင်စီမံကိန်းမြို့နယ်အဆင့်သုံးသပ်ပွဲကျင်းပ



**ဖျာပုံ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းဆိုင်ရာ မြို့နယ်အဆင့် ဆန်းစစ်လေ့လာ အဖြေရှာသုံးသပ်ပွဲအခမ်းအနားကို မေ ၁၂ ရက်က ဖျာပုံမြို့ရှိ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မြစိမ်းရောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွတ်က အဖွင့်အမှာစကားပြောကြားပြီး ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်းက စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကာ ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြရာ မြို့နယ်ကော်မတီတာဝန်ရှိသူများက လိုအပ်ချက်များ ဖြည့်စွက်အကြံပြု ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ပထမဆုရရှိသည့် သမိန်ထောသိမ်ကုန်းကျေးရွာ၊ ဒုတိယဆုရရှိသည့် မင်းလှစုကျေးရွာနှင့် တတိယဆုရရှိသည့် တင်ပုလွဲကျေးရွာများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

**မကွေး မေ ၂၄**

မကွေးမြို့နယ် နွားကူးကျေးရွာ စာကြည့်တိုက်တွင် ကျေးရွာနေပြည်သူများ စာအုပ်စာပေ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေး မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများက ပြည်သူကို ဝန်ဆောင်မှုပေးရန် ရည်ရွယ်၍ သုတ၊ ရသ စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေး နံရံကပ်ပြဘုတ်များပြသခြင်း၊ စာပေရေချမ်းစင် အသိပညာပေးဇာတ်လမ်းများပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

"နွားကူးကျေးရွာ စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရာ ကျေးရွာသူ၊ ကျေးရွာသားများ၊ စာကြည့်တိုက်ကော်မတီများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူမှုရေးအသင်းမှ လူငယ်မောင်မယ်များအား ယခုလိုစာဖတ်ခြင်းနှင့် ပတ်သက်၍ အကျိုးရှိစေသည့် ပညာပေးဇာတ်လမ်းများ၊ နံရံကပ်စာစောင်များ၊ နိုင်ငံတော်တာဝန်ရှိသူတို့၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခွင့်ရ၍ ဗဟုသုတများစွာရရှိသည်" ဟု ဒေသခံ မောင်ထိုက်အောင်က ပြောကြားခဲ့သည်။

**ကိုမျိုး(မကွေး)**

# ပလိပ်တွင် ကောက်ရိုးမှိုများ စီးပွားဖြစ်စိုက်ပျိုး



**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်တွင် ကောက်ရိုးမှိုများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိသည်။ အများအားဖြင့် ပလိပ်၊ စိတ္တရ၊ မြောက်ကိုင်းကျေးရွာများရှိ သရက်ခြံများအတွင်း၌ အများဆုံးစိုက်ပျိုးကြသည်။ ကောက်ရိုးမှိုစိုက်ပျိုးသူများမှာ အနည်းဆုံးမှိုပျိုးပုံ ၁၀၀ မှ စတင်ကာ စီးပွားဖြစ် မှိုပျိုးလျက်ရှိကြောင်းသိရသည်။

ရက်တိုတိုဖြင့် ငွေဖြစ်လွယ်သော သီးနှံများထဲတွင် ကောက်ရိုးမှို စိုက်ပျိုးခြင်းလုပ်ငန်းလည်း ပါဝင်သည်။ ကောက်ရိုးမှိုစိုက်ပျိုးခြင်းလုပ်ငန်းကို စဉ့်ကိုင်မြို့နယ်တွင် ၁၉၉၃ ခုနှစ်မှစတင်ကာ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ကောက်ရိုးမှိုကို ကောက်ရိုး၊ ကောက်လှိုင်း ကုန်ကြမ်းအစား ဂျပ်စက္ကူ၊ မြင်းချေး၊ နွားချေး၊ ဗေဒါတို့ဖြင့်တွင်ကျယ်စွာ စိုက်ပျိုးလာခဲ့သည်။ နောက်ပိုင်းတွင် ကုန်ကြမ်း မြင်းချေးရှားပါးလာသောကြောင့် အသုံးမပြုတော့ဘဲ နွားချေး၊ ဂျပ်စက္ကူ၊ ဗေဒါတို့ကို အသုံးပြုကြသည်။ ကောက်ရိုးမှိုကို အပူအအေးမျှတအောင် ဆောင်ရွက်ပေးရပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည်။ နွေရာသီတွင် အရိပ်ရသော ခြံများအတွင်း ပျိုးကြပြီး ဆောင်းရာသီတွင် နေပူကွင်းပြင်များတွင် ပျိုးကြသည်။

ကောက်ရိုးမှို ပျိုးပုံတစ်ပုံပြုလုပ်ရန်အတွက် ဂျပ်စက္ကူရှစ်ပိဿာမှ ၁၀ ပိဿာ၊ နွားချေး လေးတင်းမှ ငါးတင်းခန့် မှိုမျိုး လေးထုပ်၊ ပလတ်စတစ်အကြည်၊ ကောက်ရိုး သက်ငယ်တို့ကို အသုံးပြုကြရသည်။ စတင်ပျိုးသည့် အချိန်မှစကာ ဂရုစိုက်ပေးရပြီး ရက်တိုတိုနှင့် အကျိုးအမြတ်ရရှိသောလုပ်ငန်းဖြစ်သည်။ ပလိပ်နယ်တစ်ဝိုက်တွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ မှိုထွက်နှုန်းမှာ ဆောင်းရာသီတွင် မှိုထွက်နှုန်းများပြီး နွေနှင့်မိုးရာသီတွင် အနည်းငယ် အထွက်လျော့တတ်သည်။

ကောက်ရိုးမှိုပုံ၏ ခြောက်သွေ့မှုနှင့် စိုထိုင်းဆ၊ ရေစုပ်မှုကို ဂရုတစိုက်ကြည့်ကာ ငါးရက်ခန့်တွင် ရေထပ်လောင်းပေးရသည်။ မှိုစတင်ပျိုးသည့်ရက်မှ စတင်ရေတွက်ပါက ၁၀ ရက်၊ ၁၁ ရက်တွင် မှိုစတင်ထွက်ရှိသည်။ မှိုထွက်သည့်အခါ ပလတ်စတစ်ကိုချွတ်၍ မှိုကို အပွင့်အဆင့်မရောက်မီ ခူးပေးရသည်။ မှိုတစ်ပုံလျှင် ငါးပိဿာမှ ခုနစ်ပိဿာအထိထွက်ရှိသည်။ မှိုအလုံးအဆင့်သည် ဈေးကွက်ဝင်ပြီး လက်ရှိကာလတွင် တစ်ပိဿာငွေကျပ် ၃၅၀၀ ခန့်ရှိသည်။ မှိုအပွင့်မှာ ငွေကျပ် ၂၀၀၀၊ ၂၅၀၀ ခန့်သာရရှိသည်။ ဆောင်းတွင်းပိုင်းတွင် မှိုဈေးနှုန်းတက်လေ့ရှိသည်။ မှိုကို တစ်နှစ်ပတ်လုံး ဖောက်သည်ယူရောင်းသူများမှာ မှိုပျိုးသည့်နေရာအထိ လာရောက်ဝယ်ယူပြီး ပြန်လည်ရောင်းချလေ့ရှိသည်။

မှိုကို စီးပွားဖြစ်ပျိုးသူများပြီး မှိုပုံအနည်းဆုံး ၁၀၀ မှစတင်ကာ ရာသီနှင့် မှိုဈေးကွက်ကိုကြည့်၍ ပျိုးကြသည်။ ငွေကြေးအရင်းအနှီးအားဖြင့် ငွေကျပ် ၁၀ သိန်းကျော်ရင်းနှီးရသည်။ မှိုပုံတစ်ပုံလျှင် ငွေကျပ်တစ်သောင်းခန့်ကုန်ကျသည်။ ရက်တိုတိုအတွင်း ငွေဖြစ်လွယ်၍ မှိုဈေးကွက်မှာ ခိုင်ခိုင်မာမာရှိပြီး အကျိုးအမြတ်ရှိကြောင်း ပလိပ်နယ်မှ ကောက်ရိုးမှိုပျိုးသူ ကိုကျော်မိုးက ပြောပြခဲ့ကြောင်း သိရသည်။

**တိမ်တမန်**

# ချောင်းဦးမြို့နယ်တွင် Seed Grower Association အစီအစဉ်ဖြင့် မိုးစပါးမျိုးစေ့ထုတ်မည့်တောင်သူများနှင့် နည်းပညာပေးဆွေးနွေးပွဲပြုလုပ်

**ချောင်းဦး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် Seed Grower Association အစီအစဉ်ဖြင့် မိုးစပါးမျိုးစေ့ထုတ်မည့်တောင်သူများနှင့် နည်းပညာပေးဆွေးနွေးပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ မေ ၂၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးကြည်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကတာဝန်ကြီးသုံးရပ်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြောင်းလဲမှု ငါးမျိုးတို့ကို အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စီစီဝမ်းက စပါးမျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြမြမိုးကလည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်သော အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊ သီးနှံများ၏ အရည်အသွေးကဏ္ဍ၊ လုပ်သားများကျန်းမာရေးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍများဖြစ်သည့် ကဏ္ဍကြီးလေးရပ်ကို အသေးစိတ်ဆွေးနွေးခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းလှကလည်း မျိုးစေ့ဆိုင်ရာ ဥပဒေကို ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ချောင်းဦးမြို့နယ်အတွင်း Seed Grower Association အစီအစဉ်ဖြင့် မျိုးစေ့ထုတ်လုပ်မည့် အကြောင်းကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ချောင်းဦးမြို့နယ်မှ တောင်သူပေါင်း ၄၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

**အိအိစိုး(ချောင်းဦး)**



# မြိုင်မြို့နယ် ဖျာသီးရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီး ဖွင့်ပွဲအခမ်းအနားကျင်းပ

**မြိုင် မေ ၂၄**

ပခုက္ကူခရိုင် မြိုင်မြို့နယ် ဖျာသီးကျေးရွာအုပ်စု၌ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် ညနေ ၄ နာရီက ကျေးရွာကိုယ့်အားကိုယ်ကိုးမီးလင်းရေးမုခ်ဦး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများ၊ PAING SHING Co., Ltd (Mother Khin Group) မှ မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးလက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဘုန်းနိုင်မှ လျှပ်စစ်ဆိုင်ရာကိစ္စရပ်များအား အမှာစကား ပြောကြားပေးခဲ့သည်။ ထို့နောက် ဖျာသီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းကိုက လျှပ်စစ်မီးရရှိရန် ဝိုင်းဝန်းကူညီပေးကြသည့် ပုဂ္ဂိုလ်များအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ဆက်လက်၍ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲ မုခ်ဦးကို မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဇော်လွင်၊ ကမ္မခွဲဆုံမှူး ဦးဝင်းကို၊ PAING SHING ကုမ္ပဏီ (Monther Khin Group) မန်နေဂျင်းဒါရိုက်တာ ဦးဇေယျာမောင်၊ ဖျာသီးရွာ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပခုက္ကူခရိုင် မြိုင်မြို့နယ် ဖျာသီးကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ်သိန်း ၇၀၀၊ PAING SHING Co., Ltd (Mother Khin Group) မှ ကျပ်သိန်း ၁၄၀၀ စုစုပေါင်း ကျပ်သိန်း ၂၁၀၀ ဖြင့် ၂၀၁၅ ခုနှစ်မှစတင်၍ PAING SHING Co. Ltd (Mother Khin Group) မှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း မန်နေဂျင်းဒါရိုက်တာ ဦးဇေယျာမောင်က ပြောကြားသည်။ **စိုးလင်းနိုင်** (IPRD)

# ပရိဘောဂပစ္စည်းမျိုးစုံကို မိုဘိုင်းစနစ်ဖြင့်တွင်ကျယ်စွာပြုလုပ်ရောင်းချ

**မန္တလေး မေ ၂၄**

မန္တလေးမြို့နှင့် အနီးရှိကျေးလက်ဒေသများသို့ တန်ဖိုးနည်း သစ်သားပရိဘောဂပစ္စည်းများကိုကားဖြင့်တင်၍ မိုဘိုင်းစနစ်ဖြင့် လှည့်လည်ရောင်းချလျက်ရှိသည်။ အချို့ဆိုင်များမှာ ပရိဘောဂလုပ်သည့် ဆိုင်များမှ ဖောက်သည်ယူကာ တစ်ဆင့်ဆိုင်ခင်းကာ ရောင်းချကြသည်။ လက်ရှိကာလတွင် သစ်တိုသစ်စများဖြင့်ပြုလုပ်သော တန်ဖိုးနည်းပရိဘောဂပစ္စည်းများကို ကားဖြင့်တင်၍ လှည့်လည်ရောင်းချရာ အရောင်း တွင်ကျယ်လျက်ရှိကြောင်း သိရသည်။ သစ်သားအကောင်းများဖြင့် ပြုလုပ်ထားသော စားပွဲတန်းလျားများလည်း ရောင်းချကြသည်။

တန်ဖိုးနည်း ပရိဘောဂပစ္စည်းကို သစ်တိုသစ်စ (ဒေသအခေါ် ဘကာခြမ်း)များဖြင့်ပြုလုပ်ကြသည်။ သစ်သားအစုံကို လိုသလိုထည့်သွင်း ပြုလုပ်ကြသည်။ တန်ဖိုးနည်း သစ်သားပရိဘောဂများကို သစ်တိုသစ်စ ပယ်သားရရှိမှုပေါ် မူတည်ကာ အမျိုးမျိုးပြုလုပ်ကြသည်။ ခေတ်မီလာသောကာလတွင် ပရိဘောဂလုပ်ငန်း၌ ရွှေဘော်ထိုးခြင်းမှအစ စရွေးဖောက်ခြင်းများပါ စက်ကိရိယာများကို အသုံးပြုသည့်အတွက် လုပ်ငန်းတွင်ကျယ်လျက်ရှိပြီး လူကြိုက်များကြသည်။

အများစုမှာ စုပေါင်းလုပ်ဆောင်ပြီး တစ်နှစ်ပတ်လုံးလုပ်ဆောင်ကြသည်။ လက်ရှိကာလတွင် တန်းလျား၊ စားပွဲ၊ သုံးပေစားပွဲ၊ လေးပေစားပွဲ၊ တီဗွီစင်၊ ရေခဲသေတ္တာစင်ကလေးများကို အများဆုံး ပြုလုပ်ကြသည်။အသားအနေအထားပေါ် မူတည်ကာ လူငါးဦးစုပေါင်းလုပ်ဆောင်ပါက စားပွဲတန်းလျားတစ်မျိုးလျှင် ငါးခုံစီရရှိကြသည်။ ယခုအခါ တန်ဖိုးနည်းပရိဘောဂပစ္စည်းများကို လူသုံးများပြားလျက်ရှိပြီး မိုဘိုင်းစနစ်ဖြင့် ရောင်းချသူများထံမှ ဝယ်ယူကြသည်။

ကားဖြင့်တင်ကာ မိုဘိုင်းစနစ်ဖြင့် ရောင်းချသောတန်ဖိုးနည်း တန်းလျားတစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀၊ စားပွဲတစ်လုံးလျှင် ငွေကျပ်၁၅၀၀၀၊ ရေခဲသေတ္တာစင်တစ်ခုလျှင် ငွေကျပ် ၇၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ စားပွဲ၊ တန်းလျားများတွင် ပေအလိုက်ဈေးနှုန်း ကွာခြားသွားတတ်သည်။ သစ်သားကောင်းဖြင့် ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများမှာ ဈေးနှုန်းပိုလေ့ရှိသည်။ လက်ရှိကာလတွင် မန္တလေးမြို့နှင့် အနီးရှိကျေးလက်ဒေသများအထိ ပရိဘောဂပစ္စည်းများကို ကားဖြင့်တင်ကာ မိုဘိုင်းစနစ်ဖြင့် တွင်ကျယ်စွာ ရောင်းချလျက်ရှိကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**



## ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ဖွင့်ဟလာတဲ့ ကမ်တေဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ကမ်တေဟီးတို့ဟာ မကြာမီမှာ မိဘတွေဖြစ်လာတော့မှာ ဖြစ်ပါတယ်။ ကမ်တေဟီးဟာ လတ်တလောမှာ ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်းကိုတော့ ပြီးခဲ့တဲ့ မေ ၂၃ ရက်မှာ တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ခြင်းဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း လက်ထပ်ပွဲကို တိတ်တဆိတ်ဆင်နွှဲခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲဟာ ရင်သွေးလေးရရှိနေပြီဖြစ်ကြောင်းကို ကမ်တေဟီးရဲ့ ဖျော်ဖြေရေးအေဂျင်စီက တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ခြင်းဖြစ်ကာ ကမ်ရဲ့ကိုယ်ဝန်ဟာ သီတင်းပတ် ၁၅ ပတ်ခန့်ရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ကမ်တေဟီးဟာ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Return of Superman"မှာ ပါဝင်ခဲ့ပြီး အဆိုပါအစီအစဉ်အတွင်း သူ့ရဲ့စိတ်ကူးထဲက ရင်သွေးလေးတွေအကြောင်းဖွင့်ဟခဲ့ဖူးပါတယ်။ ကမ်တေဟီးက သူ့ရဲ့အတွေးမှာ အရင်က သားယောကျ်ားလေးကိုသာ လိုချင်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ဖြစ်နိုင်မယ်ဆိုပါက မိန်းမချင်းတိုင်ပင်ဖော်ရနိုင်မယ့် သမီးလေးကိုသာ ပိုမိုဆန္ဒရှိကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ပြောကြားခဲ့ပေမယ့် ကမ်ရဲ့ရင်သွေးလေးဟာ သားလေးလား၊ သမီးလေးလားတော့မသိရှိရသေးကြောင်းလည်း သိရပါတယ်။

လက်ထပ်ပြီးစမှာ ရိန်းရဲ့ မိသားစုတွေနဲ့အတူ နေထိုင်ခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲဟာ မကြာသေးမီက ကိုယ်ပိုင်နေအိမ်ကို ဝယ်ယူခဲ့ကြပါတယ်။ ရိန်းနဲ့ ကမ်တေဟီးတို့ရဲ့ ကိုယ်ပိုင်အိမ်ကတော့ အီတေးဝန်မှာရှိပြီး ဈေးအလွန်ကြီးကာ ဇိမ်ခံပစ္စည်းအပြည့်အစုံပါရှိတဲ့ နေအိမ်မျိုးဖြစ်ပါတယ်။ တန်ဖိုးကတော့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅သန်းခန့် ရှိကြောင်းလည်း သိရပါတယ်။

မကြာမီမှာ မိသားစုဘဝလေးကို ပိုင်ဆိုင်တော့မယ့် ရိန်းနဲ့ ကမ်တေဟီးတို့အတွက် ဆုတောင်းစကားတွေကိုလည်း ပရိသတ်တွေက အွန်လိုင်းမီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။



## ဂျိမ်းစ်ဘွန်းမင်းသားကြီး ဆာရော်ဂျာမိုးကွယ်လွန်



ဟောလိဝုဒ်ရဲ့ လူကြိုက်အများဆုံးသော တိုက်ခိုက်ရေးအမျိုးအစားရုပ်ရှင်တွေဖြစ်ကြတဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ အဓိကဇာတ်ဆောင် ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသားကြီး ဆာရော်ဂျာမိုးဟာ လတ်တလောမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်ကာ ကွယ်လွန်ချိန်မှာတော့ အသက်(၈၉)နှစ်ခန့်ရှိပြီဖြစ်တယ်လို့လည်း သိရပါတယ်။

မင်းသားကြီးဟာ ပြီးခဲ့တဲ့ မေ ၂၃ ရက်က ဆွစ်ဇာလန်နိုင်ငံမှာ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကာ ကင်ဆာရောဂါနဲ့ တိုက်ပွဲဆင်နေရတဲ့ ရော်ဂျာမိုးဟာ နောက်ဆုံးမှာတော့ ရောဂါရဲ့အနိုင်ယူခြင်းကိုခံလိုက်ရခြင်းဖြစ်ကြောင်း ရော်ဂျာမိုးရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် သားဖြစ်သူက ရေးသားဖော်ပြခဲ့ခြင်းဖြစ်တယ်လို့လည်း နယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရော်ဂျာမိုးဟာ "The Saint " နဲ့ "the James Bond" ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး အောင်မြင်တဲ့အနုပညာရှင်တစ်ဦးဖြစ်လာခဲ့သူလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် သူဟာ လျှို့ဝှက်စုံထောက် 007 အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့ အားလုံးသောဂျိမ်းစ်ဘွန်းမင်းသားတွေအနက် အသက်အကြီးဆုံးနဲ့ သက်တမ်းအကြာဆုံးမင်းသားကြီးလည်း ဖြစ်ပါတယ်။ ရော်ဂျာမိုးဟာ ၁၉၇၃ ခုနှစ်မှာ ရုံတင်ပြသခဲ့တဲ့ သူ့ရဲ့ပထမဆုံးသော ဂျိမ်းစ်ဘွန်းရုပ်ရှင် "Live And Let Die"မှာ ပါဝင်သရုပ်ဆောင်ခဲ့စဉ်ကတည်းက အသက်(၄၅)နှစ်အရွယ်ရှိပြီဖြစ်ကာ ယင်းရုပ်ရှင်ပြီးနောက် ထွက်ရှိခဲ့တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်ခြောက်ကားမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပြီး အနုပညာသက်တမ်းတစ်လျှောက် ဂျိမ်းစ်ဘွန်းရုပ်ရှင် စုစုပေါင်းခုနစ်ကား ရိုက်ကူးခဲ့တာလည်း ဖြစ်ပါတယ်။ ရော်ဂျာမိုးအနေနဲ့ ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်ခဲ့တဲ့ ရုပ်ရှင်တွေကတော့ "Man With the Golden Gun (1974)"၊ "The Spy Who Loved Me (1977)"၊ "Moonraker (1979)"၊ "For Your Eyes Only (1981)"၊ "Octopussy (1983)"နဲ့ "A View to a Kill (1985)" တို့ဖြစ်ကြပြီး မင်းသားကြီးဟာ အသက်(၅၇)နှစ်အရွယ်မှာ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှ အနားယူခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

မင်းသားကြီးဟာ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမပြုမီ ရုပ်သံဇာတ်လမ်းတွဲတွေဖြစ်တဲ့ "The Saint"မှာ စကားပြောကောင်းတဲ့ စွန့်စားသွားလာသူ ဆိုင်မွန်တန်ပလာအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး နာမည်ကျော်တစ်ဦးဖြစ်လာခဲ့ပါတယ်။ ဒ့ါအပြင် ၁၉၇၀ ပြည့်နှစ်တွေအတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ ရာဇဝတ်ရုပ်ရှင်အမျိုးအစား ဇာတ်လမ်းတွဲ "The Persuaders"မှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

ဒီလိုအနုပညာလောကမှာသာ စွမ်းဆောင်နိုင်ခဲ့ခြင်းမဟုတ်ဘဲ



**"Live And Let Die" ရုပ်ရှင်မှ ရော်ဂျာမိုးကို ဇာတ်ဆောင်မင်းသမီးနှင့် တွေ့ရစဉ်။**

ရော်ဂျာမိုးဟာ လူမှုရေးလုပ်ငန်းတွေကိုလည်း တစ်တပ်တစ်အားပါဝင်လုပ်ဆောင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ မင်းသားကြီးဟာ အိန္ဒိယနိုင်ငံကို သွားရောက်ခဲ့ပြီးနောက် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ယူနီဆက်(ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့)ရဲ့ သံတမန်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ယူနီဆက်မှာ ရော်ဂျာမိုးရဲ့ ကောင်းမွန်တဲ့လုပ်ဆောင်မှုတွေကြောင့် မင်းသားကြီးဟာ ၂၀၀၃ ခုနှစ်အတွင်း ဗြိတိန်ဘုရင်မကြီးရဲ့ သူကောင်းပြုခြင်းခံခဲ့ရကာ ဆာဘွဲ့ကိုလက်ခံရရှိခဲ့ပြီး ဆာရော်ဂျာမိုးဘဝကို စတင်ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုလူမှုရေးလုပ်ငန်းတွေကို လုပ်ဆောင်ရင်း ဆာဘွဲ့ရခဲ့ခြင်းအပေါ် ရော်ဂျာမိုးက ယခုလိုယူနီဆက်မှာ လှုပ်ရှားခဲ့တဲ့ ဆောင်ရွက်ချက်တွေကြောင့် ဆာဘွဲ့ချီးမြှင့်ခံခဲ့ရခြင်းဟာ သူ့အနေနဲ့ သရုပ်ဆောင်တစ်ဦးအဖြစ် ဆာဘွဲ့ချီးမြှင့်ခံခဲ့ရခြင်းထက် များစွာအဓိပ္ပာယ်ရှိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ဖူးတယ်လို့ သိရပါတယ်။ ဒ့ါအပြင် ရော်ဂျာမိုးက ယူနီဆက်နဲ့အတူ သူ့ရဲ့လုပ်ဆောင်မှုတွေဟာ ဘဝမှာ အကြီးမားဆုံးသော အောင်မြင်မှုတွေဖြစ်တယ်လို့ ခံယူထားသူဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ မင်းသားကြီးရဲ့ ဈာပနအခမ်းအနားကိုတော့ သူ့ရဲ့ဆန္ဒအတိုင်း သီးသန့်အနေနဲ့ မိသားစုဝင်တွေနဲ့သာ ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း ဆာရော်ဂျာမိုးရဲ့ မိသားစုဝင်တွေက ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

မင်းသားကြီး ရော်ဂျာမိုးဟာ မကွယ်လွန်မီက သူ့ရဲ့လေးယောက်မြောက် ဇနီးသည် ခရစ်စတီးနားသိုစထရပ်နဲ့အတူ နေထိုင်ခဲ့တာဖြစ်ပြီး ကွယ်လွန်ချိန်မှာတော့ ခရစ်စတီးနားနဲ့ရရှိခဲ့တဲ့ ရင်သွေးသုံးဦးကျန်ရှိခဲ့ကြောင်းလည်း သိရပါတယ်။ ■

**အေးပြည့် - စုစည်းသည်**

## အရီရန်နာဂရန်းရဲ့ ဖျော်ဖြေပွဲအပြီး ဖြစ်ပွားခဲ့တဲ့ ပေါက်ကွဲမှုအတွင်း သေဆုံးသူအများစုမှာ ငယ်ရွယ်တဲ့ မိန်းကလေးများဖြစ်


ပြီးခဲ့တဲ့ မေ ၂၂ ရက်ညပိုင်းက အင်္ဂလန်မှာရှိတဲ့ မန်ချက်စတာအရီနာကွင်းအတွင်းဖြစ်ပွားခဲ့တဲ့ ပေါက်ကွဲမှုဟာ အသေခံဗုံးခွဲမှုတစ်ခုဖြစ်ပြီး ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းရဲ့ တေးဂီတဖျော်ဖြေပွဲအပြီးမှာ ဖြစ်ခဲ့တာပါ။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူအများအပြား သေဆုံးခဲ့ရပြီး အများစုကတော့ အရီရန်နာဂရန်းရဲ့ အမာခံပရိသတ်တွေဖြစ်ကြတဲ့ အမျိုးသမီးငယ်လေးတွေဖြစ်ကြကြောင်း အမ်တီဗီဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အဆိုပါပေါက်ကွဲမှုဖြစ်စဉ်ဟာ တေးဂီဖျော်ဖြေပွဲအပြီး လူအများ ပြန်လည်ထွက်ခွာချိန်မှာ ဘောလုံးကွင်းရဲ့ ဝင်ပေါက်နားမှာဖြစ်ပွားခဲ့တာဖြစ်ကြောင်းနဲ့ သေဆုံးသူဦးရေဟာ လတ်တလောမှာ ၂၂ ဦးရှိသွားပြီဖြစ်ကာ သေဆုံးသူတွေထဲမှာ ငယ်ရွယ်တဲ့ ဆယ်ကျော်သက်မိန်းကလေးတွေ အများဆုံးပါဝင်နေကြောင်းလည်း သိရပါတယ်။

အကြမ်းဖက်တိုက်ခိုက်မှုအတွင်း အသက်ဆုံးသွားခဲ့ရသူတွေထဲကတစ်ဦးဖြစ်တဲ့ ဂျော်ဂျီနာကော်လန်ဒါဟာ အသက်(၁၈)နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပါတယ်။ ဂျော်ဂျီနာဟာ ဆေးရုံကို ပို့ဆောင်ခြင်းခံခဲ့ရပြီးတဲ့နောက် မိခင်ဖြစ်သူရဲ့ လက်အတွင်းမှာ အသက်ဆုံးသွားခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ အရီရန်နာဂရန်းရဲ့ ပင်တိုင်ပရိသတ်တစ်ဦးဖြစ်ကာ ပြီးခဲ့တဲ့ နှစ်နှစ်ခန့်က ပေ့ါပ်ကြယ်ပွင့်နဲ့ တွေ့ဆုံခွင့်ရခဲ့သူလည်း ဖြစ်ပါတယ်။ ဂျော်ဂျီနာရဲ့ သူငယ်ချင်းတစ်ဦးကတော့ အရီရန်နာဂရန်းရဲ့ မန်ချက်စတာဖျော်ဖြေပွဲဟာ ဂျော်ဂျီနာရဲ့ နှစ်နဲ့ချီကာ စောင့်ဆိုင်းနေခဲ့ရတဲ့အရာတစ်ခုဖြစ်ပြီး တေးဂီတဖျော်ဖြေပွဲကို သွားရောက်အားပေးဖို့အတွက် နှုတ်ဆက်ထွက်ခွာသွားတဲ့ ပုံရိပ်တွေကို မျက်လုံးထဲမှာ စွဲကျန်နေရစ်ခဲ့ကြောင်းနဲ့ ဂျော်ဂျီနာရဲ့ ကွယ်လွန်မှုဟာ သူ့အတွက်တော့ မယုံနိုင်စရာဖြစ်နေကြောင်း လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့ကြောင်းလည်း သိရပါတယ်။

အခြားသော သေဆုံးခဲ့ရတဲ့ သူတစ်ဦးကတော့ အသက်ရှစ်နှစ်အရွယ်သာရှိသေးတဲ့သမီးငယ်လေး ဆက်ဖီရို့စ်ရောက်ဇက်စ်ပဲ ဖြစ်ပါတယ်။ ရို့စ်ကတော့ ဖျော်ဖြေပွဲကို မိခင်နဲ့ အစ်မဖြစ်သူတို့နဲ့အတူ လာရောက်ကြည့်ရှုခဲ့တာဖြစ်ပါတယ်။ ရို့စ်ရဲ့ မူလတန်းဆရာမရဲ့ ပြောကြားချက်အရ သူဟာ အလွန်ကိုချစ်စရာကောင်းပြီး လှပတဲ့ မိန်းကလေးတစ်ဦးဖြစ်ကြောင်းနဲ့ ကြင်နာနွေးထွေးတတ်တဲ့ နှလုံးသားကို ပိုင်ဆိုင်ထားသူလည်းဖြစ်တဲ့အတွက် သူငယ်ချင်းအားလုံးက ရို့စ်ကို ချစ်မြတ်နိုးကြပြီး သူ့ရဲ့ကြင်နာမှုတွေကိုလည်း လွမ်းစွာနှစ်သက်ကြကြောင်းလည်း သိရပါတယ်။

ဂျော်ဂျီနာကော်လန်ဒါနဲ့ ဆက်ဖီရို့စ်ရောက်ဇက်စ်တို့အပြင် မန်ချက်စတာပေါက်ကွဲမှု ဖြစ်စဉ်အတွင်း သေဆုံးခဲ့ရသူတွေထဲမှာ နောက်ထပ် အမျိုးသမီးငယ်လေးတွေလည်း ပါဝင်နေသေးတာဖြစ်ပါတယ်။ ဒီလိုအသေခံဗုံးခွဲမှုကို အရီရန်နာဂရန်းက ရှုတ်ချခဲ့ပြီး ကွယ်လွန်သွားခဲ့ကြတဲ့ ပရိသတ်တွေအတွက် ဆုတောင်းစကားဆိုခဲ့ကာ မိသားစုဝင်တွေနဲ့အတူ ထပ်တူဝမ်းနည်းရပါကြောင်းလည်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက်မှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး အခြားသောတေးဂီတကြယ်ပွင့်တွေကလည်း သူတို့ရဲ့ခံစားချက်တွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်ကတစ်ဆင့် ရေးသားဖော်ပြခဲ့ကြပြီး



ဒီလိုဝမ်းနည်းကြောင်း ဖော်ပြခဲ့ကြတဲ့ ပေ့ါပ်ကြယ်ပွင့်တွေထဲမှာ ဗြိတိန်အဆိုတော်ဟယ်ရီစတိုင်နဲ့ အမေရိကန်ပေ့ါပ်တေးသံရှင် တေလာဆွစ်တို့လည်း ပါဝင်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

မန်ချက်စတာပေါက်ကွဲမှုဖြစ်စဉ်ပြီးနောက် နောက်နေ့မှာ အရီရန်နာဂရန်းဟာ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဖလော်ရီဒါလေဆိပ်ကို ရောက်ရှိလာတဲ့အရီရန်နာဂရန်းရဲ့ မျက်နှာပေါ်မှာ ဝမ်းနည်းမှုတွေကို အတိုင်းသား တွေ့မြင်နေရကြောင်းလည်း ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ မိခင်ဖြစ်သူနဲ့အတူ ပြန်လည်ရောက်ရှိလာတဲ့ အရီရန်နာဂရန်းကိုတော့ ချစ်သူဖြစ်တဲ့ တေးသံရှင် မစ်ခ်မေလာက လေဆိပ်မှာ လာရောက်ကြိုဆိုခဲ့တာကို တွေ့ရကြောင်းလည်း သိရပါတယ်။

# 1 ကျပ် ရင်းလျှင် 3 ကျပ် ရနိုင်မည့်အခွင့်အရေး

LaVilla
NGWE SAUNG

PHASE-II

## WEEKEND HOME @ ငွေဆောင်

| | | |
|---|---|---|
| ငွေပိုသူများ ရင်းနှီးမြှုပ်နှံရန် | လုပ်ငန်းရှင်များ အနားယူရန် | ချစ်သူများ အပန်းဖြေရန် |

SEA VIEW လုံးချင်းအိမ်ရာမြေ

( ၃၀၀ ) သိန်းခန့် ပေးရုံဖြင့်

APRIL - 2018 နေထိုင်ခွင့်ရမည်။

27,28- May- 2017
9:00 am to 9:00pm
Meliá Yangon Hotel
iGREEN မှရောင်းမည်။



Healthcare Call Center
သိလိုသမျှ ကျန်းမာရေး 7887 ဖုန်းဆက်မေး
၂၄ နာရီ ဝန်ဆောင်မှု



အထွေထွေရောဂါဝေဒနာများ၊ အထူးကုဆရာဝန်ကြီးများနှင့်ဆေးရုံဆေးခန်းလမ်းညွှန်၊ မျိုးဆက်ပွားကျန်းမာရေး၊ အလှအပနှင့်နေထိုင်မှုပုံစံများ၊ ရင်တွင်းခံစားချက်များစသည့် ကျန်းမာရေးအသိပညာဗဟုသုတများနှင့်ပတ်သက်၍ MPT မိုဘိုင်းလ်ဖုန်းဖြင့် Hotline နံပါတ် 7887 သို့ ခေါ်ဆိုပြီး ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါပြီ။
www.healthcare.com.mm

ခင်စန်းဝင်း
သတို့သမီးမိတ်ကပ်နှင့် မင်္ဂလာဝတ်စုံ
- အခြေခံ မိတ်ကပ် လိမ်းခြယ်ခြင်း
- သတို့သမီးမိတ်ကပ်၊ ဆံပင်၊ ထိုင်မသိမ်း
- သတို့သမီးမိတ်ကပ်၊ ဆံပင်၊ အနောက်တိုင်း
-Model မိတ်ကပ်၊ Fancy မိတ်ကပ်
- ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်
ဇွန်လ (၁၁) ရက်နေ့ စတင်ဖွင့်လှစ်မည်။
(၃)လသင်တန်း၊တတ်သည်အထိတာဝန်ယူသင်ကြားပေးမည်။
အမှတ်(၂၅၇)၊၃၅လမ်း(အထက်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
Ph: 01383789, 01251166.

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
think of House, think of Home
ပါကေး အစားထိုး ကြမ်းခင်း မိုးရာသီ Promotion
ကြမ်းခင်း ၃ ကျင်း ဝယ်ရှင်
Shelf ၁ ပုံး လက်ဆောင်
★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး မှ အမြင့်ဆုံး အထိရှိပါသည်
★ လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
GRADE A,B,C,D
စစ်မှန်မှု ကို စက်ဖြင့် အခမဲ့ လက်တွေ့ စစ်ဆေးပေးသည်။
ဝိတ်ရက်မရှိ
➤ အမှတ် F.(2~8) ပ-ထပ်၊အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်။
➤ အမှတ်(11)၊မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
HOTLINE: 09-79 700 70 70
09-79 700 70 80
(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (ပုဂံ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

Winner Super Diamond Pile Co., Ltd.
W.S.D Group
ISO 9001:2015 Cert. No. 734649



W.S.D Pile
YCDC Licence No.PL-12, MCDC Licence No.PI-006
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com
Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd

## အထူးကျေးဇူးတင်ရှိခြင်း
## ဗိုလ်ကြီး မောင်မောင်ကျော်(ငြိမ်း)
### အသက် (၈၇) နှစ်

၁၃-၅-၂၀၁၇ ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်ကြီးမောင်မောင်ကျော်(ငြိမ်း) အသက် (၈၇)နှစ် နာမကျန်းဖြစ်သည့်အချိန်မှစ၍ ကုသကူညီစောင့်ရှောက်ပေးခဲ့ကြသော ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ Dr. ဒေါ်ဥမ္မာစောနှင့် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) မင်္ဂလာဒုံမှ ဆေးဖက်ဆိုင်ရာ အရာရှိ/စစ်သည်များအားလည်းကောင်း၊ နာမကျန်းဖြစ်ချိန်မှ ကွယ်လွန်ပြီး ရက်လည်ဆွမ်းကျွေးပြီးသည်အထိ အစစအရာရာချစ်ခင်နွေးထွေးစွာဖြင့် ကူညီစောင့်ရှောက်ပေးကြသော စစ်တက္ကသိုလ် အမှတ်စဉ် ၂၄/၂၅/၂၆ အောင်ဆန်း ၁၂ သင်တန်းအရာရှိမိသားစုများ၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ အင်းစိန် အထက(၂) ကျောင်းသားဟောင်းများအားလည်းကောင်း၊ စဉ့်ငူ ရပ်ကွက် လူမှုရေးဖွဲ့များ၊ လှူဖွယ်ဝတ္ထုပစ္စည်းအစုစုကို ပေးပို့လှူဒါန်းပေးကြသော ပုဂ္ဂိုလ်များ၊ လူကိုယ်တိုင် ဖုန်း၊ Messenger၊ FB များမှ သတင်းမေးအားပေးကြသည့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေသူငယ်ချင်းများ၊ အားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးမြင့်ဆွေဝင်း
### အသက် (၈၄)နှစ်
**ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)**
**သစ်တောဦးစီးဌာန**

၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၀၀း၂၅နာရီတွင် ကွယ်လွန်သွားခဲ့သော ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၅၈)၊ တော်ဝင်လမ်း၊ (၃)ရပ်ကွက်နေ ဒေါ်အေးအေးသန်း၏ ခင်ပွန်း ဦးမြင့်ဆွေဝင်းအား နာမကျန်းစဉ်ကာလအတွင်း အထူးဂရုစိုက် ပြုစုကုသပေးပါသော သမားတော်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများ၊ လူကိုယ်တိုင်လာရောက် မေးမြန်းကူညီစောင့်ရှောက်ပေးပါသော ဆွေမျိုးမိတ်ဆွေတို့အားလည်းကောင်း၊ နာရေးကိစ္စဆောင်ရွက်နေစဉ် အဆင်ပြေချောမွေ့ရန် ကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်ဆွေတို့အားလည်းကောင်း၊ နာရေးကိစ္စတွင် ပါဝင်လှူဒါန်းကြသူများ၊ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေများအားလည်းကောင်း၊ နာရေးကိစ္စတွင် လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဝမ်းနည်းကြောင်းကို သတင်းစာ၊ တယ်လီဖုန်း၊ Facebook, Viber တို့ဖြင့် နှစ်သိမ့်အားပေးခဲ့ကြပါသော ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးတင်ရှိခြင်း

ကိုအောင်ကျော်မြင့် နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဦးလေး ဒေါက်တာမောင်မောင်ထွေးနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အထက(၂) လမ်းမတော်မှ ဆရာမများနှင့် သူငယ်ချင်းများ၊ ၁၉၉၃-၁၉၉၆ သချာ်မေဂျာမှ ဆရာ/ဆရာမများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၄)လမ်းအနောက်၊ အမှတ် (၈၅၈/ဘီ) မြေညီထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးကျော်ဇောလင်း(ခ)ဦးအေးထွန်း[၁၂/မဂတ(နိုင်)၀၉၄၁၁၁] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ဘော်(လိုင်စင်-၄၀၁၅)**
**LL.B,D.B.L,D.M.L,D.I.L,D.L.P,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294866, HP:09-5017044**

## သက်ဆိုင်သူများနှင့် အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၅၂၅၊ (၃-လွှာ)နေ ဦးခင်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မွန်ပြည်နယ်- မုဒုံမြို့နယ်၊ ကျောက်တလုံးကျေးရွာအုပ်စု၊ ကမာပတဲအရှေ့ကွင်းအမှတ်(၈၂၅)၊ ဦးပိုင်အမှတ်(၄၂)၊ မြေဧရိယာ (၁၁. ၂၂) ဧကရှိသော လယ်ယာမြေကို-

မြို့နယ်မြေစာရင်းဦးစီးဌာနတွင် - ညီအစ်ကို (၄)ယောက်ဖြစ်သော-

(၁) ဦးရာဂျာနူး (ခ) ဦးလှထွန်း၊ (၂) ဦးအောင်ဖေ၊ (၃) ဦးတင်ထွေးနှင့် (၄) ဦးခင်မောင်(ခ) စေးကလား (ကြေညာသူ) အပါအဝင် (၄)ဦးတို့သည် [လယ်ယာမြေဥပဒေ- ပုံစံ(၇) လယ်ယာလုပ်ပိုင်ခွင့်မှတ်ပုံတင်]ဖြင့် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။

ထို့ကြောင့် ဦးခင်မောင် သဘောတူသိရှိခြင်းမရှိဘဲ ရောင်းချ၊ လွှဲပြောင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း အပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်းတို့ကို မပြုလုပ်ရန်နှင့် လယ်မြေပေါ်မှ ရရှိလာသော အကျိုးအမြတ်များကို ဦးခင်မောင် ရထိုက်ခွင့်ရှိသည်များကို ခွဲဝေပေးရန် သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

အကယ်၍ မလိုက်နာပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

**၁။ ဦးဝင်းဆွေဦး (စဉ်-၃၈၄၁)**
**၂။ ဒေါ်အေးအေးချို (စဉ်-၇၈၂၈)** **ဒေါ်သဲစုမွန်**
**(တရားလွှတ်တော်ရှေ့နေများ)** **အထက်တန်းရှေ့နေ (စဉ်-၄၀၄၄)**
**အမှတ်- (၁၂၆) (ပထမထပ်)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၃၀၈၅၇၆၂**

## ဒေါ်ကြည်ကြည်တင့် (၆၉)နှစ်
**စက်မှု(၂) ငြိမ်း**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(အနောက်)ရပ်ကွက်၊ အမှတ်(၈၆)၊ ကန္နားလမ်းနေ (ဦးညွန့်မောင်-ဒေါ်မမလေး)တို့၏ဒုတိယသမီး၊ ဒေါ်မြင့်မြင့်ဆွေ (စက်မှု-၁၊ ငြိမ်း)၊ Dr. ဖြူဖြူဝင်း၊ ဒေါ်လီလီဝင်း(First Top Co.,)၊ ဒေါ်ချိုချိုနွယ် (ကထိက/ဌာနမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်) တို့၏ ညီမ/အစ်မသည် ၂၂-၅-၂၀၁၇ ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၇ ရက် နံနက် ၉နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေကွက်အမှတ် (၁၁၉/၅၀၅)ဟု ခေါ်တွင်သည့် ဧရိယာ ပေ(၄၀×၆၀)ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အားလုံး လက်ရှိပိုင်ရှင်အဖြစ်ဝယ်ယူထားသူ ဦးအောင်ကျန်စိန်[၁၂/လသန(နိုင်)၀၀၅၉၄၉] ထံမှ ဒေါ်သန္တာလင်း[၁၃/သနန(နိုင်)၀၀၀၇၂၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာလင်း**
**[၁၃/သနန(နိုင်)၀၀၀၇၂၃]**
**ဖုန်း-၀၉-၇၉၅၉၆၃၄၁၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးရွှေကြူးလမ်း၊ အမှတ်(၉၄၆)နေ ကိုနေစိုးကျော်[၁၂/ဒဂရ(နိုင်)၀၀၄၀၆၃] ကိုင်ဆောင်သူသည် မိဘ၏ပြောဆိုဆုံးမမှုကို နားမထောင်ဘဲ အမျိုးမျိုး ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(ဘ)ဦးကျော်ဝင်း [၁၂/ကမရ(နိုင်)၀၂၄၈၄၉]**
**(မိ)ဒေါ်ခင်မြ [၁၂/ကမရ(နိုင်)၀၄၂၈၀၉]**

# မူးယစ်ကို
# ပစ်
# ပန်းတိုင်
# သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

## ဘွားဘွားကြီး ဒေါ်ပွေး(ပေါက်ခေါင်းမြို့)
### အသက် (၁၀၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ အမှတ်(၂၄၄/၂၅၄)၊ မင်္ဂလာတာဝါနေ (ဦးကျော်အေး)-ဒေါ်ခင်ဝင်း၊ ဦးမြင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ အဖွဲ့ဝင်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်)-ဒေါ်ခင်အုန်းမြင့်(မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)တို့၏ မိခင်ကြီး၊ ဒေါ်ချိုမာအေး(လက်ထောက်မန်နေဂျာ၊ ဘဏ်ခွဲ-၁)၊ ဦးရန်မျိုးအောင်-ဒေါ်အေးအေးထွေး၊ ဦးသန်းထွဋ်စံ-ဒေါ်လွင်မာအေး၊ ဒေါ်ဇင်မာအေး၊ ဦးပြည့်စုံဟိန်းဆွေ-ဒေါ်မီမီမောင်၊ Dr.အောင်ကိုမင်း-Dr.ခင်ကောင်းမွန်ဆွေတို့၏အဘွား၊ မြစ်ခုနစ်ယောက်၊ တီတစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၅-၂၀၁၇(အင်္ဂါနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## မိုဟာမက်ဟူစိန်(ခ)ဦးခင်မောင်သန်း(ခ)ဘိုင်လေးဘိုင်
### အသက်(၆၄)နှစ်
**(ယူနိုက်တက်ပုံနှိပ်တိုက်)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ်(၂၂၆)နေ (ဟာဂျီ A. ရဟင်း-အတ်စမာခါတွန်)တို၏သား၊ (ဟာဂျီ ဦးခင်မြင့်)၊ (ဒေါ်ခင်သန်း)၊ (ဒေါ်ခင်ရီ)၊ ဒေါ်ခင်မြင့်ရီ၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်နွဲ့၊ ဒေါ်ခင်လှလှ၊ ဒေါ်ခင်ထွေးရီတို့၏ ညီ/မောင်၊ ရှရီဖာဘီ(ခ) ဒေါ်တင်ရီ၏ခင်ပွန်း၊ (ရဲထွန်းမင်း)၊ ရဲထွန်းလင်း၊ ပန်းအိဖြူတို၏ဖခင်သည် ၂၀-၅-၂၀၁၇ရက် ညနေ ၆း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၁-၅-၂၀၁၇ရက် ဇိုဟိုရ်နမားဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါသဖြင့် မဂ်ဖေရသ်အတွက် ဒိုအာပြုပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးထွန်းလှိုင် အသက် (၈၀)
**(ဒုံးပျံအိုင်အိုဒင်းဆား)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ်(၁၃၂/B)၊ (၇)လွှာနေ ဒေါက်တာဇော်နိုင် အမှုဆောင်ဒါရိုက်တာ မြန်မာရောဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ဖခင် ဦးထွန်းလှိုင်သည် ၂၀-၅-၂၀၁၇ ရက် (စနေနေ့) ညနေ ၃း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့**
**မြန်မာရောဝတီဖွံ့ဖြိုးတိုးတက်ရေး**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြသောင်း အသက်(၇၀)
**အောင်ဆန်း(၇)**

အောင်ဆန်း(၇) တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးမြသောင်းသည် ၁၈-၅-၂၀၁၇ ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

## အထူးကျေးဇူးတင်လွှာ

၁၆-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော ဦးထွန်းအေး အသက်(၆၆)နှစ် အကြီးတန်းလေယာဉ်မောင်(ငြိမ်း)၊ မြန်မာ့လေကြောင်း၊ AGM (Catering Dept) AIR KBZ Ltd ၏ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီပေးကြပါသော AIR KBZ Ltd ဥက္ကဋ္ဌကြီးမိသားစု၊ ဌာနဆိုင်ရာအကြီးအကဲများ နှင့်ဝန်ထမ်းများ၊ MAI Co., Ltd ရုံးအဖွဲ့အစည်းများ၊ ပင်လုံအထူးကုဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူစဉ်ကူညီ စောင့်ရှောက်ဆေးဝါးကုသပေး ကြပါသော ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများ၊ ညီအစ်ကို၊ မောင်နှမများ အဘက်ဘက်မှ မေတ္တာဖြင့်နှစ်သိမ့်ကူညီအားပေးကြသူများ၊ နောက်ဆုံး ခရီးတွင် ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

**ကျေးဇူးအထူးတင်ရှိခြင်း**
## ဦးတင်မျိုးအောင်
### အသက်(၅၉)နှစ်
**အဖွဲ့ဝင်၏ကိုယ်ရေးအရာရှိ(ငြိမ်း)**
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**
**တပ်မတော်(ရေ)-ငြိမ်း**

၁၁-၅-၂၀၁၇ ရက်နေ့တွင် ဟောင်ကောင်မြို့၌ ကွယ်လွန်သွားပါသော ဦးတင်မျိုးအောင်၏ ဈာပနာကိစ္စအဝဝအတွက် အဘက်ဘက်မှ မေတ္တာဖြင့်ကူညီဆောင်ရွက်ပေးကြသော ဟောင်ကောင်မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ၊ အရာထမ်း၊ အမှုထမ်းနှင့် ဒေသခံဝန်ထမ်းများ၊ ရန်ကုန်မြို့မှ အဘဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး-ဇနီးဒေါ်အေးအေးမြင့်နှင့်မိသားစု၊ နေပြည်တော်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့်ဝန်ထမ်းများ၊ ဟောင်ကောင်မြို့ရှိဆရာဝန်ကြီးများနှင့် မိတ်ဆွေသူငယ်ချင်းများ၊ လူကိုယ်တိုင်သော်လည်းကောင်း တယ်လီဖုန်း၊ အီးမေးလ်ဖြင့်သော်လည်းကောင်း ဆက်သွယ်၍ ဝမ်းနည်းနှစ်သိမ့် အားပေးစကားပြောကြားကြပါသော ရပ်နီးရပ်ဝေး ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်းဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တကောဝိဒါဘိဝံသ
**စေတိယင်္ဂဏ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ**
**ပဋ္ဌနိကာယဋ္ဌာဝ-ပိဋကတ္တယပါရဂူ**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**
## သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ သာသနာ့လင်းရောင်ကြည်စာသင်တိုက်နှင့် ခင်ဦးမြို့နယ်၊ မူးသာရွာ၊ ဥတ္တရာရုံကျောင်း၊ ကုန်းကျောင်းရေထွက်စေတီကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ မထေရ်မြတ်ကြီးသည် (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်) ၂၀-၅-၂၀၁၇ (စနေနေ့) နံနက် ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်) ၂၆-၅-၂၀၁၇(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျောင်းတိုက်မှ ပင့်ဆောင်၍ "ဆင်ဖြူကွင်းသုသာန်"အနီး၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေတော်မျိုးတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရီ(ဖြူးမြို့) (၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ မြို့မအရှေ့ရပ်ကွက်၊ (၅)လမ်းနေ (ဦးဘဝင်း-ဒေါ်ခင်)တို့၏သမီး၊ (ဦးစံဘ)၏ဇနီး၊ (ဦးတင်အေး-ဒေါ်ကြည်)တို့၏ ညီမ၊ ဦးဝင်းထိန် (ဝင်းထိန် ဓာတ်ပုံ ဗွီဒီယိုရိုက်ကူးရေး)-ဒေါ်မြသက်၊ ဦးတင်ဌေး-ဒေါ်စန်းစန်းဝင်း (ဒုတိယအထွေထွေမန်နေဂျာ၊ အင်/ယာ Y.ESC)၊ ဦးမျိုးအောင်-ဒေါ်မြသွေးထွန်း(ခေတ္တ-ဂျပန်)၊ ဦးမင်းသိန်း-(ဒေါ်ချိုစီဝင်း)၊ ဒေါ်ညွန့်ညွန့်တို့၏ ကျေးဇူးရှင်မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၃-၅-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အမှတ်(၈၁/၈၅)၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၁၇ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရားဒါယိကာမကြီး**
## ဒေါ်ညွန့်လင်း (၈၆)နှစ်
**ကျန်ဟင်းကုန်စုံဆိုင်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၁၈-B)နေ (ဦးကျော်ရှင်ဆိုင်-ဒေါ်စောပုရင်)တို့၏သမီး၊ ဦးမင်းစံ-(ဒေါ်စန်းရင်)တို့၏ချစ်လှစွာသောညီမ၊ ဦးအောင်ဇော်-ဒေါ်သဇင်၊ ဦးသိန်းလွင်-ဒေါ်ညွန့်ချိုတို့၏အစ်မ၊ ဦးဇော်ဦး (Summit Plastic)-ဒေါ်ချိုချိုဦး၊ ဒေါ်မိမိကြူတို့၏ ချစ်လှစွာသော မွေးစားမိခင်၊ ဦးယွင်သ-ဒေါ်ခင်အေးဝင်း၊ ဦးတင်ထွန်းဦး (Tin Tun Oo & Brothers Trading)-ဒေါ်ဌေးဌေးကြူ ဒေါ်အေးအေးမြင့်၊ ဦးလှမျိုးအောင်-ဒေါ်အေးအေးဝင်း၊ ဦးကျင်ဦး-ဒေါ်ချောစုလွင်(Popular Plastic)၊ ဦးသန်းဦး-ဒေါ်မိုးနှင်းဖြူ၊ ဦးညီညီဆန်း-ဒေါ်ဇင်မေလတ်၊ ဦးသိန်းမော်ဦး-ဒေါ်ခင်စုလှိုင်၊ ဦးလှမင်းသိန်း-ဒေါ်ခင်ဖြူ နှင်းသက်၊ Dr. တင်ဇာလွင်၊ မအိဖြူလွင်တို့၏အဒေါ်၊ မြေး ၁၄ယောက်တို့၏အဘွား ဒေါ်ညွန့်လင်းသည် ၂၂-၅-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၇(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူးကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ(ခ)ဒေါ်တင်လေးဝေ
### အသက်(၈၅)နှစ်

ဦးဝင်းဌေး-ဒေါ်မိမိချိုတို့၏ မိခင်ကြီး၊ ဒေါ်တင်ရွှေ(ခ)ဒေါ်တင်လေးဝေ(အေဝမ်းဖလင်ကုမ္ပဏီလီမိတက်)သည် ၂၁-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ခု စီးပွားရေးတက္ကသိုလ်၊ စာရင်းအင်းဘွဲ့ရ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်ကြီး အောင်ဆန်းမြင့်(ငြိမ်း) (DSA-10) (၇၁)နှစ်

မင်းလှမြို့မှ ဆရာကြီး ဦးဘိုကြီး-ဆရာမကြီး ဒေါ်ခေင်တို့၏ အငယ်ဆုံးသားထွေး၊ ဦးဝင်းသူရအောင်-ဒေါ်ညိုညိုဝင်းတို့၏ဖခင်ကြီး၊ မောင်ဉာဏ်ဇော်ထက်-မဟေမာဝင်းထက်၊ မဖူးသဥ္ဇာထက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး အသက် (၇၁)နှစ်သည် ၈-၅-၂၀၁၇ (တနင်္လာနေ့)တွင် ကွယ်လွန်သွားခဲ့ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ စမ်းသီတာအောင်(ခ) ဒေါက်တာထူးထူး တစ်ဦးတည်းသော**
**အငယ်ဆုံးညီမလေး**
**မင်းလှ(ရာသက်ပန်)အသင်းဝင်**
**ကမာရွတ်မြို့နယ်**
**အောင်မြေသာစည်အိမ်ရာ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမောင် (B.Com A.A)
### အသက်(၆၃)နှစ်
**စစ်တွေမြို့**

တာမွေမြို့နယ်၊ ဩဘာလမ်းနေ ဒေါ်ဘူဘူစိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှမောင် (Eco-၇၅) Batch သည် ၂၀-၅-၂၀၁၇ (စနေနေ့) မွန်းလွဲတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ချစ်သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**Eco (1971-75) သူငယ်ချင်းအားလုံး**

## ဝမ်းနည်းကြေကွဲခြင်း
## ရဲမှူး ခင်မောင်မြင့်(ငြိမ်း)
**ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၆/၀၄)**
### အသက်(၆၁)နှစ်

သူငယ်ချင်းတစ်ယောက် ၂၁-၅-၂၀၁၇ ရက်နေ့ ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်းတစ်ယောက်ကောင်းရာသုဂတိလားပါစေ။

**SIS(16 th) မှ သူငယ်ချင်းများ**
**သာရေး/နာရေးအဖွဲ့ (ရန်ကုန်/မန္တလေး)**






# ငြိမ်းချမ်းရေးဘောလုံးပြိုင်ပွဲ နေပြည်တော်၌ ကျင်းပ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ငြိမ်းချမ်းရေးဘောလုံးပြိုင်ပွဲ အားပေးကြည့်ရှုစဉ်။

**နေပြည်တော်　　မေ　　၂၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကို ကြိုဆိုထောက်ခံခြင်းအထိမ်းအမှတ် ငြိမ်းချမ်းရေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်အားပေးကြည့်ရှုသည်။

ပြိုင်ပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဘောလုံးအားကစားကို ချစ်မြတ်နိုးကြသည့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

## ငြိမ်းချမ်းရေး ဆောင်ရွက်ရာမှာ အရေးကြီးဆုံးအချက်က အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား အပြန်အလှန်ယုံကြည်မှုဖြစ်

စာမျက်နှာ - ၁၀

## (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး တက်ရောက်သူအချို့၏ စကားသံများ

စာမျက်နှာ - ၁၁

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကြိုဆိုသောအားဖြင့် အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၂၅၉ ဦး လွတ်ငြိမ်းချမ်းသာခွင့်ပြု



အင်းစိန်(ဗဟို)အကျဉ်းထောင်မှ လွတ်မြောက်လာသည့် ဦးလှဖုန်းအား လာရောက်ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

**ရန်ကုန်　　မေ　　၂၄**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကြိုဆိုသောအားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံနေရသူများအနက် နိုင်ငံခြားသား ၇၃ ဦးနှင့် နိုင်ငံသား ၁၈၆ ဦး စုစုပေါင်း ၂၅၉ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့သည်။

ယနေ့ နံနက်ပိုင်းက အင်းစိန်(ဗဟို) အကျဉ်းထောင်မှ လွှတ်ပေးရာတွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ-၆၆ (ဃ)၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု အပါအဝင် ပုဒ်မလေးခုဖြင့် တရားစွဲခဲ့ပြီး ပြစ်ဒဏ် နှစ်နှစ်ချမှတ်ခံရသည့် ဦးလှဖုန်းနှင့် လဝက ဥပဒေ ၁၃(၁) ဖြင့် ပြစ်ဒဏ်နှစ်နှစ်ကျခံရသူ တရုတ်နိုင်ငံသား တစ်ဦးတို့ပါဝင်ကာ အဆိုပါ နိုင်ငံခြားသားကို ပြည်နှင်ဒဏ်ပေးရန်အတွက် သက်ဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖**

